ကြေးမုံ
The Mirror Daily
ဗွေချော်ခန့်မှန်း လမ်းမှန် ရောက်ကြောင်းသတင်းစဉ်ပြော Established in 1957
၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ စနေနေ့။ Saturday 7 December 2019 ၉၈၅၆

**အမြဲတည်ခြင်းသည် မရှိချေ**

**အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)**

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗီယက်နမ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာလုသို့ဗွန်းအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပညာရေး၊ ကုန်သွယ်ရေး၊ အကောက်ခွန်နှင့် ယဉ်ကျေးမှုကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှု၊ မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့မှု၊ အာဆီယံဒေသတွင်းနှင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာလုသို့ဗွန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ကြေးမုံ ယနေ့ဖတ်စရာ**

**ကျောင်းသားဦးရေ ၂၀ ရှိရုံဖြင့် ဆရာ ဆရာမတစ်ဦးခန့်နိုင်ရန် မူဝါဒပြောင်းလဲသတ်မှတ်ဆောင်ရွက်ပြီးဖြစ်**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၆

**အုန်းတောပင်မဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ ဓာတ်အားလိုင်း (၅)လိုင်းဖြင့် စုစုပေါင်း ၄၄ မဂ္ဂါဝပ်ခန့် မူလ ၆၀ အမ်ဗွီအေနှင့် ထပ်တိုး ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာတို့ဖြင့် လျှပ်စစ်ဓာတ်အားနိုင်နင်းစွာ ဖြန့်ဖြူးပို့လွှတ်ပေးထားပြီးဖြစ်**

အမျိုးသားလွှတ်တော် စာမျက်နှာ » ၇

**အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ရှေ့မှောက်၌ မြန်မာ့အကျိုးစီးပွားကို ခုခံကာကွယ်ခြင်း**

စာမျက်နှာ » ၁၄

## အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်ကစားမှု တိုက်ရိုက်ထုတ်လွှင့်မည်


**နေပြည်တော် ဒီဇင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အကြိမ်(၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၂ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .
ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။




ကြေးမုံ

# ဥတုသပ္ပာယ မျှတသည့်တိုင်းပြည်

အမွှမ်းတင်ညွှန်းဆိုသည်ဟု ဆိုချင်ဆို၊ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူ ဥတုသပ္ပာယ မျှတသည့် နေရ ထိုင်ရ သင့်လျော်လျောက်ပတ်သောနိုင်ငံဖြစ်ပါသည်။ တစ်နှစ်တာကာလ ဆယ့်နှစ်လရာသီတွင် ဆောင်း၊ နွေ၊ မိုးဟူသော ဥတုသုံးပါး အချိုးညီမျှတစွာ ဖြစ်တည်နေပါသည်။

တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ ဤလေးလကို ဟေမန္တဆောင်းဥတုကာလဟု ခေါ်ဆိုပါသည်။ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန် ဤလေးလကို ဂိမှာန် နွေဥတုဟု ခေါ်ဆိုကြပါသည်။ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် ဤလေးလကိုဝဿာန မိုးဥတုကာလဟုသတ်မှတ်ကြပါသည်။ ဤရာသီအစဉ်လေးလသုံးလီတွင် ယခု တန်ဆောင်မုန်းမှ နတ်တော်လ ကူးပြောင်းစအချိန်အခါ၌ အေးမြသည့်ဆောင်းဥတု၏ ခံစားမှုအရသာကို မြန်မာပြည်တစ်ဝန်းမှ ပြည်သူပြည်သားများ စတင်ခံစားကြရပြီ ဖြစ်ပါသည်။

မြန်မာပြည်ဥတုရာသီသည် ယခင်က ဤသို့သုံးလီ မှန်မှန်ညီသည်ဖြစ်သော်လည်း ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှု၏ ဥတုမမှန်သည့်ဒဏ်ရာဒဏ်ချက်ကြောင့် ဆောင်း မပီ၊ မိုးမမှန်၊ နွေမကသည့် လွန်ကဲအစွန်းထွက်သော အပြောင်းအလဲမြန်သည့် ဖောက်ပြန်ရာသီဥတုဒဏ်ကို ခံခဲ့ရပါသည်။ ယခုတန်ဆောင်မုန်းမှ နတ်တော် ကူးပြောင်းစကာလ၌ ဆောင်းပီသည့် အေးမြမြရာသီအရသာကို ခံစားရသည်မှာ မြန်မာပြည်အဖို့ ဥတုရာသီမှန်ကန်လာပြီလားဟုပင် ထင်မိပါသည်။

မြန်မာပြည်သည် ဆိုခဲ့သည့်အတိုင်း ရာသီသုံးလီမှန်ကန်ခြင်းကြောင့် မွေ့လျော်ဖွယ်အဆင်းနှင့် ကြည်နူးဖွယ်ခံစားမှုများအား ရှေးရှေးစာဆိုအကျော်တို့၏ ရေးဖွဲ့သီကုံးမှုများကို ထောက်ရှုခြင်းအားဖြင့် အမှန်တကယ်ပင် မြန်မာပြည်တွင်နေထိုင်ရသည်မှာ မွေ့လျော်ဖွယ်အကောင်းဆုံးဟု ဆိုရမည်ဖြစ်သည်။ ရှေးစာဆို ပြင်စည်မင်းသားဖွဲ့ဆိုသော ဟေမန္တဆောင်းဖွဲ့ ဒွေးချိုးတစ်ပုဒ်၌ –

**သာပေါင်းငယ်ထွေ**
**ခါဟေမန် ရာသီချိန်မို့**
**ဖန်ရှိန်ဝယ် မြူအပြိုင်နှင့်**
**နှင်းလေဆိုင် ဖျန်း။**
**သင်းပျံ့တဲ့အင်**
**ပုလဲရုံ ကြိုင်လှိုင်ရှင်သည့်**
**ခိုင်ငွေဇင် ညှာတံညွှတ်ကယ်မှ**
**ရွှေဝတ် ဆင့်ပန်း။**

ဟု ဖော်ပြထားသည်။ ပြင်စည်မင်းသား၏ ဆောင်းအဖွဲ့အနွဲ့ဒွေးချိုးပါ ဟေမန္တဥတုရာသီ လေးလတာ မြန်မာပြည်၏ ဆောင်းရာသီသဘာဝနှင့် ပတ်ဝန်းကျင်အလှအပတို့မှာ ပကတိအရှိတရားများဖြစ်သည်။ မြန်မာပြည်သည် ဟေမန္တဒွေးချိုးပါအတိုင်း ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသည့် ဥတုဖြစ်သည်။ ယမန်နှစ်က ဤသို့ဆောင်းကာလ၌ ဆောင်းမပီခဲ့။ ယခုနှစ်အဖို့ လက်ရှိအခြေအနေအထိမူ ဆောင်းပီသည့် မြန်မာပြည်၏ ဥတုရာသီကို မှတ်မှတ်ရရ ပြန်လည်ခံစားရပြီဟု ဆိုချင်ပါသည်။

ဤဆောင်းရာသီကာလသည် စာဆိုတော်၊ စာတော်ပြန်၊ စာအောင်နှင်းသည့် စာပေဂုဏ်အခင်းအကျင်းများနှင့် ပြည့်စုံသည့်ကာလဖြစ်သည်။ စာပေပညာရှင်များက ဤရာသီကိုဖွဲ့နွဲ့၍ ရတု၊ တေး၊ ကဗျာများ ရေးဖွဲ့ကြသည်။ ရာသီရွှေ့ပြောင်း တစ်ဆောင်းသစ်ပြန်ပြီ၊ ခွာပြာညို သဇင်ပွင့်ရယ်တို့ အဆင့်ဆင့် အစီအရီ ပွင့်ရှာကြပြီ။ ဆောင်း၏အအေးဓာတ်နှင့် နှင်း၏ဖြူလွှမှုကို အမွှမ်းတင်ကြ၊ တင်စားကြသည်မှာ ဆောင်းရာသီ၏ နှစ်လိုဖွယ်၊ ကျေနပ်ဖွယ်များသာဖြစ်သည်။

သို့ဖြစ်ရာ ဤဟေမန္တဆောင်းရာသီကာလကား သျှင်မဟာသီလဝံသဖွဲ့နွဲ့ဖော်ကျူးခဲ့သော မြူမင်းလွင် ကင်းစင်ပုံ၊ ထက်ဝန်းကျင်ကြည်လင်ပုံ၊ ခဝဲစသည့် ရောင်စုံပန်းများပွင့်လန်းပုံ၊ နှင်းရည်တရွှဲရွှဲကျသည့် ရှေးရှေး ဆောင်းကာလ၏ သရုပ်သဏ္ဌာန်နှင့် မူကွဲပြားလိမ့်မည်ဟု ထင်မိပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တူရကီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E. Mr. Kerem Divanlioglu အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး မြန်မာနှင့် တူရကီနှစ်နိုင်ငံတို့တွင် သတင်းမီဒီယာကဏ္ဍ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆-၁၂-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၂,၀၉၆ | ၂၄,၁၀၄,၀၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၀၀ | ၇၁၄ | ၂,၇၈၄,၆၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၅ | ၄၁,၅၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၅၅၀ | ၁၂,၆၅၀,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၄၈ | ၁၃၉,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၆**

ရန်ကုန်(ရွှေဈေး) ၁၁၈၆၅၀၀  မန္တလေး(ရွှေဈေး) ၁၁၈၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၀/၉၄၅ကျပ် | ၉၅၅/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၀/၉၇၀ ကျပ် | ၁၀၂၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၀/၈၇၅ ကျပ် | ၉၂၀/၉၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၀/၉၆၀ ကျပ် | ၉၇၀/၉၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၉၀/၈၀၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၁.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၆၇.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၃.၄၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၄၈၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၁.၀၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၂၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၈၂.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၃၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၈.၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၄.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ကြေးမုံ

# မသန်စွမ်းသူများအခွင့်အရေး ဖော်ဆောင်ပေး

မသန်စွမ်းဟူသည် "မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချွတ်ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကိုဆိုသည်" ဟု မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

၂၀၁၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ မသန်စွမ်းမှုဆိုင်ရာ အစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်းတွင် မသန်စွမ်းသူဦးရေ ခန့်မှန်း တစ်ဘီလီယံခန့်ရှိပြီး ၂၀၁၄ ခုနှစ် စစ်တမ်းများအရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူဦးရေ နှစ်သန်းသုံးသိန်းရှိကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်းတွင်ရှိသော မသန်စွမ်းသူများသည် ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ၊ စီးပွားရေးပိုင်းဆိုင်ရာနှင့် စိတ်သဘောထားပိုင်းဆိုင်ရာအတားအဆီးများကို ရင်ဆိုင်ကြုံတွေ့နေရပြီး လူ့အသိုက်အဝန်းအတွင်း၌ အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်မရရှိကြောင်း လေ့လာတွေ့ရှိချက်များက ဆိုသည်။

မိမိတို့ မြန်မာ့လူမှုအသိုင်းအဝိုင်းသည် စာနာသနားစိတ်၊ အားနည်းသူကို ဖေးမကူညီစိတ်၊ အလှူအတန်းရက်ရောမှု စသည်ဖြင့် အခြေခံစိတ်ရင်းစေတနာကောင်းများရှိသော လူမျိုးများဖြစ်သည်။ သို့သော် တစ်ခါတစ်ရံတွင် မိမိ၏ စိတ်ရင်းစေတနာကောင်းက တစ်ပါးသူအတွက် စိတ်မကောင်းစရာ၊ စိတ်ခံစားချက်ဖြစ်စရာအဖြစ် ခံစားသွားရသည်များလည်း ရှိနိုင်သည်။

ဥပမာအားဖြင့် အထက်ကဆိုခဲ့သည့် မသန်စွမ်းသူတစ်ယောက်ယောက် မိမိပတ်ဝန်းကျင်တွင် ရှိသည်ဆိုပါစို့ အများအားဖြင့် လုပ်ငန်းဆောင်တာများဆောင်ရွက်ရာတွင် အဆိုပါမသန်စွမ်းသူအနေဖြင့် ကူညီလုပ်ကိုင်နိုင်သည့် ကိစ္စကြီးငယ်ရှိနေလင့်ကစား မိမိတို့လူ့အသိုင်းအဝိုင်းက ထိုသူပင်ပန်းမှာစိုးရိမ်၍ သော်လည်းကောင်း၊ အလုပ်ပြီးမြောက်မှု နှောင့်နှေးကြန့်ကြာမည်ကို စိုးရိမ်၍သော်လည်းကောင်း သဘောရိုးဖြင့် ပေးမလုပ်ခိုင်းသော်လည်း အဆိုပါပုဂ္ဂိုလ်၏စိတ်ခံစားချက်တွင် မိမိမှာ ချွတ်ယွင်းချက်တစ်စုံတစ်ရာ ရှိနေသောကြောင့် ပေးမလုပ်ခြင်းဖြစ်သည်ဟု အထင်ရောက်သွားနိုင်သည်။ တစ်နည်းအားဖြင့် သူ့အားဝိုင်းပယ်ထားသည်ဟု စိတ်ခံစားမှုကိုဖြစ်စေနိုင်သည်။

မသန်စွမ်းသူများသည် မသန်သော်လည်း စွမ်းဆောင်နိုင်သည်ဆိုသည့် ဆိုရိုးစကားအတိုင်း မသန်စွမ်းသူအများစုတွင် အတတ်ပညာတစ်ခုခု၌ ထူးချွန်ကြသလို စိတ်ဓာတ်ကြံ့ခိုင်ကြသူများလည်း ဖြစ်ကြသည်။ လိုအပ်ချက်မှာ သန်စွမ်းသူများနှင့် တန်းတူအခွင့်အရေးရရှိရေးနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖော်ဆောင်ပေးရေးပင် ဖြစ်သည်။

အတားအဆီးကင်းသော ပတ်ဝန်းကျင်ဆိုသည်မှာ ဥပမာအားဖြင့် လမ်းများ၊ ရထားများ၊ ဘတ်စ်ကားများ၊ လူနေတိုက်တာများ၊ ဈေးဝယ်စင်တာများ စသည့် အများပြည်သူသွားလာရာနေရာများတွင် မသန်စွမ်းသူများ အတားအဆီးကင်းစွာသွားလာနိုင်ရန် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရမည်ဖြစ်သည်။

ယခုအခါတွင် နေပြည်တော်မြို့မဈေးနှင့် ရေပန်းဥယျာဉ်တို့တွင် မသန်စွမ်းသူများ လက်လှမ်းမီရယူသုံးစွဲနိုင်ရေးနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖြစ်လာစေရေး ကနဦးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မသန်စွမ်းသူများ အမှီအခိုကင်းစွာ၊ မိမိကိုယ်မိမိ ယုံကြည်စိတ်ချစွာ သွားလာနိုင်ရေးအခွင့်အရေးများ ဖန်တီးပုံဖော်ပေးနေခြင်းပင်ဖြစ်သည်။

လူတစ်ဦးတစ်ယောက်သည် ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ သန်စွမ်းသည်ဖြစ်စေ၊ မသန်စွမ်းသည်ဖြစ်စေ အခြေခံလူ့အခွင့်အရေးများကိုရရှိခံစားရမည်မှာ လူသားဖြစ်မှုနှင့်ဆိုင်သော ရပိုင်ခွင့်များပင် ဖြစ်ပါသည်။ ထိုအခွင့်အရေးများကို အပြည့်အဝရရှိရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ကြောင့်ပင် မသန်စွမ်းသူများအတွက် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေးတွင် အလေးထားဆောင်ရွက်ရန် ထုတ်ပြန်ကြေညာခဲ့သည့်အချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် မသန်စွမ်းသူများ၏ တန်းတူညီမျှအခွင့်အရေးရရှိရေးကို ဖော်ဆောင်ပေးရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## (၇၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနား ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဦးစီး၍ (၇၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ အဆိုပါကော်မရှင်ရုံး၌ ကျင်းပသွားမည်ဖြစ်သည်။

**မောင်မောင်မျိုး**




ဒုတိယသမ္မတ ဦးမြင့်ဆွေ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

❒ **ဒုတိယသမ္မတ ဦးမြင့်ဆွေမှ** တာဝန်ရှိသူများနှင့်အတူ နံနက် ၈ နာရီခွဲတွင် မြိတ်လေဆိပ်မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းသို့ နံနက် ၁၀ နာရီတွင် ရောက်ရှိကြပြီး နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

### ရှင်းလင်းတင်ပြ

နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းဆိုင်ရာ အချက်အလက်များ၊ ကုန်သွယ်မှုဆိုင်ရာအခြေအနေများ၊ နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေများ၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုအခြေအနေများ၊ တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းလေးခု၏ အခြေအနေများ၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်မောင်က ဖြည့်စွက်ဆွေးနွေးပြီး ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်လင်း၊ ဦးဆက်အောင်နှင့် ဦးအောင်ထူး၊ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးအောင်နိုင်ဦးနှင့် ဦးခင်မောင်ရီတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

### လုပ်ငန်းတာဝန် (၁၃) ရပ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက မြန်မာနိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှုအခြေအနေ ညွှန်းကိန်းမြင့်တက်လာမှုနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်၌ ဌာနအချင်းချင်းအကြား ပူးပေါင်းမှုမြှင့်တင်ရန်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဖွဲ့စည်း၍ လုပ်ငန်းတာဝန် (၁၃) ရပ် ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ တိုးတက်ရရှိစေရန်၊ ပြည်တွင်းရှိ MSME များအား အကာအကွယ်ပေးနိုင်ရန်၊ တရားမဝင်ကုန်သွယ်မှုများကို ဖော်ထုတ်အရေးယူနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှုများကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန်နှင့် ဈေးကွက်အတွင်း မှန်ကန်စွာ ယှဉ်ပြိုင်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ လာရောက်ရခြင်းဖြစ်ပါကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ ကာကွယ်တားဆီးနှိမ်နင်းကြရမည်ဖြစ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် တိုင်းဒေသကြီးနှင့် သင့်လျော်သည့် နည်းဗျူဟာများချမှတ်၍ ဟန်ချက်ညီစွာ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ Free Trade Zones(FTZs) များနှင့် အထူးစီးပွားရေးဇုန်များကို အသုံးချ၍ တရားမဝင်ကုန်သွယ်မှုများ မပြုလုပ်နိုင်ရန် ထိရောက်သည့် နည်းလမ်းများ ချမှတ်ကာကွယ်သွားကြရမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ကာကွယ်ရန်နှင့် ပြည်တွင်းလုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းစေရေးအတွက် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများအတွက် ပေးဆောင်ရမည့် အခွန်အမျိုးအစားများကို လုပ်ငန်းရှင်များ လွယ်ကူစွာ သိရှိနိုင်ရေးနှင့် တရားမဝင်ကုန်စည်များ၏အန္တရာယ်နှင့် တရားမဝင်ကုန်သွယ်မှု၏ နိုင်ငံအပေါ် ထိခိုက်မှုများကို အများပြည်သူ သိရှိနားလည်အောင် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်ပ ပို့ကုန်၊ သွင်းကုန် ဝင်ပေါက်၊ ထွက်ပေါက်များတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှန်ကန်ရေးနှင့် လွယ်ကူချောမွေ့လျင်မြန်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဈေးကွက်တွင် မျှတစွာ ယှဉ်ပြိုင်ရပ်တည်နိုင်ရန်နှင့် စားသုံးသူများကို အကာအကွယ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်မှုတွင် ဆုပေး၊ ဒဏ်ပေးစနစ်ကို ထိရောက်လျင်မြန်စွာ ကျင့်သုံးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထီးခီးနယ်စပ်ဂိတ်နှင့် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းတို့အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၁၁ ခုနှစ် မတ် ၂၇ ရက်မှစတင်၍ နဘုလယ်၌ ယာယီဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် မေ ၁၁ ရက်တွင် မြန်မာ-ထိုင်းနယ်စပ်ရှိ ထီးခီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ လက်ရှိ ကုန်သွယ်ရေးစခန်းနေရာရုံးအသစ်သို့ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းသည် ထားဝယ်မြို့မှ ၉၇ မိုင်အကွာတွင် တည်ရှိပြီး နှစ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်နှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်း အနီးရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီ ရဟတ်ယာဉ်ကွင်းသို့ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြသည်။

ယင်းနောက် ကုမ္ပဏီအစည်းအဝေးခန်းမတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက ကုန်သွယ်ရေးလမ်းကြောင်းအခြေအနေများ၊ ကုန်သွယ်ရေးစခန်းဆိုင်ရာအချက်အလက်များ၊ နှစ်အလိုက် ပို့ကုန်၊ သွင်းကုန်ဆောင်ရွက်နေမှုအခြေအနေများ၊ တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းသုံးခု၏ အခြေအနေများ၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရရှိမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် စီမံချက်ချဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်မောင်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### တိုက်ဖျက်သွားကြရမည်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက တရားမဝင်ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များကို တိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် အလွန်အရေးကြီးပြီး ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် အောင်မြင်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် ချမှတ်ထားသည့် ရည်ရွယ်ချက်များနှင့် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံအကြား ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုစာရင်း ကွာဟမှုမရှိစေရေးအတွက် တရားမဝင်ကုန်ပစ္စည်းများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် မောတောင်နယ်စပ်စစ်ဆေးရေးဂိတ်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် (၁၆) ခုတင်ဆံ့ မောတောင်တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူနေကြသူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းသည် မြိတ်ခရိုင် တနင်္သာရီမြို့နယ် မောတောင်မြို့၌ တည်ရှိပြီး မြိတ်မြို့မှ ၁၁၈ မိုင်ခန့်အကွာတွင် တည်ရှိကာ ၂၀၁၃ ခုနှစ် မေ ၈ ရက်တွင် နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုစတင်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြိတ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၆

**ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ တတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးသာဦး၊ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ**

ရှေးဦးစွာ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ စတင်ဖွဲ့စည်းပြီး တတိယအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံပါ ရေတို၊ ရေရှည်ရည်မှန်းချက်များပြည့်မီအောင် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအပေါ် ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီး ကျင်းပသည့် အစည်းအဝေးတစ်ရပ်ဖြစ်ပါကြောင်း။

၂၁ ရာစုတွင် ဒီဂျစ်တယ်စီးပွားရေးလှိုင်းနှင့်အတူ (Industry 4.0) ပေါ်ထွန်းလာခဲ့ပါကြောင်း၊ စီးပွားရေးလှိုင်းတစ်ခု ပေါ်ထွန်းလာတိုင်း အဆိုပါစီးပွားရေးလှိုင်းကို ကောင်းစွာအသုံးချနိုင်သည့်နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများ အလျင်အမြန် တိုးတက်သွားခဲ့ကြောင်း ကမ္ဘာ့သမိုင်းတွင် အထင်အရှားမြင်တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတကာတွင် ဒီဂျစ်တယ်စီးပွားရေးလှိုင်း(Industry 4.0)ကို ကောင်းစွာအသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရန်နှင့် ဒီဂျစ်တယ်စီးပွားရေးကို တည်ဆောက်ပြီး စီးပွားရေးနှင့် လူမှုရေးအရှိန်မြှင့်ရန် အလေးအနက်ထားဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ အထူးသဖြင့် အဆိုပါတိုးတက်ပြောင်းလဲမှုလှိုင်းများတွင် မိမိတို့နိုင်ငံအနေဖြင့် နောက်ကျမကျန်ရစ်စေရန်နှင့် စဉ်ဆက်မပြတ်လိုက်ပါနိုင်ရန် ကြိုးပမ်းအားထုတ်သွားရမည်ဖြစ်ပါကြောင်း။

ဒီဂျစ်တယ်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရန် နည်းပညာလုပ်ငန်းသစ်များတည်ထောင်ရန်၊ Software များ၊ Hardware များ ထုတ်လုပ်ပြီး ရောင်းချရန်ကိုသာ ရည်ရွယ်ခြင်းမဟုတ်ဘဲ လက်ရှိစီးပွားရေးကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် SME လုပ်ငန်းများတွင် ဒီဂျစ်တယ်နည်းပညာအသုံးပြုပြီး စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ပြည်သူအားလုံးက Digital Literacy ကောင်းစွာနားလည်ပြီး နည်းပညာနှင့်သတင်းအချက်အလက်များကို ပိုမိုထိရောက်စွာအသုံးချကာ လူနေမှုအဆင့်အတန်းများ မြင့်တက်လာစေရန် ရည်ရွယ်ပါကြောင်း။

**ပြင်ဆင်မွမ်းမံ**

ပြီးခဲ့သည့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးမှတစ်ဆင့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လမ်းပြမြေပုံကို အမြဲတမ်း ဆက်လက်ပြင်ဆင်မွမ်းမံသွားနိုင်မည့် (Living Document) အဖြစ်အတည်ပြုပြီးဖြစ်ပါကြောင်း။

ဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံတွင် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အဓိကကိုင်တွယ်ရမည့် မဟာဗျူဟာ(၆)ရပ်၊ ဦးစားပေးနယ်ပယ်(၉)ရပ်၊ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် ဖြစ်မြောက်အောင်ဆောင်ရွက်ရမည့် တိုင်းတာ၍ရသည့် ရည်မှန်းချက်ပန်းတိုင်များ သတ်မှတ်ခြင်း၊ သတ်မှတ်ထားသည့်ရည်မှန်းချက်ပန်းတိုင်များ ရောက်ရှိအောင် လက်တွေ့အောင်မြင်အောင် ကာလတို၊ ကာလလတ်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များပါရှိပါကြောင်း။

ဒီဂျစ်တယ်စီးပွားရေးစနစ်ကို တိုးတက်ပြောင်းလဲဆန်းသစ်နေသည့် ကမ္ဘာကြီးနှင့် လိုက်လျောညီထွေရပ်တည်နိုင်စွမ်းရှိရန်အတွက် ပညာရေးစနစ်မှ စတင်နိုင်ရန် လိုအပ်ပါကြောင်း၊ ပြည်သူများ၏ ဒီဂျစ်တယ်အသုံးပြုပညာ Digital Literacy ကြွယ်ဝလာစေရန် လူငယ်များ၊ နည်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူများ၏ နည်းပညာကျွမ်းကျင်မှု Digital Technology Skill များကို မြှင့်တင်ရန်၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများကို Digital Literacy နှင့် Digital Skill သင်ခန်းစာများသင်ကြားပေးပြီး လူ့စွမ်းအားအရင်းအမြစ် အဆင်သင့်ဖြစ်အောင် မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း။

ပြည်သူများ ဒီဂျစ်တယ်နည်းပညာများအပေါ်တွင် ယုံကြည်မှုရှိလာစေရန်၊ ကောင်းမွန်စွာ အသုံးပြုလာနိုင်စေရန်၊ နိုင်ငံတကာနည်းပညာကုမ္ပဏီများ ငွေကြေးအရင်းအမြစ်များ လာရောက်ရင်းနှီးမြှုပ်နှံလာစေရန်၊ ပြည်တွင်း ပြည်ပ နည်းပညာလုပ်ငန်းသစ်များ လွယ်ကူစွာထူထောင်အောင်မြင်စေရန် အားပေးသည့် စီးပွားရေးဝန်းကျင်အခြေအနေကောင်းများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရန်လည်းလိုအပ်ပါကြောင်း။

လက်ရှိမိရိုးဖလာစီးပွားရေးလုပ်ငန်းများကို နည်းပညာအသုံးပြုပြီး ဆန်းသစ်တီထွင်ထားသည့် Startups လုပ်ငန်းများအဖြစ် အသွင်ပြောင်းလာစေရန်၊ နိုင်ငံ၏ အဓိကကျသည့်စီးပွားရေးကဏ္ဍများဖြစ်သည့် လမ်းပြမြေပုံပါ ဦးစားပေးကဏ္ဍ ၉ ခုကို နည်းပညာသုံးပြီး မြှင့်တင်ပြောင်းလဲနိုင်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**စမ်းသပ်အသုံးပြုနိုင်ရန် စီစဉ်ပေးရန်လိုအပ်**

ကဏ္ဍတစ်ခုချင်းစီတွင် နည်းပညာလုပ်ငန်းသစ်(Startups)များ ပေါ်ထွက်လာစေရန် နည်းပညာပြိုင်ပွဲများ ကျင်းပခြင်းနှင့် နိုင်ငံတကာတွင် အောင်မြင်စွာ အသုံးပြုနေသည့် Proven Technology Solution များကိုလေ့လာပြီး ပြည်တွင်းလုပ်ငန်းကဏ္ဍများတွင် စမ်းသပ်အသုံးပြုနိုင်ရန် စီစဉ်ပေးရန်လည်းလိုအပ်ပါကြောင်း၊ နောက်ဆုံးပေါ် နည်းပညာများအသုံးပြုပြီး အသွင်ပြောင်းနိုင်ရန် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

လမ်းပြမြေပုံတွင် သတ်မှတ်ထားသည့်ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ရမည့်အပိုင်းက ပိုမိုခက်ခဲပြီး စိန်ခေါ်မှုများသည့်အပိုင်းလည်းဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက် ရေတိုရေရှည်အစီအစဉ်များကို Focal အဖြစ်ဆောင်ရွက်ရမည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့က မိမိတို့နှင့်သက်ဆိုင်သည့်ကဏ္ဍများကို တိုးတက်လာစေရန် တာဝန်ယူဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း။

လမ်းပြမြေပုံတွင် ရည်မှန်းချက်များကို အချိန်ကာလ၊ ကိန်းဂဏန်းများနှင့် တိတိကျကျသတ်မှတ်ထားသည်ကို တွေ့ရှိရပြီး အကောင်အထည်ဖော်ရာတွင် သတ်မှတ်ထားသည့် ရည်မှန်းချက်များကို အောင်မြင်အောင် အထူးကြိုးစားဆောင်ရွက်ကြရန် လိုပါကြောင်း။

သတ်မှတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်မှု ရှိ၊ မရှိ ပုံမှန်အကဲဖြတ်ရန်လိုအပ်ပြီး နှစ်စဉ်အဆိုပါရည်မှန်းချက် အညွှန်းကိန်းများ၏ တိုးတက်မှု၊ နိမ့်ကျမှုများကို ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့က ပုံမှန်စောင့်ကြည့်တင်ပြရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးကို ပံ့ပိုးပေးနိုင်သည့်ကဏ္ဍများ၌ လက်ရှိနယ်ပယ်အသီးသီးတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အဆင့် (၁၀၀)ကျော်တွင် ရောက်နေပြီး အားနည်းသည့်အခြေအနေတွင် ရောက်ရှိနေသော်လည်း ယခင်သာဓကများအရ မိုဘိုင်းဖုန်းသုံးစွဲမှုတွင် နောက်ကျပြီးမှ သုံးစွဲနိုင်ခဲ့သော်လည်း နောက်ဆုံးပေါ် 3G, 4G နည်းပညာကွန်ရက်များကို အချိန်တိုအတွင်း အသုံးပြုနိုင်ခဲ့မှုများ၊ မိုဘိုင်းဖုန်း ဆင်းကတ်သုံးစွဲမှုနှုန်းထားသည် ၁၂၆ ရာခိုင်နှုန်းအထိ ရောက်ရှိနေမှုများ၊ မိုဘိုင်းဖုန်းသုံးစွဲသူအများစုက Smart Phone များကို အသုံးပြုနိုင်မှုများ၊ နည်းပညာများကို အလွယ်တကူ ကျွမ်းဝင်နားလည်နိုင်စွမ်းရှိသည့် လူငယ်ဦးရေ ရာခိုင်နှုန်းများနေမှုစသည့် အားသာချက်ကို ထိထိရောက်ရောက် အသုံးချကာ ကိုယ့်ရှေ့ကနိုင်ငံများကိုလေ့လာပြီး နောက်ကျသူ၏ အားသာချက်တစ်ခုအနေဖြင့် ဒီဂျစ်တယ်နည်းပညာအသစ်များကို ခုန်ပျံကျော်လွှား Leapfrog အသုံးချနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**ဦးတည်ကြိုးပမ်း**

ဒီဂျစ်တယ်စီးပွားရေးတွင် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ပြည့်စုံသည့် တိုင်းပြည်များက အားသာချက်များရှိသကဲ့သို့ ဒီဂျစ်တယ်နည်းပညာကြောင့် နိုင်ငံနယ်နိမိတ်များကိုကျော်လွှားပြီး ဈေးကွက်ကို သိမ်းပိုက်နိုင်စွမ်းအားမြင့်တက်လာပါကြောင်း၊ တစ်ချိန်တည်းတွင် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် အဆင်သင့်မဖြစ်သည့်တိုင်းပြည်များအတွက် လက်ရှိကွာဟနေသည့်အခြေအနေကို ပိုမိုကြီးမားသွားနိုင်သည့် စိန်ခေါ်မှုအခြေအနေများရှိပါကြောင်း၊ ထို့ကြောင့် ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသည့် လူသားအရင်းအမြစ်ရပ်ဝန်းကြီးတစ်ခု ဖြစ်လာအောင် ဦးတည်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဒီဂျစ်တယ်စီးပွားရေးနှင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး တိုးတက်မှုကို အကျိုးပြုရန်အတွက် ဒီဂျစ်တယ်စီးပွားရေးလှိုင်းကြောင့် လက်ရှိကွာဟနေသည့်အခြေအနေကို ကျော်လွှားနိုင်ရန်နှင့် နိုင်ငံတကာကို အမီလိုက်နိုင်ရန်၊ လမ်းပြမြေပုံတွင် ရည်မှန်းထားသည့်အဆင့်များ အောင်မြင်စွာရရှိနိုင်ရန်၊ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီက ဖွဲ့စည်းထားသည့် ဆပ်ကော်မတီများနှင့်အတူ တက်ကြွသည့် ဦးဆောင်မှုဖြင့် သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ကြရန်၊ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များကို မိမိတိုင်းပြည်၊ မိမိလူမျိုးအတွက် တိုးတက်စေချင်သည့် ဆန္ဒ၊ ဝီရိယ၊ ကြိုးစားမှုများနှင့်ပေါင်းစပ်ပြီး ဆောင်ရွက်ပါက မိမိတို့နိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။


ထို့နောက် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စွန့်ဦးတီထွင် ဆန်းသစ်ဖန်တီးသူလူငယ်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရန် ရန်ကုန်ဆန်းသစ်တီထွင်မှုဗဟိုဌာနကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းမှတစ်ဆင့် နည်းပညာအခြေပြုသည့် စီးပွားရေးလုပ်ငန်းများကို ကိုယ်ထူကိုယ်ထ ထူထောင်လာနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးကဏ္ဍ ဦးမော့လာစေမည်ဖြစ်ပါကြောင်း။

ဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံပါလုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများနှင့် ပညာရှင်များသည် အတူတကွ ဟန်ချက်ညီညီလက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူး(၁) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၅ သို့** ❍


ပြည်ထောင်စုဝန်ကြီး
သူရဦးအောင်ကို


ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်


ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ


ပြည်ထောင်စုဝန်ကြီး
ဦးအုန်းမောင်

❂ ကျောဖုံးမှ

ပြည်ပနှင့် တိုက်ရိုက်လေကြောင်းပျံသန်းမှုခရီးစဉ်များ ဖော်ထုတ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ နီပေါနိုင်ငံခရီးစဉ်တွင် နီပေါနိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် “နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းတိုးမြှင့်နိုင်ရန် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းမှု ခရီးစဉ်များ ပြန်လည်ဆောင်ရွက်နိုင်ပါက Package Tours ခရီးသွားလုပ်ငန်းများ အပြန်အလှန်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံနိုင်ငံအချို့နှင့် ချိတ်ဆက်၍ ဘုရားဖူးခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနိုင်ငံတို့တွင် ဗုဒ္ဓဘာသာ၏အထင်ကရ သာသနိကနေရာဌာနများ အသီးသီးတည်ရှိကြသဖြင့် ယင်းအခြေအနေကိုအခြေခံပြီး Northern Buddhism Tour အဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း”ကို ဆွေးနွေးခဲ့ပါကြောင်း။

## ဆွေးနွေးခဲ့ကြ

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားခရီးသွားလာမှု မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုသမိုင်းကိုပြန်ကြည့်ပါက နှစ်နိုင်ငံလေကြောင်း တိုက်ရိုက်ခရီးစဉ် စတင်နိုင်ရေး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလကတည်းက ဆွေးနွေးခဲ့ကြပါကြောင်း၊ ယင်းဆွေးနွေးချက်အရ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း (MAI) သည် ရန်ကုန်–ဆီရမ်ရိ–ရန်ကုန်၊ ရန်ကုန်–ဖနွမ်းပင်–ရန်ကုန်၊ ရန်ကုန်–ဆီရမ်ရိ–ဖနွမ်းပင်–ရန်ကုန်ခရီးစဉ်များကို ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ပျံသန်းခဲ့ပြီး ဈေးကွက်အခြေအနေကြောင့် ရပ်နားခဲ့ရသည်ကို တွေ့ရပါကြောင်း။

ထို့နောက် ၂၀၁၇ ခုနှစ် မတ်လအတွင်း ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးလာရောက်သည့်ခရီးစဉ်တွင် ပုဂံနှင့် ဆီရမ်ရိ ရှေးဟောင်းမြို့တော်နှစ်ခု ခရီးစဉ်ဒေသတစ်ခု “Angkor–Bagan, Two Acient Capital – One Destination” အဖြစ် ပူးပေါင်းမြှင့်တင်သွားရန် ဆွေးနွေးသဘောတူခဲ့ကြပါကြောင်း၊ အကောင်အထည်ဖော်မည့် Action Plan ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ကမ္ဘောဒီးယားခရီးသွားပြပွဲတွင် မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌဖြစ်သည့် မိမိအနေဖြင့်လည်း ပုဂံ–ဆီရမ်ရိ တိုက်ရိုက်လေကြောင်းခရီးစဉ် ဖြစ်မြောက်အောင်မြင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကိုခေါ်ယူပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် အစည်းအဝေးများကျင်းပပြီး ဆောင်ရွက်ရန်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါကြောင်း။

## ပြင်ဆင်ထားပြီးဖြစ်

ယင်းအစည်းအဝေးများ၏ ညှိနှိုင်းချက်များအရ ပုဂံညောင်ဦးလေဆိပ်ကိုလည်း နိုင်ငံတကာစင်းလုံးငှားလေယာဉ်များ ဆင်းသက်နိုင်သည့် (Customs, Immigration and Quarantine–CIQ)လေဆိပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် လိုအပ်သည့်MRTD စက်ကြီးများ၊ အမည်မည်းစာရင်းစစ်သည့် စက်ပစ္စည်းများ၊ X–ray Machine စက်များ၊ ကျန်းမာရေးစစ်ဆေးရန် ဝန်ထမ်းများနှင့် International Arrival ဧည့်သည်များ တိုက်ရိုက်ဝင်ရောက်ရန် အခန်းငယ်တို့ကို ပြင်ဆင်ထားပြီးဖြစ်သည်ဟု သိရှိရပါကြောင်း။

ကြားကာလတွင် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား လေကြောင်းချိတ်ဆက်မှုအနေဖြင့် UAE အခြေစိုက် Emirate Airlines သည် ၂၀၁၇ ခုနှစ် ဇူလိုင်လမှစ၍ ရန်ကုန်–ဖနွမ်းပင်ပြေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၁ ရက်တွင် ရပ်ဆိုင်းခဲ့သည်ကို တွေ့ရပါကြောင်း၊ ကမ္ဘောဒီးယားအခြေစိုက် JC International Airlines သည် “ဖနွမ်းပင်–မကာအို–မန္တလေး–မကာအို–ဖနွမ်းပင်”ခရီးစဉ်ကို ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပါကြောင်း၊ အလားတူ “ရန်ကုန်–ဖနွမ်းပင်” တိုက်ရိုက်ခရီးစဉ်ကိုလည်း ၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက်တွင်စတင်ပြီး အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့တို့တွင် တစ်ပတ်လျှင် နှစ်ကြိမ် ပျံသန်းလျက်ရှိသည်ကို တွေ့ရပါကြောင်း။

## ဝိုင်းဝန်းအကြံပြု ဆွေးနွေး

မူလရည်ရွယ်ချက်ဖြစ်သည့် ပုဂံနှင့် ဆီရမ်ရိလေကြောင်း တိုက်ရိုက်ပျံသန်းနိုင်ရေးအစီအစဉ်သည် အကြောင်းအမျိုးမျိုးကြောင့် ယခုအထိ အကောင်အထည်မဖော်နိုင်သေးသည်ကို တွေ့ရပါကြောင်း၊ ယင်းခရီးစဉ်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နီပေါနိုင်ငံတွင် ဆွေးနွေးခဲ့သည့် အာဆီယံနိုင်ငံအချို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် Northern Buddhism Package Tour ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာနိုင်မည်ဖြစ်သည့်အတွက် ပုဂံနှင့် ဆီရမ်ရိလေကြောင်းလိုင်း အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

## လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံညောင်ဦးလေဆိပ်သို့ နိုင်ငံတကာလေယာဉ်များ ဆင်းသက်နိုင်ရေး၊ နိုင်ငံတကာခရီးသွားဧည့်သည်များ လက်ခံနိုင်ရေးနှင့် လေဆိပ်၏ လက်ရှိအခြေအနေ၊ လေဆိပ်အဆောက်အဦ၊ လေယာဉ်ရပ်နားရာနေရာနှင့် နိုင်ငံတကာလေယာဉ် ဝင်/ထွက်ခွင့်ပြုနိုင်မှုအခြေအနေ၊ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ ပုဂံဒေသသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှုအခြေအနေနှင့် ဝန်ဆောင်မှုအရည်အသွေးတိုးမြှင့်ရေး၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပုဂံဒေသ ထိခိုက်မှုမရှိစေရေးနှင့် ပုဂံနှင့် ဆီရမ်ရိလေကြောင်းလိုင်းပြေးဆွဲနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

## ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး မိမိ ကမ္ဘောဒီးယားနိုင်ငံသို့ နိုဝင်ဘာလအတွင်း သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ၎င်းအနေဖြင့် ယခုဆောင်ရွက်မည့် ပုဂံ – ဆီရမ်ရိ လေကြောင်းလိုင်း တိုက်ရိုက်ပျံသန်းမည့်အစီအစဉ်ကို ဖြစ်မြောက်အောင်မြင်စေလိုသည့် ဆန္ဒများစွာရှိသည်ဟု ပြောကြားခဲ့ပါကြောင်း၊ ယင်းလေကြောင်းလိုင်း ပြေးဆွဲနိုင်ရေးဆောင်ရွက်မှုကို ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်တစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်းမဟုတ်ပါကြောင်း၊ မြန်မာ– ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ခိုင်မာစေရေးအတွက်လည်း ရည်ရွယ်ပါကြောင်း၊ ထို့ကြောင့် ပုဂံနှင့် ဆီရမ်ရိ တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲနိုင်ရေးအတွက် အတတ်နိုင်ဆုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

❍ စာမျက်နှာ ၄ မှ

ဆက်လက်၍ ဒီဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အဦနှင့် ဆိုက်ဘာလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊ ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးဆပ်ကော်မတီနှင့် SME လုပ်ငန်းများနှင့် ဦးစားပေးကဏ္ဍများ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလမ်းပြမြေပုံပါ ၂၀၂၀ ပြည့်နှစ်တွင် ပြည့်မီရမည့် ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရေးအတွက် ဆပ်ကော်မတီများအလိုက် Action Plan များ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများ၊ အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဆုံးဖြတ်ပေးစေလိုသည့် အချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ (Myanmar Industry 4.0)အပေါ်အခြေခံသည့် Master Plan ရေးဆွဲရေးကိစ္စ၊ MM QR Code အသုံးပြုနိုင်ရေး၊ ရန်ပုံငွေကိစ္စ၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ဒီဂျစ်တယ်နည်းပညာသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသည့်အခက်အခဲများ၊ လိုအပ်ချက်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

## အခွင့်ကောင်းတစ်ရပ်အဖြစ် မှတ်ယူ

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များမှ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိနေသည့် ကိစ္စရပ်များကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းများကိုအောင်မြင်အောင် ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ငွေကြေးရန်ပုံငွေပမာဏနှင့် ရရှိနိုင်မည့် နည်းလမ်းများ ရှာကြံသွားသင့်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီဂျစ်တယ်စီးပွားရေးကဏ္ဍတွင် နောက်ကျလျက်ရှိရာ ထိုနောက်ကျနေမှုကို အခွင့်ကောင်းတစ်ရပ်အဖြစ် မှတ်ယူပြီး ကျော်လွှားနိုင်ရေး ကြိုးစားဆောင်ရွက်သင့်ပါကြောင်း၊ လွတ်လပ်ပွင့်လင်းသည့် ဆွေးနွေးမှု၊ ညှိနှိုင်းမှုများဖြင့် အဖြေရှာပြီး မိမိတို့လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သင့်ပါကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

# ပညာရေးဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂတို့ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး သဘောတူစာချုပ်အတွက် မူဝါဒဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပညာရေးဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂတို့ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး သဘောတူစာချုပ်အတွက် မူဝါဒဆိုင်ရာဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ထိရောက်စွာ အကောင်အထည်ဖော်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆ –၂၀၂၁) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ပညာရေးနှင့် ကျွမ်းကျင်မှုအခြေပြုနိုင်ရေးတို့ကိုမြှင့်တင်ရန် အခြေခံပညာရေး၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးနှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုတို့အတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ အဓိက ပြုပြင်ပြောင်းလဲမှုများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၂–၂၀၂၃ ခုနှစ်အထိ ငါးနှစ်အတွက် ရန်ပုံငွေများ ပံ့ပိုးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း။

## ပိုမိုတိုးတက်လာ

အခြေခံပညာရေးတွင် သင်ရိုးညွှန်းတမ်းများကို ၂၁ ရာစု ပညာရေးနှင့်အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သင်ရိုးသစ်ကို သင်ကြားခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများကို စည်းကမ်းလိုက်နာမှု ပိုမိုမြင့်မားလာခြင်း၊ နိုင်ငံချစ်စိတ် တိုးတက်လာခြင်း၊ တီထွင်ကြံဆမှုနှင့် စဉ်းစားတွေးခေါ်မှုများ ပိုမိုတိုးတက်လာပါကြောင်း၊ Grade–3 ကျောင်းသား ကျောင်းသူတိုင်း အခြေခံအရေး၊ အဖတ်အတွက် ကောင်းမွန်စွာတတ်မြောက်ရေးဆောင်ရွက်နေပါကြောင်း၊ မူလတန်းပညာအားလုံး



ပြီးမြောက်၍ အလယ်တန်း၊ အထက်တန်းပညာရေးသို့ ဆက်လက်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းနေမှုအခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေးအတွက် ဒေသအလိုက် လိုအပ်သော စာသင်ကျောင်းများ တိုးမြှင့်ဆောက်လုပ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်းနှင့် ဆရာ ဆရာမများ ခန့်ထားပေးခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးများလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် လုပ်သားဈေးကွက်နှင့် လိုက်လျောညီထွေမှုရှိသော အရည်အသွေးရှိနည်းပညာ၊ သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာဆိုင်ရာ သင်တန်းအစီအစဉ်များ ဖွင့်လှစ်ပေးနိုင်ရန် ကျောင်းများနှင့် စက်ရုံအလုပ်ရုံဌာနများ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးပါသော ဥရောပသမဂ္ဂနှင့်အတူ ဖွံ့ဖြိုးမှုမိတ်ဖက်များအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt က အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt နှင့်အဖွဲ့သည် ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းနှီးစွာတွေ့ဆုံပြီး စာကြည့်တိုက်၊ စာသင်ခန်းများအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းသားဦးရေ ၂၀ ရှိရုံဖြင့် ဆရာ ဆရာမတစ်ဦးခန့်နိုင်ရန် မူဝါဒပြောင်းလဲသတ်မှတ်ဆောင်ရွက်ပြီးဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းအား အတည်ပြုခြင်းနှင့် နှစ်ပတ်လည်အစီရင်ခံစာ သုံးခုအား ဖတ်ကြားတင်ပြခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူမြို့နယ် ဖောင်းကွဲကျေးရွာအုပ်စု ဝါးကျွန်းတွင်းကျေးရွာ တွဲဖက်အခြေခံပညာမူလတန်းကျောင်း(ခွဲ)အား ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဝါးကျွန်းတွင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတွင် မူလတန်းအဆင့်သင်ကျောင်းသားသည် လက်ရှိတွင် ၃၈ ဦးသာ ရှိပါကြောင်း၊ အနီးဆုံးကျောင်းဖြစ်သည့် ထန်းတပင် အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် နှစ်မိုင်ခန့် ခရီးအကွာအဝေးအတွင်းရှိပါကြောင်း၊ သို့ပါ၍ ပခုက္ကူမြို့နယ် ဝါးကျွန်းတွင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအား ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ရန် ဦးစားပေးအစီအစဉ်တွင် မပါရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း၏ **ချင်းပြည်နယ်တွင် ချင်းတိုင်းရင်းသားစာပေသင်ကြားမည့် ဆရာ ဆရာမများကို ခန့်ထားခြင်းမရှိသေးသော ကျောင်းများတွင် ဆက်လက်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် Teaching Assistant ခန့်ထားရေးကိစ္စနှင့် ပတ်သက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ စိစစ်ပြီး လျှောက်လွှာများလက်ခံရရှိပါက ထပ်မံစစ်ဆေးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ကျောင်းသားဦးရေ ၄၀ ရှိမှသာ ဆရာ ဆရာမ တစ်ဦးခန့်အပ်မည့်အစား ကျောင်းသားဦးရေ ၂၀ ရှိရုံဖြင့် ဆရာ ဆရာမ တစ်ဦးခန့်နိုင်ရန် မူဝါဒပြောင်းလဲသတ်မှတ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## အလောင်းတော်ကဿပ ဂေါပကအဖွဲ့သစ်ကို ဘုရားပွဲတော်အချိန်မီ အသစ်ပြန်လည် တရားဝင်ဖွဲ့စည်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **ယင်းမာပင်ခရိုင်အတွင်းတည်ရှိသည့် အလောင်းတော်ကဿပဘုရားဂေါပကအဖွဲ့၏ ဘဏ္ဍာနှစ်အလိုက် ရရှိသုံးစွဲခဲ့သည့် ဘဏ္ဍာငွေများ မည်ကဲ့သို့စီမံဆောင်ရွက်ထားရှိကြောင်းနှင့် ဂေါပကအဖွဲ့သစ်ကို လာမည့်ဘုရားပွဲတော်အချိန်မီ တရားဝင်ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ဘုရားအလှူငွေများနှင့်စပ်လျဉ်း၍ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော်ကာလတွင် ဖိုလ်ဝင်တောင် ပုပွားသာသနာပြုကျောင်းတိုက်၌ ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲနှင့် ကနီမြို့နယ်များမှ နာယကဆရာတော်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များကိုဖိတ်ကြား၍ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြီး ငွေစာရင်းရှင်းတမ်းနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းကို သိရှိရပါကြောင်း။

ဂေါပကအဖွဲ့ဖွဲ့စည်းရာတွင် ယင်းမာပင်ခရိုင်အတွင်းရှိ လေးမြို့နယ်မှ တစ်မြို့နယ်လျှင် ဂေါပကအဖွဲ့ဝင် လေးဦးစီဖြင့် ဂေါပကအဖွဲ့ဝင် ၁၆ ဦးကို တာဝန်ပေးဆောင်ရွက်ခဲ့ပြီး တစ်မြို့နယ်လျှင် ဥက္ကဋ္ဌတာဝန်ကို နှစ်နှစ်စီ အလှည့်ကျစနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အလောင်းတော်ကဿပဂေါပကအဖွဲ့သစ်ကို ဘုရားပွဲတော်အချိန်မီ အသစ်ပြန်လည်တရားဝင်ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ သံဃနာယကဆရာတော်များ၏ ဩဝါဒနှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်ကွပ်ကဲစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန်၏ **မဘိမ်းမြို့နယ်၏ ကျောင်းသား ကျောင်းသူ ၄၄ ဦးမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်းသို့ အဆိုပြုလျှောက်ထားမှုများကို လက်မခံငြင်းပယ်ခံရခြင်းသည် မည်သည့်မူဝါဒနှင့် ညွှန်ကြားချက်ကြောင့်ဖြစ်ရသည်ကို သိလိုခြင်း** မေးခွန်းနှင့် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး၏ **လေရှီးမြို့နယ် အောင်ဇေယျကျေးရွာ၊ အေးချမ်းဖြိုးကျေးရွာ၊ ကူကီးစံပြကျေးရွာ၊ မြေနီကုန်းကျေးရွာနှင့် လှန်လိုင်လှကျေးရွာတို့အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သောက်သုံးရေသွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လည်းကောင်း၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ **တောင်ကုတ်မြို့နယ် ကျော်ကိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ်အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို၏ **ကျောက်ပန်းတောင်းမြို့နယ်ရှိ လေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၏ **ထီးလင်းမြို့ အ.ထ.ကတွင် လိုအပ်လျက်ရှိသော အထက်တန်းပြဆရာခြောက်ဦးအား ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် **အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်ထွန်းက ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၃၂ ချက်တင်ပြ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ သဘောထားရယူ၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်း** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီဝင် ဦးမြင့်ငွေက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြည်သူတို့၏ လိုအပ်ချက်များ၊ ဆန္ဒများ၊ အကြံပြုချက်များကို ယခုထက် ပိုမိုသိရှိနိုင်အောင် ကြိုးစားအကောင်အထည်ဖော်လျက်ရှိပြီး အခြားတစ်ဖက်တွင်လည်း အထူးသဖြင့် ကော်မတီနှင့်တိုက်ရိုက်သက်ဆိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းဆောင်ရွက်မှုများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ အပြန်အလှန် ထိန်းကျောင်းပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မိမိတို့ကော်မတီ၏ အစီရင်ခံစာအား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီဝင် ဦးဇော်ဝင်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်



ဒုတိယဝန်ကြီး
ဦးကြည်မင်း



ယင်းမာပင်မဲဆန္ဒနယ်မှ
ဦးအောင်စိုး




မဘိမ်းမဲဆန္ဒနယ်မှ
ဦးအောင်မြင့်ရှိန်



ထန်တလန်မဲဆန္ဒနယ်မှ
ဒေါ်နီရွှေလျန်း

ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်



စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( လှိုင်လင်မြို့ )

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ လှိုင်လင်မြို့။



# အုန်းတောပင်မဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ ဓာတ်အားလိုင်း (၅)လိုင်းဖြင့် စုစုပေါင်း ၄၄ မဂ္ဂါဝပ်ခန့် မူလ ၆၀ အမ်ဗွီအေနှင့် ထပ်တိုး ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာတို့ဖြင့် လျှပ်စစ်ဓာတ်အားနိုင်နင်းစွာ ဖြန့်ဖြူးပို့လွှတ်ပေးထားပြီဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **စစ်ကိုင်းမြို့နယ် အုန်းတောဓာတ်အားခွဲရုံအား လျှပ်စစ်ဓာတ်အား MVA တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက အုန်းတောပင်မဓာတ်အားခွဲရုံမှ စစ်ကိုင်းမြို့မ ဖီဒါ၊ စစ်ကိုင်းစက်မှုဇုန်ဖီဒါ၊ အုန်းတောနှင့်ဆားတောင်ဖီဒါ၊ မြင်းမူနှင့် မြောင်ဖီဒါ၊ ရွာသစ်ကြီး ချည်မျှင်နှင့် အထည်စက်ရုံ ဖီဒါ ဟူ၍ ၃၃ကေဗွီ ဓာတ်အားလိုင်း (၅)လိုင်းဖြင့် စုစုပေါင်း ၄၄ မဂ္ဂါဝပ်ခန့်ကို မူလ ၆၀ အမ်ဗွီအေနှင့် ထပ်တိုး ၁၀၀ အမ်ဗွီအေထရန်စဖော်မာတို့ဖြင့် လျှပ်စစ်ဓာတ်အားနိုင်နင်းစွာ ဖြန့်ဖြူးပို့လွှတ်ပေးထားပြီဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အတွင်းရှိ အင်းလယ်ကြီး-သရက်တာ-ကျွန်းပင်ကုန်း-ညောင်ကိုင်း-ပျဉ်းတော်-ပုပ္ပားလမ်းရှိ ကျန်ရှိသော မြေသားလမ်း (၅/၂)မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် မြေသားလမ်း(၅)မိုင် (၂)ဖာလုံသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)၌ ပါဝင်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ကျောက်ချောလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျောက်ငူကျေးရွာ အုပ်စု ဆန်နီခင်း(ကုလားကာရီ) တာပေါင်အား ပြန်လည်မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆန်နီခင်း တာပေါင်အား တာပုံစံကျ မြေဖို့ပြုပြင်ခြင်းနှင့် မိုးရာသီအတွင်း ရေထုတ်နုတ်နိုင်ရန်အတွက် ကွန်ကရစ်ရေတံခါး(၁)ခု ထည့်သွင်းတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေကို လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံသွားရမည် ဖြစ်ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်



ဒုတိယဝန်ကြီး
ဦးလှကျော်



ဒုတိယဝန်ကြီး
ဦးခင်မောင်ဝင်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁)မှ ဦးကျော်သောင်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဝင်းအောင်



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၀)မှ ဦးကျော်သန်း

## ရခိုင်ကမ်းလွန် ငါးဖမ်းလုပ်ကွက်များမှ ရရှိသော အခွန်အခ၏ ၂၀ ရာခိုင်နှုန်း သို့မဟုတ် သင့်တော်သော ရာခိုင်နှုန်းကို ရခိုင်ပြည်နယ် ရေလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်း

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရခိုင်ကမ်းလွန် ငါးဖမ်းလုပ်ကွက်များမှ ရရှိသော အခွန်အခ၏ ၂၀ ရာခိုင်နှုန်း သို့မဟုတ် သင့်တော်သော ရာခိုင်နှုန်းကို ရခိုင်ပြည်နယ် ရေလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် ကိစ္စရပ်သည် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့၊ မိမိတို့ဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားရမည့် အခြေအနေဖြစ်ပါကြောင်း၊ ယင်းအပေါ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြလမ်းညွှန်ချက် ခံယူဆောင်ရွက်သွားရန် လိုအပ်မည့် အခြေအနေလည်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အတည်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သော မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကံပြားကျေးရွာ အုပ်စု တောင်စင်ကျေးရွာ ကန်ပြားကန် ရေပိုသောက် တူးမြောင်းပြုပြင်ခြင်း၊ ရေထိန်းတံခါးပြန်လည်ပြုပြင်ခြင်းနှင့် ရေသွယ်လျောက် ပြုပြင်ခြင်းလုပ်ငန်းများအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ကန်ပြားကန်၏ တူးမြောင်းနှင့် ရေထိန်းတံခါး ရေသွယ်လျောက် လုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် လာမည့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရန်ပုံငွေလျာထားပြီး ရန်ပုံငွေရရှိပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ပြင်ဆင်ချက် ဥပဒေကြမ်းကို လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးမြမင်းဆွေက **ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ၂၀၁၈ ခုနှစ် မတ် ၂၁ ရက်မှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလပြီးသည်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)စီမံခန့်ခွဲရေးကဏ္ဍပါ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေရေးဆွဲပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်များနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်သည်ကို သုံးသပ်အကြံပြုပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအနေဖြင့် နိုင်ငံအတွင်းတွင်ရှိသည့်လမ်းများကို နိုင်ငံတကာအဆင့်မီလမ်းများအဖြစ် ပေါ်ပေါက်လာစေရန် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုပုံစံစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ B.O.T စနစ်ဖြင့် ပုဂ္ဂလိက အခန်းကဏ္ဍ မြှင့်တင်ခြင်းများ ဆောင်ရွက်ရန်အတွက် B.O.T စာချုပ်များကို ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်ရန်လိုအပ်ပါကြောင်း။

ကျေးလက်လမ်းများနှင့် ပတ်သက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ပြီးစီးမှုမှာ ၁၀ ဒသမ ၇ ရာခိုင်နှုန်းသာ ပြီးစီးသေးသောကြောင့် သတ်မှတ်လျာထားကာလများတွင် လုပ်ငန်းများပြီးစီးနိုင်ရေးအတွက် ဘဏ္ဍာငွေများကို နှစ်စဉ်လျာထားအတည်ပြု ဆောင်ရွက်သင့်ပါကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်နားထားသော စက်ရုံများကို အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍကို လွှဲပြောင်းခြင်း၊ အကျိုးအမြတ်အလွန်နည်းပါးသော စက်ရုံများကို ရပ်နားပြီး ရောင်းချရန် စီစဉ်ဆောင်ရွက်သင့်ကြောင်းနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်ပါကြောင်း။

လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး တိုးချဲ့တည်ဆောက်မည့် ဓာတ်အားပေးစက်ရုံများတွင် အခြေခံဝန်အားကို ထုတ်ပေးနိုင်သည့် သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၊ ကျောက်မီးသွေးသုံးစက်ရုံများသာမက အထောက်အကူပြုစက်ရုံများဖြစ်သည့် နေရောင်ခြည်သုံးစက်ရုံ၊ လေအားသုံးစက်ရုံများကိုပါ အချိုးကျရင်းနှီးမြှုပ်နှံ၍ စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နှစ်စဉ်တိုးတက်အသုံးပြုနေသည့် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိနိုင်ရေး တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများအား သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ဘဏ္ဍာငွေလျာထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းတွင်ရှိသည့် ရနိုင်သမျှ ရေအား၊ လေအား၊ နေအား၊ အပူစွမ်းအင်နှင့် အခြားစွမ်းအင်အရင်းအမြစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ရေနံလက်ယက်တွင်းများမှ တရားမဝင်ထွက်ရှိနေသည့် ရေနံစိမ်းများကို တရားဝင်တူးဖော်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရေနံလက်ယက်တွင်း တူးဖော်ထုတ်လုပ်နေသည့် ဒေသများတွင် တရားဥပဒေစိုးမိုးရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ မှုခင်းလျော့နည်းကျဆင်းရေး၊ ရေနံလက်ယက်တွင်းဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊ အဂတိလိုက်စားမှုကင်းရှင်းရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ထိရောက်စွာ ပူးပေါင်းကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သည်ကို သုံးသပ်အကြံပြုပါကြောင်း၊ နိုင်ငံတော်၏ ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများ တိုးတက်ရေးအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကော်မတီ၏ လုပ်ငန်းတာဝန်များကို နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲ ဇန်းမော်မြို့တွင် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကချင်ပြည်နယ် ဇန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံအစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များပေးအပ်ခြင်း တို့ပါဝင်မည်ဖြစ်ရာ ဇန်းမော်ခရိုင်အတွင်းရှိ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ အပါအဝင် အခြားနီးစပ်ရာဒေသများမှ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များလည်း အခမ်းအနားသို့ အခမဲ့တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်း-၀၆၇-၇၉၂၁၅၊ ၀၆၇-၇၉၃၇၄၊ ဖုန်း-၀၉-၄၀၀၆၀၄၀၃၃ နှင့် ၀၉-၄၀၀၆၀၅၀၃၃ တို့သို့ ဆက်သွယ်၍ အခမဲ့စာရင်းပေးသွင်းနိုင်ကာ ဇန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင်လည်း လျှောက်လွှာများ အခမဲ့ရယူပြီး ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။ မြန်မာ့အသံချစ်သူအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အဖွဲ့ဝင်သစ်အဖြစ် အခမဲ့ဝင်ရောက်နိုင်ပြီး အခမ်းအနားတက်ရောက်ရန် စာရင်းပေးသွင်းနိုင်ကြသည်။

အခမ်းအနားတွင် Co-Sponsor အဖြစ် ပါဝင်ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်း-၀၆၇-၇၉၃၇၄၊ ၀၉-၄၂၀၇၀၂၇၉၆၊ ၀၉-၄၃၀၈၆၁၁၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၁)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၁)မှ စာပေထူးချွန်ဆု (ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်း ဖြိုးမင်းကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။

### တက်ရောက်

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိီရိပျံ့ချီ ကျော်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စိန်ဝင်းနှင့် ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိီရိပျံ့ချီ ရဲအောင်နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မောင်မောင်ကျော်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

### ချီတက်အလေးပြု

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။

> **မိမိတို့တပ်မတော်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေး ၃ ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန် ထမ်းဆောင်ရန် ပြိုင်တူသစ္စာဆိုထားသူများဖြစ်သည့် အတွက် ပေးအပ်လာသည့်တာဝန်များကို သစ္စာရှိရှိ ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ပြည့်ဖြိုးလှိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း စိုးထက်မြတ်ကျော်၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းဖြိုးမင်းကျော်၊ စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်းအောင်ဖြိုးကျော်၊ စာပေထူးချွန်ဆု (ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်း ပြည့်မိုးလျှံတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

### ကျေပွန်စွာထမ်းဆောင်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်ဆိုသည့် စစ်တက္ကသိုလ်၏ ရည်မှန်းချက်အတိုင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များအဖြစ် အမိစစ်တက္ကသိုလ်ကြီးက လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုလို ကောင်းမွန်သည့် ရည်ရွယ်ချက်နှင့် မွေးဖွားလာခဲ့သည့် ရဲဘော်တို့သည် အမိစစ်တက္ကသိုလ်၏ သမိုင်းအစဉ်အလာများကို စောင့်ထိန်းပြီး လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ခေါင်းဆောင်ကောင်းအရာရှိများအဖြစ် တပ်မတော်(ကြည်း၊ရေ၊လေ) တပ်အသီးသီးတွင် ပေးအပ်လာသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း။

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်မည့် ရဲဘော်တို့သည် မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ဖွဲ့ဝင်များအပေါ် မှန်ကန်သော ခေါင်းဆောင်မှုပေးရန် လိုအပ်ကြောင်း၊ ခေါင်းဆောင်မှုဆိုသည်မှာ ခေါင်းဆောင်ကောင်းများတွင် ထားရှိရမည့် အရည်အသွေးများလည်းဖြစ်ကြောင်း၊ မိမိကွပ်ကဲရသည့် တပ်ဖွဲ့ဝင်များအတွက် စံနမူနာကောင်းဖြစ်နေရုံသာမက အခြားသူများ၏ ယုံကြည်လေးစား အားထားရသောသူများ၊ အသိအမှတ်ပြုခံရသူများဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်ကောင်းဆိုသည်မှာ အသိပညာ၊ အတတ်ပညာများနှင့်လည်း ပြည့်စုံရမည်ဖြစ်ကြောင်း၊ ၎င်းအသိပညာ၊ အတတ်ပညာများကို ကောင်းမွန်သော အတွေးအခေါ်များဖြင့် ပေါင်းစပ်ပြီး မှန်ကန်သည့်ခေါင်းဆောင်မှု၊ ဥပဒေနှင့် ညီညွတ်သောအမိန့်၊ မျှတသော ဆုံးဖြတ်ချက်များဖြင့် မိမိကွပ်ကဲရသည့်တပ်ဖွဲ့ကို တိုးတက်အောင်မြင်ရန် စနစ်တကျ ဦးဆောင်သွားကြရမည်ဖြစ်ကြောင်း။

### ခေတ်နှင့်အညီပြောင်းလဲ

မိမိတို့တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ပြီး ကာကွယ်ရေးဆိုသည်မှာ ချက်ချင်းဆောင်ရွက်၍ မရဘဲ ကြိုတင်ပြင်ဆင်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စစ်တက္ကသိုလ်က စစ်ပညာနှင့် စာပေပညာများကို အခြေခံကောင်းများရရှိအောင် သင်ကြားပေးလိုက်ခြင်းဖြစ်ပြီး မိမိ၏ အရည်အသွေးနှင့် အရည်အချင်းများ၊ မိမိကွပ်ကဲအုပ်ချုပ်ရသည့် တပ်ဖွဲ့ဝင်များ၏ အရည်အသွေးနှင့် အရည်အချင်းများ တိုးတက်နေရန်အတွက် စဉ်ဆက်မပြတ် လေ့ကျင့်မှုများ ဆောင်ရွက်နေကြမည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် ကျန်းမာကြံ့ခိုင်မှုရှိရမည်၊ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုရှိရမည်၊ တိုက်ရဲခိုက်ရဲသည့် စိတ်နှင့် ရဲစွမ်းသတ္တိရှိရမည်ဖြစ်၍ တစ်ဦးချင်းကျွမ်းကျင်မှုအတွက် လေ့ကျင့်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော စစ်အသုံးအဆောင်ပစ္စည်း၊ နည်းပညာများနှင့် ကိုက်ညီအောင် ပြောင်းလဲမှုရှိတိုင်း အသုံးပြုနိုင်ရေး လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် မိမိတို့ တပ်မတော်၏ လေ့ကျင့်ရေးဆောင်ပုဒ်နှင့်အညီ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### ကူညီဆောင်ရွက်

မိမိတို့တပ်မတော်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေး ၃ ပါးကို အမျိုးသားရေး မူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန် ထမ်းဆောင်ရန်ပြိုင်တူသစ္စာဆိုထားသူများဖြစ်သည့်အတွက် ပေးအပ်လာသည့် တာဝန်များကို သစ္စာရှိရှိ ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာသည့် တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် တစ်ခုတည်းသော တပ်မတော်ဖြစ်သည့်အတွက် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမည့်အပြင် ပြည်သူများ၏ နေ့စဉ် လူမှုဘဝ လုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်သည့် အရင်းအမြစ်ကောင်းများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သော်လည်း ငြိမ်းချမ်းရေးအရင်းအမြစ်ကောင်းများ လိုအပ်နေဆဲဖြစ်သည်မှာ အားလုံးလက်ခံရမည့် ပကတိအရှိတရားဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုများ၏ အကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေးရှုပြီး ခေတ်အဆက်ဆက် တောက်လောင်ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခကို အပြီးတိုင် ငြှိမ်းသတ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းလုံးညီညွတ်သော နိုင်ငံတော်အသစ်ကို ပြည်သူ့ဆန္ဒနှင့်အညီ တည်ဆောက်သွားကြရမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် တဒင်္ဂငြိမ်းချမ်းရေး၊ တဒင်္ဂပြဿနာများ ပြေငြိမ်းရေးကိုသာ ဦးတည်ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း NCA လမ်းကြောင်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ NCA စာချုပ်သည် လက်နက်ကိုင်လမ်းစဉ်မှသည် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးမှသည် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုဖြစ်စေရန် လမ်းခင်းပေးထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် NCA အပေါ်တွင်သာ ရပ်တည်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ခိုင်ခိုင်မာမာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များပြီးမြောက်ရေး၊ တိုင်းရင်းသားပြည်သူလူထုက လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့ အရောက်ပေးအပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဆိုသည်ကို ပြောကြားလိုကြောင်း။

### အမျိုးသားရေးတာဝန်ဖြစ်

ဆက်လက်၍ တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကောင်းမြတ်သည့် အစဉ်အလာများကို စောင့်ထိန်းပြီး တာဝန်ကျေပွန်သည့် ယုံကြည်အားထားရသည့် အရာရှိကောင်းများဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အမိတက္ကသိုလ်တွင် လေ့လာဆည်းပူးခဲ့သည့် ပညာရပ်များကို အခြေခံပြီး ခေတ်နှင့်အညီ ပြောင်းလဲနေသော စစ်နည်းဗျူဟာ၊ အတတ်ပညာ၊ အသိပညာများကို စဉ်ဆက်မပြတ် လေ့လာကြရန်၊ တပ်မတော်၏ ကောင်းမွန်သော အစဉ်အလာများကို စောင့်ထိန်းပြီး ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆) ရပ်နှင့်အညီ ခေါင်းဆောင်မှု အရည်အသွေးပြည့်ဝစွာဖြင့် မိမိကွပ်ကဲအုပ်ချုပ်ရသည့် လက်အောက်ကို စည်းလုံးညီညွတ်ပြီး စွမ်းရည်ရှိအောင် ကွပ်ကဲကြရန်၊ တပ်တွင်းစည်းရုံးရေးသာမက၊ တပ်ပြင်စည်းရုံးရေးကိုပါ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ခြင်းဖြင့် တပ်မတော်၏ ဂုဏ်ကို ထွန်းတောက်အောင် ဆောင်ရွက်ကြရန်နှင့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ကာကွယ်ထိန်းသိမ်းပြီး အနာဂတ်ကာလတွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးရသည့် ခေါင်းဆောင်ကောင်းများဖြစ်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ငါးဦးနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ



**နေပြည်တော်  ဒီဇင်ဘာ  ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ရာမှ ယနေ့မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Phoenix Association ၏ဥက္ကဋ္ဌ ဦးသီဟကြိုင်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဒီဇင်ဘာ  ၆**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Phoenix Association ၏ဥက္ကဋ္ဌ ဦးသီဟကြိုင်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် Phoenix Association အနေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်စပ်လျဉ်း၍ အရပ်ဘက်အဖွဲ့အစည်းများကြုံတွေ့နေရသည့် အခက်အခဲများ၊ ဥပဒေပညာရှင်များ၏သုံးသပ်အကြံပြုချက်များ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက် ထုတ်ပြန်

**နေပြည်တော်  ဒီဇင်ဘာ  ၆**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် လူမျိုးပြုန်းတီးစေမှု(Genocide)သည် ကုလသမဂ္ဂ၏ အနှစ်သာရနှင့် ရည်မှန်းချက်တို့မှ သွေဖည်ကြောင်း ယုံကြည်သည့်အားလျော်စွာ မြန်မာနိုင်ငံသည် လူမျိုးပြုန်းတီးစေမှု တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုပြဋ္ဌာန်းပြီး တစ်နှစ်ခန့်အကြာတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အတည်ပြုချုပ်ဆိုရန်အတွက် သက်ဆိုင်ရာဝန်ကြီးက ပါလီမန်သို့တင်သွင်းစဉ် လူမျိုးပြုန်းတီးစေမှုတားဆီးရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ရပ်တည်ချက်ကို ရှင်းလင်းတင်ပြပြီး ပါလီမန်၏ အတည်ပြုချက်ကို ရယူခဲ့ပါကြောင်း၊ လက်ရှိအချိန်အထိလည်း မြန်မာနိုင်ငံအနေဖြင့် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့စဉ်က ရပ်တည်ချက်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတရုံးက နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာကိစ္စများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဥပဒေကြောင်းအရ အကြံပြုနိုင်ရန်အတွက် နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်သည်ဟု သိရှိရပါကြောင်း။

ကုလသမဂ္ဂ၌ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိသည့်အနက် ၅၈ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ တရားရေးဆိုင်ရာပင်မအဖွဲ့ဖြစ်သည့် အပြည်ပြည်ဆိုင်ရာတရားရုံးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သွားရောက်ကာ နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးကိုဖြစ်စေ၊ မည်သည့်ဘာသာကိုဖြစ်စေ၊ မည်သည့်လူ့အစုအဖွဲ့ကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာစေခြင်း၊ တိုက်ခိုက်ခြင်းအလျှင်းမပြုလုပ်ဘဲ ဤပကတိအရှိတရားနှင့် သန္နိဋ္ဌာန်ကို ကမ္ဘာကသိရှိနားလည်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု သိရှိရပါကြောင်း။

ယင်းကဲ့သို့ ကုလသမဂ္ဂအဖွဲ့ဝင်ကောင်းပီသစွာ ဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လှိုက်လှဲစွာထောက်ခံပါကြောင်းနှင့် အောင်မြင်ပါစေဟု ဆန္ဒပြုအပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး JICA အဖွဲ့မှ ပညာရှင်နှင့် တွေ့ဆုံ

**နေပြည်တော်  ဒီဇင်ဘာ  ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် JICA ၏ အကူအညီဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် Mr.Seishi Nabesaka နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

**ချိတ်ဆက်ဆောင်ရွက်**

တွေ့ဆုံစဉ် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် Mr. Seishi Nabesaka အနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတွင် ၂၀၁၉ ခုနှစ် စက်တင်ဘာမှစတင်၍ တာဝန်ထမ်းဆောင်လျက်ရှိရာ ရောက်ရှိသည့်အချိန်မှစ၍ JICA အဖွဲ့အစည်း၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့ရလေ့ရှိသော ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် Master Plan တစ်ခု ရေးဆွဲဆောင်ရွက်နိုင်ရေး၊ ဒေသအလိုက် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်နိုင်ရေး၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျောင်းတွင် သင်တန်းများပူးတွဲပို့ချနိုင်ရေး၊ မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက်(၂၀၁၇)၊ ကမ္ဘာလုံးဆိုင်ရာ ဆန်ဒိုင်းမူဘောင်(၂၀၁၅-၂၀၃၀)တို့ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရေး၊ ရေဘေးအန္တရာယ်အပါအဝင် မီးလောင်မှု၊ မုန်တိုင်း၊ ငလျင်စသည့် သဘာဝဘေးအမျိုးမျိုးအတွက် လိုအပ်သောနည်းပညာများ၊ သက်ဆိုင်ရာဌာနအသီးသီးမှ ပူးပေါင်းဆောင်ရွက်မှုများ၊ ပြင်ဆင်မှုများ၊ အရေးပေါ် ပုံစံတူလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ သတင်းအချက်အလက်များ ထိရောက်လျင်မြန်စွာဖြန့်ဝေခြင်း စသည့်နယ်ပယ်များတွင် ဂျပန်နိုင်ငံရှိ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရဲ့အကျိုးစီးပွားကို ကာကွယ်ကြရမယ်ဆိုတဲ့ ပြည်သူအားလုံးရဲ့ အသိစိတ်ဓာတ် ပေါ်ပေါက်လာတာကို အံ့ဩဖွယ် တွေ့ရပါတယ်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးဟန်ညွန့်**

## အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ဆိုင်ရာ ဥပဒေရေးရာစကားဝိုင်းကျင်းပ

တာရာ ကေကေ

အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice – ICJ) ဆိုင်ရာ ဥပဒေရေးရာစကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် ဦးကိုကို(စက်မှုတက္ကသိုလ်) က ဆောင်ရွက်ပြီး ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်(ငြိမ်း) ဦးထွန်းမြတ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာဦး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင် အဖွဲ့ဝင် ဦးဟန်ညွန့်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်–



**ဦးကိုကို။** ။ မြန်မာနိုင်ငံကို ICJ မှာတရားစွဲဆိုခံရခြင်းနဲ့ ပတ်သက်လို့ ပြည်သူတွေအကြား၊ မီဒီယာတွေအကြား ICJ နဲ့ပတ်သက်လို့ ပြောဆိုရေးသား ဝေဖန်သုံးသပ်ကြတာတွေ အမျိုးမျိုးရှိပါတယ်။ အဲဒီအတွက်ကြောင့် ICJ ဆိုတာဘာလဲ။ ICJ ဟာ ဘယ်လို ရပ်တည်နေသလဲ။ ICJ နဲ့ မြန်မာနိုင်ငံ ဘယ်လိုဆက်စပ်မှုရှိသလဲ စသဖြင့် ဥပဒေရေးရာကိစ္စရပ်တွေကို အများပြည်သူ သိရှိအောင် ဥပဒေရေးရာစကားဝိုင်းကို စီစဉ်ရခြင်းဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ ဆရာကြီးကို စပြီး ဆွေးနွေးစေလိုတာက ICJ ဆိုတာဘာလဲ။ မြန်မာနိုင်ငံနဲ့ရော ဘယ်လိုဆက်စပ်နေတယ်ဆိုတာက စပြီး ဆွေးနွေးပေးပါခင်ဗျာ။

**ဦးထွန်းမြတ်။** ။ ICJ ဆိုတာ အတိုကောက်ပါ။ အင်္ဂလိပ်လိုဆို International Court of Justice (အပြည်ပြည်ဆိုင်ရာတရားရုံး)ဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့ ပင်မအခြေခံ အဆောက်အအုံဖြစ်ပါတယ်။ ကုလသမဂ္ဂမှာ အခြားအဖွဲ့အစည်းတွေ အများကြီး ရှိပါတယ်။ အခြားအဖွဲ့အစည်းတွေနဲ့ ခြားနားတာကတော့ ရုံးချုပ်က နယ်သာလန်နိုင်ငံ သည်ဟိဂ်မှာရှိနေပေမယ့် သူ့ရဲ့အဆင့်က အလွန်မြင့်ထားပါတယ်။ အရေးကြီးတဲ့အပိုင်းမှာလည်း ရှိပါတယ်။ ကုလသမဂ္ဂကထုတ်တဲ့ ပဋိညာဉ်စာချုပ်မှာ Charter of the United Nations လို့ရေးထားပါတယ်။ ဒါပေမယ့် အောက်မှာ ရေးထားတာက and Statute of the International Court of Justice လို့ ရေးထားပါတယ်။ သူကတော့ အရေးကြီးလွန်းလို့ ပဋိညာဉ်စာတမ်းထဲမှာပါတယ်။ ကုလသမဂ္ဂကို ဝင်တာနဲ့ တစ်ပြိုင်နက် ICJ ကို ဝင်ပြီးသားသဘော သက်ရောက်ပါတယ်။ အလိုအလျောက် ကျရောက်တာဖြစ်ပါတယ်။ ၁၉၄၅၊ ၁၉၄၆ ခုနှစ် ကုလသမဂ္ဂစပြီး ပေါ်ပေါက်တဲ့အချိန် International Court of Justice ကလည်း အရင်တုန်းက စစ်မဖြစ်ခင်ကရှိတဲ့ အဖွဲ့ချုပ်က ဆင်းသက်လာတယ်။ အတူတူပေါ်လာတဲ့အဖွဲ့တွေ ဖြစ်ပါတယ်။ ကုလသမဂ္ဂမှာဝင်တဲ့ နိုင်ငံတိုင်းဟာ International Court of Justice မှာ အဖွဲ့ဝင်အနေနဲ့ ဖြစ်တဲ့အတွက် ရုံးတော်မှာအမှုတင်ရင် ဘာမှ အထူးသဘောတူညီချက်ယူနေစရာ မလိုဘူး။ ရုံးတော်ရဲ့ဆုံးဖြတ်ချက်က အတည်ပဲဆိုတာ လက်ခံရာရောက်ပါတယ်။ ငြင်းဆန်လို့လည်းမရဘူး။ ကုလသမဂ္ဂကိုဝင်တာနဲ့တစ်ပြိုင်နက် ရုံးတော်ရဲ့ အာဏာစက်အောက်ကို ရောက်တယ်။ ICJ ရဲ့ လုပ်ရိုးလုပ်စဉ်၊ လုပ်ငန်းတာဝန်လို့လည်း ပြောလို့ရပါတယ်။



**ဦးကိုကို။** ။ မြန်မာနိုင်ငံကလည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် ICJ မှာ အလိုအလျောက်ပါဝင်တယ်။ အခု ဆောင်ရွက်နေတာကလည်း ICJ ရဲ့ လုပ်ထုံးလုပ်နည်း၊ လုပ်ရိုးလုပ်စဉ်ကိစ္စအဖြစ် ဆောင်ရွက်တယ်။ အခု မြန်မာနိုင်ငံကို ICJ က တရားစွဲတဲ့ကိစ္စမှာ သုံးနှုန်းတဲ့ အသုံးအနှုန်းလေးတစ်ခုက Genocide Convention ဆိုတဲ့ အသုံးအနှုန်းတစ်ခုပါ။ ဒါက ဘာလဲဆိုတာ မေးချင်ပါတယ်။ မြန်မာနိုင်ငံကရော Genocide Convention မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့တာ ရှိပါသလား။

**ဒေါက်တာ သီတာဦး။** ။ မြန်မာလိုကတော့ လူမျိုးပြုန်းတီးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံပေါင်းစုံသဘောတူစာချုပ်ပါ။ အင်္ဂလိပ်လိုကတော့ Convention for the Prevention and Punishment of the Crime of Genocide လို့ ခေါ်ပါတယ်။ ဒီစာချုပ်ကို ကျွန်မတို့နိုင်ငံက ၁၉၄၉ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ မူအားဖြင့် စာချုပ်ကို သဘောတူလိုက်တာဖြစ်ပါတယ်။ ပြီးတော့မှ ဒီစာချုပ်ကို ၁၉၅၆ ခုနှစ် မတ် ၁၄ ရက်မှာ အတည်ပြု ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ ဒီသဘောတူစာချုပ်မှာရှိတဲ့ တာဝန်တွေအကုန်လုံးကို ကျွန်မတို့နိုင်ငံက လိုက်နာဆောင်ရွက်ပါ့မယ်လို့ သဘောတူလိုက်တဲ့ အခြေအနေဖြစ်ပါတယ်။

ဒီသဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးစဉ်က တရားရေးဝန်ကြီး ဦးခင်မောင်လတ်က ပြည်သူ့လွှတ်တော်မှာ ဒီသဘောတူစာချုပ်ကို ပါဝင်ခွင့်ပြုဖို့ ၁၉၅၅ ခုနှစ် စက်တင်ဘာ ၂ ရက်မှာ တင်ပြခဲ့တယ်။ သူ့ရဲ့တင်ပြချက်က မှတ်သားစရာ ကောင်းပါတယ်။ မြန်မာနိုင်ငံက ယနေ့ထိ ရဲရဲတင်းတင်းပြောရဲကြောင်း လူတစ်စုနဲ့ တစ်စုဖြစ်စေ၊ ဘာသာတစ်ခုနဲ့တစ်ခု ကိုးကွယ်ရာလူမျိုးအလိုက်ဖြစ်စေ ၊ လူအစုလိုက်ဖြစ်စေ ယနေ့အထိ ဒီလိုကိစ္စမျိုး တစ်ခါမှမပေါ်ဖူးသေးကြောင်း၊ နောင်ကိုလည်း ဘယ်တော့မှ ပေါ်မှာမဟုတ်ကြောင်း၊ ဒါကြောင့် Genocide Convention ကို ရဲရဲဝံ့ဝံ့ လက်မှတ်ရေးထိုးကြောင်း တင်ပြခဲ့ပါတယ်။ နောင်အတွက်ကိုပါ သူက ကတိကဝတ်ပြုလိုက်ပါတယ်။ ကိုယ့်နိုင်ငံအတွက်ကို ယုံယုံကြည်ကြည်နဲ့ လက်မှတ်ရေးထိုးခဲ့တယ်လို့ ပြောလို့ရပါတယ်။ ၁၉၅၅ ခုနှစ် လွှတ်တော်မှာ သူက နောင်အနာဂတ်အတွက်ကိုပါ တာဝန်ယူပြီး တင်ပြခဲ့ပါတယ်။

စာမျက်နှာ ၁၁ သို့ ✳

PUN HLAING SILOAM HOSPITALS
"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"
မလေးရှားနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်
Only JCI Accredited Hospital In Myanmar
နိုင်ငံတကာအတွေ့အကြုံရှိ မလေးရှားနိုင်ငံမှ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး
Dr Sivamohan Namasivayam သည် ပန်းလှိုင်စီလုံဆေးရုံသို့ လာရောက်၍
မီးယပ်နှင့်ပတ်သက်သော ရောဂါအမျိုးမျိုးတို့ကို ခေတ်မီခွဲစိတ်ကုသမှုများပြုလုပ်ပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
ဒီဇင်ဘာလ (၁၅)ရက် မှ (၁၆)ရက်နေ့ အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၂၃၊ ၃၆၈၄၃၂၅၊ ၃၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇
Pun Hlaing Siloam Hospitals

✻ စာမျက်နှာ ၁၀ မှ

အဲဒီလို Convention ကို ဝင်ရောက်မယ်ဆိုစဉ်တုန်းက လွှတ်တော်ကို ခြွင်းချက်နှစ်ရပ်တော့ ပြုခွင့်ပေးပါ။ ဒီ Convention မှာပါတဲ့ Article နှစ်ခုကိုတော့ ကျွန်တော်တို့က လိုက်နာကျင့်သုံးဖို့ လက်မခံလိုတဲ့အတွက် Genocide Convention မှာပါတဲ့ Article 6 နဲ့ Article 8 ကို ဖယ်ထားခွင့်ကိုလည်း လွှတ်တော်ကို တင်ပြခဲ့ပါတယ်။ Article 6 က Genocide Convention မှာပါရှိတဲ့ ပြစ်မှု Genocide ကို ကိုယ့်နိုင်ငံထဲက လူပုဂ္ဂိုလ်တွေက ကျူးလွန်ခဲ့ရင် ကိုယ့်နိုင်ငံရဲ့ တရားရုံးမှာ တရားစီရင်ပေးပါ။ ဒါမှမဟုတ် အပြည်ပြည်ဆိုင်ရာတရားရုံး တစ်ခုခုမှာ တရားစီရင်ပေးပါ။ တစ်ယောက်ယောက်က တောင်းဆိုတာနဲ့ ဒီလိုတောင်းဆိုချက်မျိုးဟာ ကိုယ့်နိုင်ငံထဲမှာ ပြစ်မှုကျူးလွန်ခဲ့ရင် ကိုယ့်တရားရုံးနဲ့ တရားစီရင်ရေးနဲ့ စီရင်မှာပဲ။ သူများက ကိုယ့်ကိုပြောမှ စီရင်တယ်ဆိုတာမျိုးကို လက်မခံဘူး။ နောက်တစ်ခုက Genocide Convention ကို ကျူးလွန်ခဲ့တဲ့နိုင်ငံကို အခြားနိုင်ငံတစ်ခုခုက ကုလသမဂ္ဂရဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ အထွေထွေညီလာခံလို၊ လုံခြုံရေးကောင်စီလိုတွေဆီကို သွားပြီး အရေးယူပေးပါဆိုပြီး တောင်းဆိုလိုက်ရင် ကျွန်တော်တို့၊ ကျွန်မတို့က လိုက်နာဆောင်ရွက်ပါ့မယ်လို့ တစ်ခါတည်း သဘောတူလိုက်တဲ့သဘောမျိုးဖြစ်လို့ အဲဒီနှစ်ခုကိုတော့ ခြွင်းချက်ထားဖယ်ပြီး ဝင်ခဲ့တာဖြစ်ပါတယ်။

**ဦးကိုကို။** ။ **အခုဖြစ်နေတာက မြန်မာနိုင်ငံက တရားစွဲခံရတဲ့သဘောမျိုး ဖြစ်နေတယ်။ ဒီဇင်ဘာ ၁၀ ရက်ဆိုရင် ကျွန်တော်တို့သွားရောက် ရှင်းလင်းတင်ပြရမှာတွေလည်း ရှိနေတယ်။ အဲဒီအပေါ်မှာလည်း အမျိုးမျိုးရေးကြ၊ သားကြတာတွေလည်း ရှိတယ်။ ဆရာမကတော့ ဥပဒေခုံရုံးကိစ္စ၊ တရားရုံးကိစ္စတွေ နိုင်ငံတကာ အတွေ့အကြုံလည်းရှိတော့ အခု သွားရမယ့်ကိစ္စရဲ့ အဓိက ရည်ရွယ်ချက်က ဘာလဲဆိုတာ ပြောပြပေးပါ။**

**ဒေါ်လှမျိုးနွယ်။** ။ အခု ဒီဇင်ဘာ ၁၀ ရက်သွားရမယ့် ကိစ္စက ဂမ်ဘီယာနိုင်ငံက ယာယီတားဆီးပေးတဲ့ အမိန့်တစ်ရပ်ကို ထုတ်ပေးဖို့အတွက် ICJ ရဲ့ ဥပဒေကို ကိုးကားပြီး တောင်းဆိုပါတယ်။ သူရဲ့ တောင်းဆိုချက်ထဲမှာ နိုင်ငံအတွင်းမှာ ဆက်ပြီးသတ်ဖြတ်မှု၊ လူကိုထိခိုက်နာကျင်စေမှုတွေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ၊ သက်သေအထောက်အထားဖျက်ဆီးတဲ့ ကိစ္စတွေ ဒါတွေကို ဆက်မလုပ်အောင် မြန်မာနိုင်ငံဘက်ကတားပေးပါဆိုတာ တစ်ချက်။ နောက်တစ်ချက်က ရခိုင်မှာ အခုနေထိုင်နေတဲ့ အစ္စလာမ်ဘာသာဝင်တွေ၊ လူမျိုးစုတွေအပေါ်မှာ လူမျိုးတုံးဖြစ်စေမယ့် ပြစ်မှုတွေကို ဆက်လက်ပြီး မကျူးလွန်ဖို့ တားမြစ်ပေးပါဆိုတဲ့ တောင်းဆိုချက်တစ်ခု။ နောက်တစ်ခုက ဆရာမဒေါ်သီတာဦး ပြောသွားတဲ့ Genocide Convention ထဲမှာ နိုင်ငံတစ်ခုအနေနဲ့ လိုက်နာဖို့ ဝန်ခံကတိလုပ်ထားတဲ့အချက်ကို လိုက်နာဆောင်ရွက်ပေးပါ။ နောက်ပြီး ဒီအငြင်းပွားမှုကို ပိုမိုဆိုးရွားအောင် မလုပ်ဆောင်နိုင်အောင် တားမြစ်မိန့်ထုတ်ပေးပါဆိုတဲ့ကိစ္စကို ရင်ဆိုင်ဖြေရှင်းဖို့ သွားတာပါ။

နောက်တစ်ခုက ဒီမှာ ကျွန်မတို့အားလုံး ရှင်းရှင်းလင်းလင်း နားလည်ထားဖို့လိုတဲ့အချက်က ဂမ်ဘီယာက မူလတောင်းဆိုထားတဲ့အမှုက Genocide Convention မှာရှိတဲ့ တာဝန်ကို ချိုးဖောက်ခြင်းရှိ၊ မရှိ ဆိုတဲ့ အမှုကတော့ Original Case ဖြစ်ပါတယ်။ ဒါပေမယ့် အခုသွားမယ့်ကိစ္စကတော့ Original Case အတွက်ကို ရင်ဆိုင်ဖို့သွားတာ မဟုတ်ပါဘူး။ ဂမ်ဘီယာက အခု တောင်းဆိုထားတဲ့ ကြားဖြတ်တားဆီးမိန့် ထုတ်ပေးပါဆိုတဲ့ကိစ္စကို ကျွန်မတို့က ကျွန်မတို့နိုင်ငံမှာဖြစ်ပေါ်နေတဲ့ လက်ရှိအခြေအနေအရ ဒီလိုထုတ်ပေးဖို့လည်းမလိုဘူး။ ဒီလို အခြေအနေမျိုးလည်း မရှိဘူးဆိုတာကို ဥပဒေအချက်အလက် အခိုင်အမာနဲ့ ရှင်းရှင်းလင်းလင်းသွားပြီး လျှောက်လဲချက်ပေးမယ့် ကိစ္စပဲဖြစ်ပါတယ်။

**ဦးထွန်းမြတ်။** ။ သာမန်အားဖြင့် ဒီအမှုက ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ်ဆိုသလို ကြာတတ်တဲ့အမှုမျိုးကို အဲဒီလောက်ထိအောင် မစောင့်ဘဲ အခုလောလောဆယ် ဒီပြဿနာပေါ်ဆဲ၊ ဖြစ်ဆဲ၊ ဖြစ်နေတဲ့အတွက် ဒါတွေကို ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ သက်သေ၊ သာဓက မပြခင် ဖြတ်လမ်းကဖြတ်ပြီး ဒါကိုတော့ ရပ်တန်းက ရပ်ပေးပါဆိုပြီး သူတို့က တောင်းဆိုတာဖြစ်ပါတယ်။ ဒါကြောင့် ဒါကို လက်မခံနိုင်ဘူးဆိုတာ သွားပြီးပြောမှာဖြစ်ပါတယ်။

> ထူးထူးခြားခြားတင်ပြလိုတာက အဖွဲ့အစည်းအသီးသီးရဲ့ ထောက်ခံတင်ပြချက်တွေပဲဖြစ်ပါတယ်။ ဥပမာအားဖြင့် "ဝ"အထူးဒေသ (၂)၊ နောက်ပြီး SSPP၊ မြန်မာ မွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ အထူးဒေသ (၄) မိုင်းလား၊ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ စတဲ့ အဖွဲ့အစည်းတော်တော်များများက နိုင်ငံတော်အစိုးရရဲ့ လုပ်ဆောင်ချက်အပေါ်မှာ ထောက်ခံကြောင်း ကြေညာခဲ့ကြပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း အဖွဲ့အစည်းအသီးသီးရဲ့ထောက်ခံတင်ပြချက်တွေက ပေါ်လွှင်စေခဲ့ပါတယ်

**ဦးကိုကို။** ။ **အခုတရားစွဲဆိုမှုမှာ ICJ ဆိုတော့ လူပုဂ္ဂိုလ်လည်း မဟုတ်ဘူး။ နိုင်ငံတော်ကို တရားစွဲတဲ့ကိစ္စလည်း ဖြစ်နေတယ်။ နိုင်ငံတော်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က အင်မတန်မှ ကျယ်ဝန်းတယ်။ ပြည်သူလူထုပါ ပါလာပြီ။ အဲဒီတော့ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးလာပြီ။ အဲဒီအပေါ် ဆရာ ဘယ်လိုများဆွေးနွေးချင်ပါသလဲ။**

**ဦးဟန်ညွန့်။** ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြည်သူလူထုရဲ့ အခန်းကဏ္ဍ၊ ပြည်သူလူထုရဲ့ တုံ့ပြန်မှုက အင်မတန် အံ့မခန်းဖွယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကို အခုလို တရားစွဲဆိုခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး တစ်တိုင်းပြည်လုံးက ပြည်သူများက အုန်းအုန်းကျွက်ကျွက် ဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့်တော့ နိုင်ငံရဲ့ အကျိုးစီးပွားကို ကာကွယ်ကြရမယ်ဆိုတဲ့ ပြည်သူအားလုံးရဲ့ အသိစိတ်ဓာတ်ပေါ်ပေါက်လာတာကို အံ့သြဖွယ်တွေ့ရပါတယ်။ နိုင်ငံတော်ကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ဦးဆောင်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးစီးဆောင်ရွက်မယ်ဆိုတာ သတင်းမီဒီယာများမှာ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်ပြီး နိုင်ငံတော်သမ္မတ အပါအဝင် တာဝန်ရှိတဲ့ လူကြီးမင်းများကို ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး အသေးစိတ်ကြိုတင်ရှင်းလင်းတင်ပြတဲ့ အခမ်းအနားများကိုလည်း ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ကျင်းပခဲ့တဲ့ အကျိုးအကြောင်းအခြေအနေ၊ နောက်ခံသမိုင်းတွေကိုလည်း သတင်းမီဒီယာများမှာ အများပြည်သူသိရှိအောင် ကျွန်တော်တို့ ထုတ်ပြန်ထားရှိပြီးဖြစ်ပါတယ်။ ဒီလိုထုတ်ပြန်ပြီးနောက်ပိုင်းမှာ တစ်တိုင်းပြည်လုံးက ဒီသတင်းကိုသိရှိပြီး ကြိုဆိုထောက်ခံပွဲတွေကိုလည်း ကျင်းပပြုလုပ်လျက်ရှိတာကို အားလုံးအသိပဲဖြစ်ပါတယ်။

ထူးထူးခြားခြားတင်ပြလိုတာက အဖွဲ့အစည်းအသီးသီးရဲ့ ထောက်ခံတင်ပြချက်တွေပဲဖြစ်ပါတယ်။ ဥပမာအားဖြင့် "ဝ"အထူးဒေသ (၂)၊ နောက်ပြီး SSPP၊ မြန်မာ မွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ အထူးဒေသ (၄) မိုင်းလား၊ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ စတဲ့ အဖွဲ့အစည်းတော်တော်များများက နိုင်ငံတော်အစိုးရရဲ့ လုပ်ဆောင်ချက်အပေါ်မှာ ထောက်ခံကြောင်း ကြေညာခဲ့ကြပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း အဖွဲ့အစည်းအသီးသီးရဲ့ထောက်ခံတင်ပြချက်တွေက ပေါ်လွှင်စေခဲ့ပါတယ်။ သို့သော်လည်း ဒီနေရာမှာ ကောက်နုတ်တင်ပြချင်တဲ့ အချက်တစ်ခုရှိပါတယ်။ ဥပမာအားဖြင့် မြောက်ပိုင်း ၃ ဖွဲ့ဖြစ်တဲ့ AA၊ TNLA၊ MNDAA တို့ကတော့ ဆန့်ကျင်ကြေညာခဲ့တဲ့ သဘောထားရပ်တည်ချက်တွေကို တွေ့ရပါတယ်။ အများပြည်သူတို့က အားလုံးတွေ့မြင်သိရှိပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဒီလို ဆောင်ရွက်ချက်တွေအပေါ်မှာ ကြိုဆိုထောက်ခံပွဲတွေကို အသီးသီး ဆက်လက်ဆောင်ရွက်နေတယ်ဆိုတာကိုလည်း တွေ့ရပါတယ်။ တစ်ခုက အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စ၊ အထူးသဖြင့် အလှမ်းမမီတဲ့ကိစ္စဖြစ်တဲ့အတွက် အများပြည်သူလူထုရဲ့ ဘဝမှာ ဥပဒေအသိအမြင်များ ထင်သာမြင်သာ မှန်ကန်စွာသိရှိအောင် ဖြန့်ဖြူးပေးကြပါဆိုတဲ့ အချက်တစ်ချက်ကိုလည်း ကျွန်တော် မေတ္တာရပ်ခံ တင်ပြလိုပါတယ်။

**ဦးကိုကို။** ။ **ဆက်လက်ပြီး မေးမြန်းလိုတာက အတိုကောက်ဝေါဟာရတွေ ပေါ်ကြွယ်ဝတဲ့ခေတ်မှာ ICC၊ ICJ ဆိုပြီး ရောထွေးနေကြတော့ ကွာခြားမှုကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဦးထွန်းမြတ်။** ။ အင်္ဂလိပ်လို တစ်ခုက International Criminal Course၊ တစ်ခုက International Court of Justice ပါ။ စာလုံးချင်းကတော့ ကွာပါတယ်။ နှစ်ခုစလုံးရဲ့ ဌာနချုပ်တွေက နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့မှာ အခြေစိုက်ပါတယ်။ နှစ်ခုစလုံးက တရားရုံးတွေချည်းပဲ ဖြစ်ပါတယ်။ အရေးအကြီးဆုံး ကွာခြားချက်က International Court of Justice က နိုင်ငံအချင်းချင်းအကြားမှာ ပေါ်ပေါက်လာတဲ့ အချင်းဖြစ်ပွားတာ၊ အငြင်းပွားတာတွေကို ဖြေရှင်းဖို့ရာအတွက် ရပ်တည်ထားတဲ့၊ တရားသူကြီး ၁၅ ဦးပါဝင်တဲ့ တရားရုံးတော်ပါ။ ခုနပြောသလိုပဲ ကုလသမဂ္ဂအဖွဲ့ဝင်တွေအပေါ် ဒီရုံးတော်ရဲ့ ဩဇာညောင်းပါတယ်။ ၁၉၄၅ ခုနှစ်ကတည်းက ပေါ်ပေါက်လာပြီး အဖွဲ့ဝင်တွေအကုန်လုံး အကျုံးဝင်ပါတယ်။ ICC ကတော့ ပေါ်ပေါက်တာ အနှစ်နှစ်ဆယ်ရှိပါပြီ။ ပုဂ္ဂလိကနာမည်နဲ့ရွေးပြီး သာမန်ရုံးတွေလိုပဲ တရားစွဲဆိုတာဖြစ်ပါတယ်။ တိုင်းပြည်နဲ့ မဆိုင်ပါဘူး။ ပထမတစ်ခုကတော့ ပုဂ္ဂလိကနဲ့မဆိုင်ဘူး။ တိုင်းပြည်နိုင်ငံအချင်းချင်း ဖြစ်ပါတယ်။ အဲဒီလို ကွာခြားပါတယ်။ နာမည်သာ ဆင်တူယိုးမှားဖြစ်ပေမယ့် ပုံစံနဲ့ ရပ်တည်မှုအနေအထား၊ အဆင့်အတန်းက ကွာပါတယ်။

**ဦးကိုကို။** ။ **နာမည်သာ ဆင်တူယိုးမှား ဖြစ်ပေမယ့် ပုံစံနဲ့ ရပ်တည်မှုနဲ့ အနေအထားက တော်တော်ကွာတယ်ဆိုတာ သိရှိရပါတယ်။**

**ဦးထွန်းမြတ်။** ။ ကျွန်တော်တို့နိုင်ငံနဲ့ ICC ဘယ်လိုပတ်သက်တယ်ဆိုတာ နည်းနည်းဆွေးနွေးချင်ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ ဒီအဖွဲ့အစည်း ပေါ်ပေါက်လာတဲ့အချိန်ကနေ အခုထက်ထိ ကျွန်တော်တို့က အဖွဲ့ဝင်အဖြစ် မပါပါဘူး။ ဒါပေမယ့် ICJ ကတော့ အဖွဲ့ဝင်ဖြစ်ကို ဖြစ်သွားတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်ရင် ဖြစ်ကိုဖြစ်သွားတယ်။ ICC ကတော့ မိမိဆန္ဒအပေါ်မှာပဲ မူတည်တယ်။ အခုထက်ထိ မြန်မာနိုင်ငံက လက်မှတ်မထိုးရသေးဘူး။ တစ်ခုပဲ။ ဒီကိစ္စမှာလည်း ပြဿနာက ဘာလဲဆိုတော့ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာရှိတဲ့ မွတ်ဆလင်တွေ၊ ဘင်္ဂါလီလို့လည်းခေါ်တယ်။ အမျိုးမျိုးခေါ်ကြတယ်။ သူတို့က ဘင်္ဂလားဒေ့ရှ်ကို ပြောင်းသွားတဲ့ အခါကျတော့ ဘင်္ဂလားဒေ့ရှ်က ICC အဖွဲ့ဝင်ထားတဲ့နိုင်ငံ ဖြစ်နေတယ်။ အခုပြဿနာက ICC နဲ့ပေါ်နေတယ်။ သတင်းတွေက ICJ ကိစ္စက များတယ်။ ICC က နည်းနည်းမှိန်နေတယ်။ ICC က ဖြစ်နေတာက တစ်နှစ်ခွဲ၊ နှစ်နှစ်လောက်ရှိနေပြီ။ ၂၀၁၇ ခုနှစ် ကိစ္စတွေဖြစ်ပြီး နောက်ပိုင်း ဒီလူတွေ ဟိုဘက်ရောက်တယ်။ ဟိုဘက်ရောက်တော့ မေးတယ်၊ မြန်းတယ်။ သက်သေယူတယ်ဆိုပြီး ကုလသမဂ္ဂကလည်း Fact Finding Mission တွေ ဝင်လာတယ်။ အခု စကားပြောနေတာ ဘယ်သူကို တရားစွဲမယ်၊ ဘယ်သူ့ကို ဦးတည်မယ် ဒါမျိုးတွေ ပြောနေတယ်။

မြန်မာနိုင်ငံက လက်မှတ်မထိုးပေမယ့် မြန်မာနိုင်ငံကနေ ဘင်္ဂလားဒေ့ရှ်ကို ရောက်သွားတဲ့သူတွေရဲ့ သက်သေသာဓကကိုမူတည်ပြီး တရားစွဲဖို့ သူတို့တွေက ကြံနေတယ်။ အခု အဲဒီအခြေအနေမှာပါ။

(ဆက်လက်ဖော်ပြပါမည်)



# အောက်ဇ်ဝစ်အကျဉ်းစခန်းဟောင်းသို့ ဂျာမနီဝန်ကြီးချုပ်မာကယ်လ် ပထမဆုံးအကြိမ် သွားရောက်

ဘာလင် ဒီဇင်ဘာ ၆
ဒုတိယကမ္ဘာစစ်ကာလအတွင်းက ပိုလန်နိုင်ငံတွင်းရှိ နာဇီတို့၏ သေမင်းတမန်အကျဉ်းစခန်းဟောင်း အောက်ဇ်ဝစ်သို့ ဂျာမနီနိုင်ငံဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်သည် ဒီဇင်ဘာ ၆ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် သွားရောက်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ ဂျာမနီဝန်ကြီးချုပ်အဖြစ် ၁၄ နှစ်တာ တာဝန်ထမ်းဆောင်ခဲ့ချိန်အတွင်း အဆိုပါအကျဉ်းစခန်းသို့ အိန်ဂျလာမာကယ်လ် အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် လာရောက်ခဲ့ခြင်းဖြစ်သည်။

၁၉၄၀ မှ ၁၉၄၅ ခုနှစ်အတွင်း အဆိုပါအကျဉ်းစခန်းတွင် လူမျိုးဦးရေ တစ်သန်းခန့်ကို ဂျာမန်နာဇီတို့က သတ်ဖြတ်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ယင်းအကျဉ်းစခန်းဟောင်းသည် လူမျိုးသုဉ်းသတ်ဖြတ်မှုအားလုံး၏သင်္ကေတဖြစ်လာခဲ့သည်။ အိန်ဂျလာမာကယ်လ်သည် အောက်ဇ်ဝစ်အကျဉ်းစခန်းဟောင်းသို့ တတိယမြောက်လာရောက်သည့် ဂျာမနီဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်က ဂျူးဆန့်ကျင်ရေးဝါဒကို တိုက်ဖျက်မည်ဟု ကတိပြုခဲ့ပြီး ယင်းအကျဉ်းစခန်းအား ဆိုဗီယက်တပ်မတော်က ဂျာမန်နာဇီတို့၏လက်အောက်မှ လွတ်မြောက်စေခဲ့သည့် (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မတိုင်မီ ၄င်း၏ခရီးစဉ်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ၁၉၄၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အဆိုပါ အကျဉ်းစခန်းအား ဆိုဗီယက်တပ်မတော်က ဂျာမန်တို့လက်အောက်မှ လွတ်မြောက်စေခဲ့သည်။

ဂျာမနီဝန်ကြီးချုပ် မာကယ်လ်၏ အောက်ဇ်ဝစ်အကျဉ်းစခန်းသို့ လာရောက်ခဲ့မှုသည် နိုင်ငံရေးအရ အရေးပါသည့် သတင်းစကားပါးမှုတစ်ခုဟုလည်း ရှုမြင်ကြသည်။

အောက်ဇ်ဝစ်အကျဉ်းစခန်းဟောင်းသို့ မသွားရောက်မီ အကြိုရက်တွင် ၄င်း၏အစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်းသည် ဂျူးဆန့်ကျင်ရေးဝါဒအား တိုက်ဖျက်ရန်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် မာကယ်လ်က ပြောကြားခဲ့သည်။

**ကိုးကား– အေအက်ဖ်ပီ၊ ဘာသာပြန်– ဇော်ဝင်း**



# ပြင်သစ်အစိုးရ၏ အငြိမ်းစားလစာစနစ်အပေါ် ပြည်သူများဆန္ဒပြ

ပါရီ ဒီဇင်ဘာ ၆
ပြင်သစ်အစိုးရ၏ အငြိမ်းစားလစာစနစ်ပြုပြင်ပြောင်းလဲမှုအစီအစဉ်ကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြမှုများ ဒီဇင်ဘာ ၅ ရက်တွင် ပြင်သစ်နိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပွားခဲ့သည်။ ယင်းဆန္ဒပြမှုများကြောင့် လမ်းပန်းဆက်သွယ်မှု အားလုံးနီးပါး ရပ်တန့်သွားခဲ့ကာ အကြမ်းဖက်ဆန္ဒပြသူအချို့နှင့် ရဲတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ ရဲတပ်ဖွဲ့၏ ထုတ်ပြန်ကြေညာချက်အရ ဆန္ဒပြသမား ရာနှင့်ချီ ဖမ်းဆီးထားသည်ဟု သိရသည်။

ပြင်သစ်နိုင်ငံတစ်ဝန်းလုံးရှိ မြို့ပေါင်း ၇၀ ကျော်တွင် အစိုးရ၏ အငြိမ်းစားလစာစနစ် ပြုပြင်ပြောင်းလဲမှုအစီအစဉ်အား ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲများ၌ ပါဝင်ဆန္ဒပြသူပေါင်း ရှစ်သိန်းကျော်ပါဝင်ခဲ့ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်၌ ဖော်ပြသည်။ သို့သော် ပြင်သစ်အလုပ်သမားအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်၌ ဆန္ဒပြသူဦးရေ ၁၅ သိန်းခန့်ရှိကြောင်း သိရသည်။

ဆန္ဒပြမှုအတွင်း ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသမားများအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် သတင်းထောက်သုံးဦး ဒဏ်ရာရခဲ့ကြောင်းနှင့် ဆန္ဒပြသမား ၉၀ အား ဖမ်းဆီးခဲ့ကြောင်း ပါရီရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

အလားတူပင် တူးလောက်စ်မြို့တွင် ဆန္ဒပြသမား ၂၂ ဦးနှင့် ဘော်ဒိုးမြို့တွင် ဆန္ဒပြသမား ၃၁ ဦးတို့အား ဖမ်းဆီးခဲ့သည်။

ယင်းဆန္ဒပြမှုများကြောင့် ပါရီမြို့၌ ရထားလမ်းပိုင်း ၁၀ ခု ရပ်တန့်ထားခဲ့ရပြီး ပြင်သစ်တစ်နိုင်ငံလုံးတွင် အမြန်ရထားခရီးစဉ် ၉၀ ရာခိုင်နှုန်းနှင့် ပြည်တွင်းလေကြောင်းခရီးစဉ် ၃၀ ရာခိုင်နှုန်းကို ဖျက်သိမ်းခဲ့ရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– ဇော်ဝင်း**



# အမေရိကန်သံတမန်များအပေါ် တန်ပြန်ကန့်သတ်ချက်များ တရုတ်ချမှတ်

ပေကျင်း ဒီဇင်ဘာ ၆
နိုင်ငံအတွင်းရှိ အမေရိကန် သံတမန်များအပေါ် တန်ပြန်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အမေရိကန်သံတမန်များသည် ဒေသန္တရအရာရှိများနှင့် မတွေ့ဆုံမီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့အသိပေးအကြောင်းကြားရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံက သောကြာနေ့က ပြောကြားသည်။

အောက်တိုဘာလက တရုတ်သံတမန်များအပေါ် ကန့်သတ်ချုပ်ချယ်ခဲ့သည့် အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ချမှတ်ခဲ့သည့် အရေးယူဆောင်ရွက်မှုအသစ်များကို အမေရိကန်သံရုံးသို့ ဗုဒ္ဓဟူးနေ့က အသိပေးအကြောင်းကြားခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဟွာချွန်းယင်က ပြောကြားသည်။

အမေရိကန်နိုင်ငံသည် ၄င်း၏အမှားများကို အမှန်ပြင်ရန်နှင့် သက်ဆိုင်သည့်စည်းမျဉ်းများကို ပြန်လည်ရုပ်သိမ်းရန် မိမိတို့က အမေရိကန်ကို ထပ်မံတိုက်တွန်းကြောင်း ဟွာချွန်းယင်က သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များကို ပြောကြားသည်။

ပြီးခဲ့သည့် အောက်တိုဘာလက တရုတ်သံတမန်များအနေဖြင့် အမေရိကန်သံတမန်များ၊ ဒေသန္တရ သို့မဟုတ် မြူနီစီပယ်အရာရှိများနှင့် ပြုလုပ်သည့် တရားဝင်အစည်းအဝေးပွဲများနှင့် ကောလိပ်များ၊ သုတေသနအဖွဲ့အစည်းများသို့ သွားရောက်လည်ပတ်လေ့လာမှုများကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကြိုတင်အသိပေးရမည်ဟု အမေရိကန်က တရုတ်သံတမန်များကို အမိန့်ပေးခဲ့သည်။ အမေရိကန်သံတမန်များသည် တရုတ်တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တွေ့ဆုံရန် အခက်အခဲတွေ့နေရသဖြင့် တန်ပြန်ဆောင်ရွက်ခြင်းဖြစ်သည်ဟု အမေရိကန်အစိုးရက ပြောသည်။

ဟွာချွန်းယင်က တရုတ်နိုင်ငံရှိ အမေရိကန်သံတမန်များသည် အလုပ်ဖွင့်ရက်ငါးရက်ကြိုတင်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်ဖြစ်ကြောင်း၊ တရုတ်အစိုးရအနေဖြင့် အမေရိကန်၏ကျင့်ထုံးအတိုင်း တုံ့ပြန်မည်ဖြစ်ကြောင်း သောကြာနေ့က ပြောကြားခဲ့သည်။ တရုတ်နိုင်ငံရှိ အမေရိကန်သံရုံးက ယင်းကိစ္စနှင့်ပတ်သက်၍ မှတ်ချက်ပြုရန်ငြင်းဆိုသည်။

**ကိုးကား– အေအက်ဖ်ပီ၊ ဘာသာပြန်– အောင်ဇော်လင်း**

# ဖလော်ရီဒါ ပစ်ခတ်မှုအတွင်း အရပ်သားနှစ်ဦးအပါအဝင် လေးဦး သေဆုံး

ဝါရှင်တန် ဒီဇင်ဘာ ၆
အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ ယမန်နေ့က လက်ဝတ်ရတနာစတိုးဆိုင်တစ်ခုကို ဓားပြတိုက်ရန်ကြိုးပမ်းသည့် သံသယရှိသူနှစ်ဦးကို ရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီးစဉ် သေနတ်ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ အပြစ်မဲ့ အရပ်သားနှစ်ဦးအပါအဝင် လေးဦးသေဆုံးခဲ့သည်။

သေနတ်ပစ်ခတ်မှုမှာ ဖလော်ရီဒါပြည်နယ် မီယာမီမြို့လယ်ကောင်၏ အနောက်တောင်ဘက်တွင် တည်ရှိသော ကော်ရယ်လ်ဂါဘေးစ်ရှိ လက်ဝတ်ရတနာစတိုးဆိုင်တစ်ခု၌ စတင်ခဲ့ခြင်းဖြစ်ပြီး စတိုးဆိုင်အလုပ်သမားတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။ ဓားပြဟု သံသယရှိသူနှစ်ဦးက အမြန်လမ်းမကြီးရဲတပ်ဖွဲ့၏ လိုက်လံဖမ်းဆီးမှုအတွင်း UPS ထရပ်ကားတစ်စင်းကို ပြန်ပေးဆွဲကာ ယာဉ်မောင်းတစ်ဦးကို ဓားစားခံအဖြစ် ခေါ်ဆောင်၍ ထွက်ပြေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ ရဲတပ်ဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်မှုအတွင်း ဓားပြဟု သံသယရှိသူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ထရပ်ကားမောင်းသူနှင့် အခြားအပြစ်မဲ့အရပ်သားတစ်ဦး မည်ကဲ့သို့ သေဆုံးခဲ့သည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။ ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)က ဖြစ်ရပ်နှင့်ပတ်သက်သော စုံစမ်းစစ်ဆေးမှုကို ဦးဆောင်လျက်ရှိသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# ဆာမိုအာနိုင်ငံ၌ ဝက်သက်ရောဂါကြောင့် သေဆုံးသူဦးရေ ၆၃ ဦးအထိ မြင့်တက်လာ

ဆူဗာ ဒီဇင်ဘာ ၆
ပစိဖိတ်သမုဒ္ဒရာဒေသအတွင်း ကျွန်းစုနိုင်ငံလေးဖြစ်သော ဆာမိုအာနိုင်ငံတွင် ပြီးခဲ့သည့် အောက်တိုဘာလကတည်းက ဖြစ်ပွားသော ဝက်သက်ရောဂါကြောင့် သေဆုံးသူဦးရေ ၆၃ ဦးအထိ မြင့်တက်လာခဲ့သည်။

ယမန်နေ့က အဆိုပါရောဂါကြောင့် နောက်ထပ်တစ်ဦး သေဆုံးခဲ့ပြီးနောက် ယနေ့အထိ သေဆုံးသူဦးရေ ၆၃ ဦးအထိ မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ယင်းသေဆုံးသူများအနက် အများစုမှာ အသက်ငါးနှစ်အောက် ကလေးငယ်များဖြစ်သည်။

လက်ရှိတွင် ဆာမိုအာနိုင်ငံ၌ ဝက်သက်ရောဂါခံစားသူဦးရေ ၄၃၅၇ ဦးကို ရောဂါရှာဖွေစောင့်ကြည့်ရေးအဖွဲ့က မှတ်တမ်းတင်ထားပြီး ယင်းတို့အနက် ဝေဒနာရှင် ၁၄၀ ကို ယမန်နေ့က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဆာမိုအာကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ လောလောဆယ် ဝက်သက်ရောဂါဝေဒနာရှင် ၁၇၈ ဦးသည် နိုင်ငံအတွင်းရှိ ဆေးရုံများတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိကြသည်။

နိုင်ငံအတွင်းရှိ စာသင်ကျောင်းအားလုံး ပိတ်ပင်ခြင်း၊ နိုင်ငံအတွင်း လူထုစုဝေးမှုတားမြစ်ခြင်းများနှင့်အတူ ဆာမိုအာအစိုးရက အရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာထားပြီး ဝက်သက်ကာကွယ်ဆေးအစုလိုက် ထိုးနှံခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ဝန်ထမ်းများအနေဖြင့် တစ်နိုင်ငံလုံး ဝက်သက်ကာကွယ်ဆေးအစုလိုက် ထိုးနှံမှုတွင် ဆေးဘက်တာဝန်ရှိသူများအား ကူညီနိုင်ရန်အတွက် နိုင်ငံအတွင်းရှိ ပြည်သူ့ဝန်ဆောင်မှုဌာနနှင့် အစိုးရဌာနအများစုကို ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်အထိ ပိတ်ခဲ့သည်။

ထို့အတူ တောင်ပစိဖိတ်နိုင်ငံဖြစ်သော ဖီဂျီနိုင်ငံတွင်လည်း ဝက်သက်ဝေဒနာခံစားသူဦးရေ ၁၈ ဦးအထိ မြင့်တက်လာခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့အတည်ပြုပြောကြားသည်။ ဖီဂျီနိုင်ငံတွင် ယခုနှစ်နိုဝင်ဘာလမှစ၍ ဝက်သက်ရောဂါဖြစ်ပွားခဲ့သည်။

ဝက်သက်ရောဂါသည် ရောဂါဝေဒနာရှင်များ၏ နှာခေါင်း၊ ပါးစပ်နှင့်လည်ချောင်းများမှ ထွက်ပေါ်လာသော အရည်စက်ကလေးများမှ တစ်ဆင့် အလွန်ကူးစက်လွယ်သော ဗိုင်းရပ်စ်ရောဂါ တစ်မျိုးဖြစ်သည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# တရုတ်အလယ်ပိုင်း၌ မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွား၊ ခုနစ်ဦးသေ၊ ၁၃ ဦး ဒဏ်ရာရ

ပေကျင်း ဒီဇင်ဘာ ၆
တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်ရှိ မီးရှူးမီးပန်းစက်ရုံတစ်ခု၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူခုနစ်ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုမှာ ဒီဇင်ဘာ ၄ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးရှူးမီးပန်းများ တရားမဝင်ထုတ်လုပ်မှုကြောင့် ဖြစ်ကြောင်း လျို့ရန်မြို့တော်အစိုးရအဖွဲ့က ပြောကြားသည်။ ယင်းသို့သော ပေါက်ကွဲမှုမျိုးမှာ အထူးသဖြင့် ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျရောက်သည့် နှစ်သစ်ကူးအကြိုကာလတွင် မကြာခဏ ဖြစ်ပွားလေ့ရှိသည်။ မေးမြန်းစစ်ဆေးရန် စက်ရုံမန်နေဂျာများကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခဲ့ကြောင်း ပြည်နယ်အစိုးရက ပြောသည်။

လျို့ရန်မြို့တော်အတွင်းရှိ မီးရှူးမီးပန်းထုတ်လုပ်ရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းထားရန် ပြည်နယ်အာဏာပိုင်များက ဒီဇင်ဘာ ၅ ရက်တွင် အမိန့်ပေးခဲ့သည်။

**ကိုးကား– စထရိတ်တိုင်းမ်**
**ဘာသာပြန် – ကျော်ထိုက်စိုး**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်သံလွှင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# ရုပ်သံလွှင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း အစီအစဉ်ဖြင့် ပြုလုပ်သော ရုပ်သံလွှင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့အကြား ပူးပေါင်းဆောင်ရွက်သည့် MRTV ၏ ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ကျင့်ဝတ်များ၊ သတင်းထောက်လက်စွဲတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုကြမည်ဖြစ်ကြောင်း၊ မြန်မာနှင့် ဂျပန်နှစ်နိုင်ငံအကြား ရုပ်သံလွှင့်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရုပ်သံလွှင့်လုပ်ငန်းကို ၁၉၈၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး စတင်ခဲ့သည့်အချိန်မှာပင် ဂျပန်နိုင်ငံ Japanese Sasakawa Foundation ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ထုတ်လွှင့်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှရုပ်သံလွှင့်စတူဒီယိုတည်ဆောက်ခြင်းနှင့် စက်ပစ္စည်းကိရိယာများ ကူညီထောက်ပံ့ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ ရုပ်မြင်သံကြားစနစ် စတင်ထုတ်လွှင့်ခဲ့ရာတွင် ဂျပန်နိုင်ငံ၏ ထောက်ပံ့ကူညီမှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ဟု ဆိုနိုင်ပါကြောင်း၊ ယနေ့ဆွေးနွေးကြမည့် အစီအစဉ်များသည်လည်း ဂျပန်နိုင်ငံ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများပင် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလွှင့်မီဒီယာကဏ္ဍ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် လိုအပ်ချက်များကို ပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးအကြံပြုစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ JICA Myanmar Office မှ Chief Representative ဖြစ်သူ Mr.Masayuki Karasawa က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် JICA နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းတစ်ခုလုံး၏ အနှစ်ချုပ်လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံထုတ်လွှင့်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဂျပန်ပညာရှင်များနှင့် ပူးပေါင်းရေးဆွဲလျက်ရှိသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ အခြေခံကျင့်ဝတ်များ မူကြမ်း၊ သတင်းထောက်လက်စွဲမူကြမ်း၊ ရုပ်သံလွှင့်လမ်းညွှန်စာစောင်မူကြမ်းနှင့် ပြည်သူ့အကျိုးပြု အစီအစဉ်များတိုးချဲ့ထုတ်လွှင့်ရေး အကြံပြုချက်မူကြမ်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြဆွေးနွေးကြပြီး အဆိုပါ မူကြမ်းများအပေါ် တက်ရောက်လာကြသူများကလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် JICA ၏ အစီအစဉ်ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလွှင့်ကဏ္ဍ အရည်အသွေးမြှင့်တင်ရေးထောက်ပံ့ကူညီဆောင်ရွက်နေမှုများ၊ ပြည်သူ့အကျိုးပြုအစီအစဉ် ထုတ်လုပ်ပုံလုပ်ငန်းစဉ်နှင့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုရလဒ်များကို အဓိကဆွေးနွေးခဲ့ကြသည်။

**ပထမဆုံးစတင်ထုတ်လွှင့်**

စီမံကိန်းများအနေဖြင့် ပထမအကြိမ်အဖြစ် ၁၉၈၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ဆေးရောင်စုံရုပ်မြင်သံကြားအစီအစဉ် ထုတ်လွှင့်မှုများအား ဂျပန်နိုင်ငံ Japanese Sasakawa Foundation နှင့် JICA ၏ ODA အထောက်အပံ့များဖြင့် ၁၉၈၀ ပြည့်နှစ်များတွင် ပထမဆုံး စတင်ထုတ်လွှင့်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၃ ခုနှစ်တွင် ဂျပန်နိုင်ငံယဉ်ကျေးမှုဆိုင်ရာ ရန်ပုံငွေအထောက်အပံ့ဖြင့် NHK မှ ရုပ်သံလွှင့်အစီအစဉ် ၃၈၃ ခုအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခု တတိယအကြိမ်အဖြစ် ဂျပန်နိုင်ငံအစိုးရ၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအကူအညီဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံအစီအစဉ်အရည်အသွေးများ တိုးတက်မြင့်မားရေး၊ ဝန်ထမ်းများအား လိုအပ်သည့်လေ့ကျင့်သင်တန်းပေးရေးနှင့် ပြည်သူ့အကျိုးပြုအစီအစဉ်များ တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် လေးနှစ်စီမံကိန်းရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်သည် စီမံကိန်း၏ စတုတ္ထမြောက်နှစ်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် စတုတ္ထအကြိမ်အဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံလွှင့်စက်ပစ္စည်းများနှင့် ရိုက်ကူးရေးစတူဒီယိုများ အဆင့်မြှင့်တင်ခြင်းကို ဂျပန်နိုင်ငံ၏ JICA ODA Grant အထောက်အပံ့ဖြင့် ရုပ်သံလွှင့်စက်ပစ္စည်းများ အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ဆောင်ရွက်ခဲ့ရာ စီမံကိန်းပြီးမြောက်ခဲ့ပြီး စက်ပစ္စည်းကိရိယာများ စတင်အသုံးပြုခြင်း အခမ်းအနားကို အောက်တိုဘာ ၇ ရက် တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)နှင့် တပ်ကုန်းတို့၌ Live Broad-casting သရုပ်ပြတင်ဆက်မှုများနှင့်အတူ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ၂၀၁၉ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ အထိမ်းအမှတ်လှူပ်ရှားမှုပြခန်းကို ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ဒက္ခိဏသီရိမြို့နယ် ကြာပင်ကျေးရွာအုပ်စုရှိ ထန်းတပင်ကျေးရွာ၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပပြီး ကိုယ်ဝန်ဆောင်မိခင်များကို ကလေးအင်္ကျီ၊ အနီးပိတ်နှင့် အားဆေးများကို ထောက်ပံ့ပေးအပ်သည်။

**သန့်ဇော်**




# အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ရှေ့မှောက်၌ မြန်မာ့အကျိုးစီးပွားကို ခုခံကာကွယ်ခြင်း

## ဟန်စံ (နာဂိုယာတက္ကသိုလ်)

**နိဒါန်း**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူတွေနဲ့ပတ်သက်ပြီး ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice – ICJ) မှာ တရားစွဲဆိုသွားမှာဖြစ်ကြောင်း ဂမ်ဘီယာရှေ့နေချုပ်နဲ့ တရားရေးဝန်ကြီး Mr. Abubacarr Marie Tambadou ရဲ့ ပြောကြားချက်ကို ကမ္ဘာ့သတင်းမီဒီယာတွေမှာ ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၀ ရက်နေ့ကစပြီး ဖော်ပြလာခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ စတင်ကျင်းပတဲ့ (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံအတွင်း အဖွဲ့ဝင်နိုင်ငံတွေပြောကြားတဲ့ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတွေကို လေ့လာကြည့်ရာမှာလည်း ဂမ်ဘီယာ ဒုတိယသမ္မတ Dr. Isatou Touray က စက်တင်ဘာလ ၂၆ ရက်နေ့က ဂမ်ဘီယာနိုင်ငံအနေနဲ့ OIC ကိုယ်စား နေရပ်စွန့်ခွာသူတွေကိစ္စကို ICJ ထံ ဦးဆောင်တင်သွင်းသွားဖို့ရှိကြောင်းနဲ့ ဒီလုပ်ငန်းစဉ်မှာ သက်ဆိုင်သူတွေအားလုံး ပူးပေါင်းပံ့ပိုးသွားဖို့ တောင်းဆိုခဲ့ပါတယ်။

အဲဒီနောက် ဂမ်ဘီယာနိုင်ငံက ICJ ထံ နိုဝင်ဘာလ ၁၁ ရက်နေ့မှာ အမှုတင်သွင်းလွှာတင်သွင်းပြီး မြန်မာနိုင်ငံကို တရားဝင်တရားစွဲဆိုခဲ့ပါတယ်။ ICJ ကလည်း ဂမ်ဘီယာနိုင်ငံက Genocide Convention ကိုအသုံးပြုပြီး မြန်မာနိုင်ငံအပေါ် တရားစွဲဆိုထားတဲ့ကိစ္စနဲ့ပတ်သက်လို့ အများပြည်သူလာရောက်နားထောင်နိုင်တဲ့ ကြားနာမှု (public hearing) ကို လာမယ့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကနေ ၁၂ ရက်နေ့အထိ ပြုလုပ်သွားမှာဖြစ်ကြောင်း ICJ ရဲ့ သတင်းထုတ်ပြန်ချက်အမှတ် 2019/49 ကို နိုဝင်ဘာလ ၁၈ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ ICJ သို့ ဦးဆောင်သွားရောက်ဖို့ရှိကြောင်း နိုဝင်ဘာလ ၂၀ ရက်နေ့က သတင်းထုတ်ပြန်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ICJ ရှေ့မှောက်ရင်ဆိုင်မယ့် မြန်မာ–ဂမ်ဘီယာအမှုကိစ္စနဲ့ ပတ်သက်ပြီး မြန်မာနဲ့ ကမ္ဘာ့သတင်းမီဒီယာတွေမှာ ကျယ်ကျယ်ပြန့်ပြန့်ရေးသားပြောဆိုသုံးသပ်လာတာကို တွေ့နေရပါတယ်။

ICJ အပါအဝင် အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးစနစ်ရဲ့ လုပ်ထုံးလုပ်နည်းတွေဟာ သိမ်မွေ့နက်နဲပြီး ရှုပ်ထွေးခက်ခဲတာကြောင့် တစ်ခါတစ်ရံမှာ နားလည်မှုလွဲမှားတတ်ကြပါတယ်။ ဒါကြောင့် ဒီသုတေသနဆောင်းပါးမှာ **ICJ ရဲ့ သဘောသဘာဝ၊ စီရင်ပိုင်ခွင့်အာဏာ၊ Genocide Convention နဲ့ မြန်မာနိုင်ငံရဲ့ဆက်စပ်မှု၊ ICJ ရဲ့ ကြားဖြတ်စီမံဆောင်ရွက်ချက်(သို့) ယာယီအမိန့်** စတာတွေကို အပြည်ပြည်ဆိုင်ရာဥပဒေရှုထောင့်ကနေ လေ့လာသုံးသပ်ရှင်းလင်းဖော်ပြသွားပါမယ်။ ICJ ရှေ့မှောက် ရင်ဆိုင်ခဲ့တဲ့၊ ရင်ဆိုင်နေတဲ့အမှုအချို့ကိုလည်း ဥပမာပေးပြီး အကျဉ်းဖော်ပြသွားပါမယ်။ အင်္ဂလိပ်ဘာသာပြန်ဆိုမှု/ဖလှယ်မှုနဲ့ပတ်သက်ပြီး နားလည်မှုမရှုပ်ထွေးစေဖို့အတွက် အရေးကြီးအချက်တွေမှာတော့ မူရင်းအင်္ဂလိပ်စာသား၊ အသုံးအနှုန်းတွေကို ယှဉ်တွဲဖော်ပြသွားပါမယ်။ အပြည်ပြည်ဆိုင်ရာဥပဒေရဲ့နက်နဲမှုတွေအပေါ် ပိုမိုရှင်းလင်းစွာသိရှိလိုသူတွေ အထောက်အကူဖြစ်စေဖို့အတွက် ကုလသမဂ္ဂပဋိညာဉ်၊ အပြည်ပြည်ဆိုင်ရာတရားရုံးချုပ်ရဲ့ဥပဒေ (ICJ Statute) နဲ့ သက်ဆိုင်ရာကွန်ဗင်းရှင်းတွေက ပြဋ္ဌာန်းချက်တွေကိုလည်း တိတိကျကျ ကိုးကားဖော်ပြသွားမှာဖြစ်ပါတယ်။

**ICJ ၏ သဘောသဘာဝ**

ICJ ကို ကုလသမဂ္ဂပဋိညာဉ်အရ ၁၉၄၅ ခုနှစ်မှာ စတင်တည်ထောင်ပါတယ်။ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့မှာ ရုံးစိုက်ပါတယ်။ ICJ ဟာ ကုလသမဂ္ဂရဲ့ အဓိကတရားစီရင်ရေးအဖွဲ့ဖြစ်ပါတယ်။ ICJ Statute ကို ကုလသမဂ္ဂပဋိညာဉ်ရဲ့ ခွဲခြား၍မရသော အစိတ်အပိုင်းအဖြစ် မှတ်ယူထားပြီး ကုလသမဂ္ဂပဋိညာဉ် **အပိုဒ် ၉၃ (၁)** ပါ ပြဋ္ဌာန်းချက်အရ ကုလသမဂ္ဂမှာပါဝင်တဲ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးဟာ အလိုအလျောက် ICJ ရဲ့ စာချုပ်ဝင်နိုင်ငံတွေဖြစ်ကြပါတယ်။ ICJ နဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေကို ကုလသမဂ္ဂပဋိညာဉ် **အခန်း (၁၄)၊ အပိုဒ် ၉၂ မှ ၉၆** အထိမှာ ဖော်ပြထားပါတယ်။ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) ကို Rome statute အရ တည်ထောင်ထားတဲ့ နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court – ICC) နဲ့လည်း အမှတ်မှားတတ်ကြပါတယ်။

**အဓိကတာဝန်များ**

အကျဉ်းချုပ်အားဖြင့် ICJ အနေနဲ့ အဓိကတာဝန် (၂) ရပ်ကို ဆောင်ရွက်ပါတယ်။

(က) **ပထမတာဝန်**အနေနဲ့ ICJ ထံတင်သွင်းလာတဲ့ နိုင်ငံတွေအကြား ပေါ်ပေါက်တဲ့ ဥပဒေဆိုင်ရာ အငြင်းပွားမှုတွေကို အပြည်ပြည်ဆိုင်ရာဥပဒေနဲ့အညီ ဖြေရှင်းပေးပါတယ်။

(ခ) **ဒုတိယတာဝန်**ကတော့ အထွေထွေညီလာခံ (ဒါမှမဟုတ်) လုံခြုံရေးကောင်စီအပါအဝင် ကုလသမဂ္ဂအဓိကအဖွဲ့အစည်းတွေနဲ့ အထူးအေဂျင်စီတွေက မေးမြန်းလာတဲ့ ဥပဒေရေးရာ ကိစ္စရပ်တွေအပေါ် **အကြံပြုထင်မြင်ချက် (advisory opinion)** ပေးပါတယ်။

တစ်ရပ်မဟုတ်ပေမယ့်လည်း လုံခြုံရေးကောင်စီအဖွဲ့ဝင် (၅)နိုင်ငံက တရားသူကြီးတွေ ပုံမှန်ရွေးကောက်တင်မြှောက်ခံရလေ့ရှိပါတယ်။ ICJ တရားသူကြီးရွေးကောက်တင်မြှောက်ပွဲဟာ အသွင်ထူးခြားတဲ့ မဲပေးရွေးချယ်မှုဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်သူအနေနဲ့ လုံခြုံရေးကောင်စီနဲ့ အထွေထွေညီလာခံနှစ်ရပ်စလုံးမှာ တစ်ပြိုင်နက်တည်းပြုလုပ်တဲ့ ရွေးကောက်ပွဲမှာ မဲအရေအတွက်အသာစီး (majority) ရရှိဖို့ လိုအပ်ပါတယ်။ လက်ရှိ တရားသူကြီး ၁၅ ဦးကတော့ ဆိုမာလီယား (ဥက္ကဋ္ဌ)၊ တရုတ်(ဒုတိယဥက္ကဋ္ဌ)၊ ဆလိုဗက်ကီးယား၊ ပြင်သစ်၊ မော်ရိုကို၊ ဘရာဇီးလ်၊ အမေရိကန်၊ အီတလီ၊ ယူဂန်ဒါ၊ အိန္ဒိယ၊ ဂျမေကာ၊ ဩစတြေးလျ၊ ရုရှား၊ လက်ဘနွန်၊ ဂျပန်နိုင်ငံသားတွေပဲဖြစ်ကြပါတယ်။ အကျဉ်းချုပ်ဖော်ပြရရင် ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ ဗြိတိန်အနေနဲ့ ယှဉ်ပြိုင်ဘက် အိန္ဒိယကို အထွေထွေညီလာခံမှာ မဲအရေအတွက်အရ ရှုံးနိမ့်ခဲ့ရတဲ့အတွက် နှစ်ပေါင်း ၇၀ ကျော်အတွင်း ပထမဦးဆုံးအကြိမ် ICJ မှာ ဗြိတိန်နိုင်ငံသား ရွေးကောက်တင်မြှောက်ခြင်း မခံရတဲ့အခြေအနေကို ရင်ဆိုင်ခဲ့ပါတယ်။

တရားသူကြီးတွေအနေနဲ့ အမှုကိစ္စတွေကို စီရင်ဆုံးဖြတ်ရာမှာ အပြည်ပြည်ဆိုင်ရာဥပဒေကြောင်းအရ စဉ်းစား

**စီရင်ပိုင်ခွင့်အာဏာ**

ICJ အနေနဲ့ အငြင်းပွားမှုတွေကို ဖြေရှင်းပေးနိုင်ဖို့အတွက် သက်ဆိုင်ရာနိုင်ငံတွေအနေနဲ့ တရားရုံးရဲ့စီရင်ပိုင်ခွင့်အာဏာကို လက်ခံဖို့လိုအပ်ပါတယ်။ ICJ ရဲ့စီရင်ပိုင်ခွင့်အာဏာဟာ သက်ဆိုင်ရာနိုင်ငံက သဘောတူလက်ခံတဲ့ အပေါ်မှာမူတည်တဲ့ သဘောသဘာဝရှိတာကို သတိပြုရပါမယ်။ ICJ Statute ရဲ့ **အပိုဒ် ၃၆ (၂)** မှာ တရားရုံးရဲ့စီရင်ပိုင်ခွင့်အာဏာ (compulsory jurisdiction) နဲ့ပတ်သက်လို့ အသေးစိတ်ပြဋ္ဌာန်းထားပါတယ်။ ၂၀၁၈ ခုနှစ်မှတ်တမ်းအရ ICJ ရဲ့ compulsory jurisdiction ကို နိုင်ငံပေါင်း ၇၃ နိုင်ငံကသာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ ယင်းတို့ရဲ့ကြေညာချက်ပေးပို့၍ အတိအလင်း လက်ခံထားပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံအနက် ဗြိတိန်နိုင်ငံကသာ လက်ခံထားပြီး အာဆီယံနိုင်ငံတွေအနက် ကမ္ဘောဒီးယားနဲ့ ဖိလစ်ပိုင်နိုင်ငံတွေကသာ လက်ခံထားပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် မြန်မာနိုင်ငံဟာ အလိုအလျောက် ICJ စာချုပ်ဝင်နိုင်ငံဖြစ်လာသော်လည်း မြန်မာနိုင်ငံဟာ ICJ ရဲ့ compulsory jurisdiction ကို ယခုအချိန်အထိ

> **ICJ ဟာ နိုင်ငံတွေအကြားဖြစ်ပွားတဲ့ ဥပဒေဆိုင်ရာအငြင်းပွားမှုတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းပေးတဲ့ တရားရုံးဖြစ်ပါတယ်။ contentious အမှုကို ဆိုလိုပါတယ်။ တစ်နည်းအားဖြင့် ICJ ဟာ နိုင်ငံအချင်းချင်းဖြစ်ပွားတဲ့အမှုတွေကိုသာ စီရင်ပိုင်ခွင့်ရှိပြီး နိုင်ငံတွေကသာ ICJ ရှေ့မှောက်မှာ တရားရင်ဆိုင်နိုင်ပါတယ်။ ဒီနေရာမှာ သတိပြုရမယ့် ခြွင်းချက်တစ်ခုကတော့ မိမိနိုင်ငံသားတစ်ဦးရဲ့နစ်နာမှုအပေါ် သက်ဆိုင်ရာနိုင်ငံက ကိုယ်စားပြုပြီးတင်သွင်းမယ်ဆိုရင် နိုင်ငံအချင်းချင်းဖြစ်ပွားတဲ့ အမှုအသွင်ဆောင်ပါတယ်။ ICJ အနေနဲ့ ပြစ်မှုကျူးလွန်တယ်လို့ စွပ်စွဲခံရသူ တစ်ဦးချင်းတစ်ယောက်ချင်းအပေါ်မှာ စီရင်ပိုင်ခွင့်မရှိပါဘူး။**

အသေးစိတ်ရှင်းလင်းရရင် ICJ ဟာ **နိုင်ငံတွေအကြား**ဖြစ်ပွားတဲ့ ဥပဒေဆိုင်ရာအငြင်းပွားမှုတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းပေးတဲ့ တရားရုံးဖြစ်ပါတယ်။ contentious အမှုကို ဆိုလိုပါတယ်။ တစ်နည်းအားဖြင့် ICJ ဟာ နိုင်ငံအချင်းချင်း ဖြစ်ပွားတဲ့အမှုတွေကိုသာ စီရင်ပိုင်ခွင့်ရှိပြီး နိုင်ငံတွေကသာ ICJ ရှေ့မှောက်မှာ တရားရင်ဆိုင်နိုင်ပါတယ်။ ဒီနေရာမှာ သတိပြုရမယ့်ခြွင်းချက်တစ်ခုကတော့ မိမိနိုင်ငံသားတစ်ဦးရဲ့ နစ်နာမှုအပေါ် သက်ဆိုင်ရာနိုင်ငံက ကိုယ်စားပြုပြီး တင်သွင်းမယ်ဆိုရင် နိုင်ငံအချင်းချင်းဖြစ်ပွားတဲ့ အမှုအသွင်ဆောင်ပါတယ်။ ICJ အနေနဲ့ ပြစ်မှုကျူးလွန်တယ်လို့ စွပ်စွဲခံရသူ **တစ်ဦးချင်းတစ်ယောက်ချင်း**အပေါ်မှာ စီရင်ပိုင်ခွင့်မရှိပါဘူး။

ကုလသမဂ္ဂပဋိညာဉ် **အပိုဒ် ၉၆** အရ ICJ ဟာ အထွေထွေညီလာခံ (ဒါမှမဟုတ်) လုံခြုံရေးကောင်စီအပါအဝင် ကုလသမဂ္ဂအဓိကအဖွဲ့အစည်းတွေနဲ့ အထူးအေဂျင်စီတွေက မေးမြန်းလာတဲ့သူတို့ရဲ့ လုပ်ငန်းတာဝန်ဆောင်ရွက်မှုဘောင်အတွင်းကျရောက်တဲ့ ဥပဒေရေးရာကိစ္စရပ်တွေအပေါ် အကြံပြုထင်မြင်ချက်ပေးနိုင်ပါတယ်။ Advisory opinion တွေဟာ **ဥပဒေအရ စည်းနှောင်မှုမရှိပေမယ့်လည်း** နိုင်ငံတကာအသိုက်အဝန်းက အထူးအလေးထားကြပါတယ်။ ICJ Statute ရဲ့ **အပိုဒ် ၅၉** အရ ICJ ရဲ့ စီရင်ဆုံးဖြတ်ချက်ဟာ အမှုဖြစ်နေတဲ့ သက်ဆိုင်ရာအငြင်းပွားနိုင်ငံတွေအကြားမှာသာ ဥပဒေအရ စည်းနှောင်မှုရှိပါတယ်။ အမှုနဲ့ မသက်ဆိုင်တဲ့နိုင်ငံတွေအပေါ် စည်းနှောင်မှုမရှိတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ ICJ ရဲ့ စီရင်ဆုံးဖြတ်ချက်ဟာ အပြီးသတ်ဖြစ်ပြီး အယူခံပိုင်ခွင့်မရှိပါဘူး။

**တရားသူကြီးများ၏ အခန်းကဏ္ဍ**

ICJ ကို ရွေးကောက်ခံတရားသူကြီး ၁၅ ဦးနဲ့ ဖွဲ့စည်းထားပြီး ၎င်းတို့အနေနဲ့ သက်တမ်း (၉) နှစ် တာဝန်ထမ်းဆောင်ပါတယ်။ တရားသူကြီးတွေအနေနဲ့ ထပ်မံရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပါတယ်။ စည်းကမ်းသတ်မှတ်ချက်

ဆုံးဖြတ်ပြီး လျှောက်လဲချက်တွေ၊ တင်သွင်းတဲ့သက်သေခံအထောက်အထားတွေ၊ စာရွက်စာတမ်းတွေ ခိုင်မာမှုအပေါ် အခြေခံစဉ်းစားပါတယ်။ နိုင်ငံရေးအရ ဘက်လိုက်မှုကင်းစင်အောင် ပြုမူကျင့်ကြံကြပါတယ်။ တရားသူကြီးတွေ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကို ICJ Statute ရဲ့ **အပိုဒ် ၁၆၊ ၁၇ နဲ့ ၂၀** တို့မှာ အသေးစိတ်ပြဋ္ဌာန်းထားပါတယ်။ သာဓကတစ်ခုအနေနဲ့ (၁၉၉၅–၂၀၀၉) ခုနှစ် သက်တမ်းကာလ ICJ တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဗြိတိန်နိုင်ငံက တရားသူကြီး Rosalyn Higgins အနေနဲ့ ICJ တရားသူကြီးအဖြစ် တာဝန်မထမ်းဆောင်မီ ဥပဒေပါမောက္ခအဖြစ် ဆောင်ရွက်နေစဉ် ၁၉၉၄ ခုနှစ်က စင်ကာပူနိုင်ငံကို စင်ကာပူ–မလေးရှား (Pedra Branca) အမှုကိစ္စအတွက် ဥပဒေအကြံဉာဏ်ပေးခဲ့ဖူးပါတယ်။ ICJ တရားသူကြီး မဖြစ်ခင် ဒီလိုတိုင်ပင်ဆွေးနွေးခဲ့ဖူးတာကြောင့် အဲဒီအမှု ICJ ရှေ့မှောက် အမှန်တကယ်ရင်ဆိုင်ဖြေရှင်းတဲ့အခါ ICJ တရားသူကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ သူမအနေနဲ့ အမှုမှာပါဝင်ပြီး စီရင်ဆုံးဖြတ်မှု မပြုလုပ်ခဲ့ပါဘူး။

နောက်ထပ်သတိပြုရမယ့်အချက်တစ်ခုကတော့ ICJ ရှေ့မှောက် အမှုရင်ဆိုင်ရမယ့်အမှုသည်နိုင်ငံတွေရဲ့ နိုင်ငံသားဟာ လက်ရှိရွေးကောက်တင်မြှောက်ခံထားရတဲ့ ICJ တရားသူကြီး ၁၅ ဦးထဲမှာ မပါဝင်ရင် အမှုသည်နိုင်ငံတွေအနေနဲ့ **Judge Ad Hoc** တစ်ဦးစီ ခန့်အပ်ပိုင်ခွင့်ရှိပါတယ်။ Judge Ad Hoc ခန့်အပ်ခွင့်ကို ICJ Statute ရဲ့ **အပိုဒ် ၃၁** အရ အခွင့်အာဏာအပ်နှင်းထားတာဖြစ်ပါတယ်။ မြန်မာ–ဂမ်ဘီယာအမှုမှာ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးအဖြစ် (၂၀၀၈–၂၀၁၄) ခုနှစ် သက်တမ်းကာလ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ တောင်အာဖရိကနိုင်ငံက တရားသူကြီး Navanethem Pillay ကို Judge Ad Hoc အဖြစ် ဂမ်ဘီယာဘက်က ခန့်အပ်ထားပါတယ်။

လက်ခံထားခြင်းမရှိသေးပါဘူး။ ဒါ့အပြင် နိုင်ငံတွေအနေနဲ့ ICJ ရဲ့စီရင်ပိုင်ခွင့်ကို ကိစ္စရပ်တစ်ခုချင်းစီအလိုက် အထူးသဘောတူညီချက် (case-specific special agreement) ချုပ်ဆိုပြီးတော့လည်း သဘောတူလက်ခံနိုင်ပါတယ်။

**မြန်မာနိုင်ငံအပေါ် ICJ ၏ စီရင်ပိုင်ခွင့်အာဏာ**

မြန်မာနိုင်ငံအပေါ် ICJ ရဲ့ စီရင်ပိုင်ခွင့်အာဏာ သက်ရောက်နိုင်မှုအခြေအနေနဲ့ပတ်သက်ပြီး လေ့လာကြည့်မယ်ဆိုရင် ICJ Statute ရဲ့ **အပိုဒ် ၃၆ (၁)** ပါ ပြဋ္ဌာန်းချက်ဟာ အထူးသတိပြုဖွယ်ဖြစ်ပါတယ်။ ICJ Statute ရဲ့ **အပိုဒ်၃၆ (၁)** အရ ICJ စာချုပ်ဝင်နိုင်ငံတွေ ရည်ညွှန်းလက်ခံတဲ့အမှုတွေအားလုံးနဲ့ ကုလသမဂ္ဂပဋိညာဉ် (ဒါမှမဟုတ်) **အသက်ဝင်လျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာစာချုပ်နဲ့ ကွန်ဗင်းရှင်းတွေမှာ** ဖော်ပြထားတဲ့ ကိစ္စရပ်တွေအားလုံးအပေါ် ICJ အနေနဲ့ စီရင်ပိုင်ခွင့်အာဏာရှိပါတယ်။

**Genocide Convention ၏ လက်ရှိအခြေအနေ**

Genocide Convention လို့ခေါ်တဲ့ 1948 Convention on the Prevention and Punishment of the Crime of Genocide ဟာ လက်ရှိအသက်ဝင်လျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်တစ်ခု ဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့ ၂၀၁၇ ခုနှစ် ဇူလိုင်လမှတ်တမ်းအရ နိုင်ငံပေါင်း ၁၄၈ နိုင်ငံဟာ စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ပါတယ်။ Genocide Convention အရ လူမျိုးတုံးသတ်ဖြတ်မှုကို အပြည်ပြည်ဆိုင်ရာပြစ်မှုအဖြစ် အသိအမှတ်ပြုထားပါတယ်။ Genocide Convention ရဲ့ **Article I** အရ စာချုပ်ဝင်နိုင်ငံတွေအနေနဲ့ လူမျိုးတုံးသတ်ဖြတ်မှုကို ကာကွယ်ဖို့နဲ့ ယင်း၏နယ်မြေပိုင်နက်အတွင်းမှာ ကျူးလွန်ခဲ့ပါက အရေးယူအပြစ်ပေးဖို့ တာဝန်ရှိကြောင်း ဖော်ပြထားပါတယ်။ Genocide Convention ရဲ့ **Article II** မှာတော့ လူမျိုးတုံးသတ်ဖြတ်မှု (Genocide)နဲ့ပတ်သက်ပြီး အသေးစိတ် အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

**စာမျက်နှာ ၁၅ သို့** ❖

❖ စာမျက်နှာ ၁၄ မှ

**မြန်မာနိုင်ငံနှင့် Genocide Convention**

မြန်မာနိုင်ငံဟာ Genocide Convention ကို (၃၀-၁၂-၁၉၄၉) ရက်နေ့မှာ ပါဝင်လက်မှတ်ရေးထိုးထားပြီး၊ (၁၄-၃-၁၉၅၆) ရက်နေ့မှာ အတည်ပြု (Ratification) ထားတဲ့ စာချုပ်ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ Genocide Convention ကို အတည်ပြုပါဝင်ခဲ့စဉ်က Genocide Convention ရဲ့ **Article VI** နှင့် **Article VIII** တို့ကို ခြွင်းချက်ပြုပါဝင်ထား (reservation ပြုလုပ်ထား) ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ Genocide Convention ရဲ့ စီရင်ပိုင်ခွင့်ဆိုင်ရာပြဋ္ဌာန်းချက်တစ်ခုဖြစ်တဲ့ **Article IX** ကို reservation ပြုလုပ်ထားခြင်း မရှိပါဘူး။ Genocide Convention ရဲ့ **Article IX** မှာ စာချုပ်ဝင်နိုင်ငံတွေအကြား အငြင်းပွားမှုပေါ်ပေါက်ပါက ICJ ကို တင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ အလားတူ ဂမ်ဘီယာနိုင်ငံအနေနဲ့လည်း **Article IX** ကို reservation ပြုလုပ်ထားခြင်း မရှိပါဘူး။ ဒါကြောင့် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် Genocide Convention အသုံးပြုပြီး ICJ မှာ တရားစွဲဆိုလာခြင်းဖြစ်ကြောင်း သုံးသပ်နိုင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကတော့ **Article IX** ကို reservation ပြုလုပ်ထားတဲ့အတွက် အခြားစာချုပ်ဝင်နိုင်ငံအပေါ် ICJ မှာ တရားစွဲဆိုပိုင်ခွင့်မရှိကြောင်း ယေဘုယျအားဖြင့် ဆိုနိုင်ပါတယ်။

**ICJ ၏လုပ်ငန်းစဉ်များ**

ICJ အနေနဲ့ ယင်း၏အမှုတွေကို ယေဘုယျအားဖြင့် လူသိရှင်ကြား ကြားနာစစ်ဆေးလေ့ရှိပါတယ်။ အမှုရင်ဆိုင်စဉ်အတွင်း ICJ ရှေ့မှောက်သို့ နှုတ်နဲ့သော်လည်းကောင်း၊ စာနဲ့သော်လည်းကောင်း လျှောက်ထားတင်သွင်းမှုတွေကို ပြုလုပ်နိုင်ပါတယ်။ ICJ အနေနဲ့ ကျွမ်းကျင်တဲ့ ထင်မြင်ယူဆချက်ရယူနိုင်ဖို့အတွက် လိုအပ်တဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေကို ဆင့်ခေါ်ရွေးချယ်နိုင်သလို၊ အမှုနှင့်သက်ဆိုင်သည့် နေရာတွေကိုလည်း သွားရောက်လေ့လာခဲ့တဲ့ ဖြစ်စဉ်တွေရှိပါတယ်။ ICJ ရဲ့ စည်းမျဉ်းလုပ်ထုံးလုပ်နည်း (Rules of Court) အသေးစိတ်ကို ၁၉၇၈ ခုနှစ်၊ ဧပြီလ (၁၄) ရက်နေ့က အတည်ပြုခဲ့ပြီး အခါအားလျော်စွာ ပြင်ဆင်ဖြည့်စွက်ချက်တွေကို ပြုလုပ်နေပါတယ်။ နောက်ဆုံးအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်ကို ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၁ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။

**ကြားဖြတ်စီမံဆောင်ရွက်ချက်များ (Provisional Measures)**

ICJ Statute ရဲ့ **အပိုဒ် ၄၁** အရ အမှုရင်ဆိုင်နေစဉ်ကာလအတွင်း ICJ အနေနဲ့ Provisional Measures လို့ခေါ်တဲ့ လတ်တလော ကြားဖြတ်စီမံဆောင်ရွက်ချက် (သို့) ယာယီအမိန့်ကို ချမှတ်နိုင်ပါတယ်။ Interim Order လို့လည်း ခေါ်ပါတယ်။ ICJ အနေနဲ့ အပြီးသတ်စီရင်ဆုံးဖြတ်ချက်မချမှတ်မီကာလအတွင်း နှစ်ဖက်အမှုသည်နိုင်ငံတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးဖို့၊ အမှုကိုကောင်းစွာကြားနာစစ်ဆေးနိုင်စေဖို့နဲ့ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေ ပိုမိုမဆိုးရွားစေဖို့အတွက် Provisional Measures တွေကို ချမှတ်ပေးတာဖြစ်ပါတယ်။ ICJ ရှေ့မှောက်ရင်ဆိုင်ရတဲ့ အမှုတစ်ခုအနေနဲ့ ဖြေရှင်းရတဲ့ အချိန်ကာလအတိုင်းအတာတစ်ခုအထိ ကြာမြင့်လေ့ရှိပေမယ့်လည်း Provisional Measures ကိုတော့ အပြီးသတ်စီရင်ဆုံးဖြတ်ချက်မချမှတ်ခင် ICJ အနေနဲ့ **"ကာလတိုအတွင်း"** ချမှတ်နိုင်ပါတယ်။

သာဓကအနေနဲ့ လူမျိုးရေးခွဲခြားဆက်ဆံမှု အလုံးစုံပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ICERD) ကို အသုံးပြုပြီး ICJ မှာ (၁၁-၆-၂၀၁၈) ရက်နေ့က ကာတာနိုင်ငံက အာရပ်စော်ဘွားများပြည်ထောင်စုကို တရားစွဲဆိုထားတဲ့အမှုမှာ စတင်တရားစွဲဆိုပြီး **(၁) လကျော်အကြာ** (၂၃-၇-၂၀၁၈) ရက်နေ့မှာ ICJ က Provisional Measures ကို ချမှတ်ပေးခဲ့ပါတယ်။ အလားတူ အီရန်-အမေရိကန် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် ချစ်ကြည်ရေး၊ စီးပွားရေးဆက်ဆံရေးနှင့် ကောင်စစ်အခွင့်အရေးဆိုင်ရာစာချုပ်ကို ချိုးဖောက်ကြောင်း စွပ်စွဲပြီး ICJ မှာ (၁၆-၇-၂၀၁၈) ရက်နေ့က အီရန်နိုင်ငံက အမေရိကန်ပြည်ထောင်စုကို တရားစွဲဆိုထားတဲ့အမှုမှာ စတင်တရားစွဲဆိုပြီး **(၂) လကျော်အကြာ** (၃-၁၀-၂၀၁၈) ရက်နေ့မှာ ICJ က Provisional Measures ကို ချမှတ်ပေးခဲ့ပါတယ်။

လုပ်ငန်းစဉ်အနေနဲ့ Provisional Measures ချမှတ်ပေးဖို့ လျှောက်ထားလာခဲ့ရင် ICJ အနေနဲ့ ဦးစားပေးစဉ်းစားဆုံးဖြတ်ပေးနိုင်ဖို့အတွက် ကြားနာမှုပြုလုပ်သွားမယ့်နေ့ရက်ကို ဦးစွာသတ်မှတ်ပါတယ်။ ကြားနာမှုမှာ နှစ်ဖက်အမှုသည် နိုင်ငံတွေအနေနဲ့ နှုတ်နဲ့လျှောက်ထားတင်သွင်းမှုတွေကို အပြန်အလှန် ပြုလုပ်ကြပါတယ်။ ကြားနာမှုပြုလုပ်စဉ် ICJ တရားသူကြီးတွေအနေနဲ့ အမှုသည်နိုင်ငံတွေကို မေးခွန်းထုတ်နိုင်ပြီး ဖြေကြားချက်တွေကို စာနဲ့ ပြန်လည်တင်ပြရပါတယ်။ တစ်ဖက်က စာနဲ့ ပြန်ကြားချက်တွေအပေါ် အခြားတစ်ဖက်က အမှုသည်နိုင်ငံအနေနဲ့ စာနဲ့ ပြန်လည်မှတ်ချက်ပြုနိုင်ပါတယ်။

Provisional Measures ရဲ့ ဥပဒေအရ သက်ရောက်မှုအပေါ် အရင်တုန်းက အမြင်ကွဲလွဲမှုတွေရှိခဲ့ပေမယ့်လည်း ICJ ရဲ့အမှုတစ်ခုဖြစ်တဲ့ ဂျာမနီ-အမေရိကန် (LaGrand) အမှုကစလို့ ဥပဒေအရ စည်းနှောင်မှုရှိကြောင်း ဆုံးဖြတ်ထားပါတယ်။ ဒါပေမယ့် ICJ က အပြီးသတ်စီရင်ဆုံးဖြတ်ချက်ချမှတ်ပြီးရင် (ဒါမှမဟုတ်) အမှုကို ပလပ်လိုက်ရင်၊ ဒီ Provisional Measures တွေကို ဆက်လက်လိုက်နာဖို့ မလိုအပ်တော့ပါဘူး။ Rules of Court ရဲ့ **Article 75 (2)** အရ ချမှတ်ပေးတဲ့ Provisional Measures ဟာ အမှုသည်နိုင်ငံတွေ တောင်းဆိုထားချက်အားလုံး (ဒါမှမဟုတ်) တစ်စိတ်တစ်ဒေသ (ဒါမှမဟုတ်) အခြားသင့်လျော်တဲ့ အမိန့်ဖြစ်နိုင်တာကို သတိပြုရပါမယ်။ တောင်းဆိုထားတဲ့အတိုင်း ထပ်တူကျချင်မှ ကျပါမယ်။ Provisional Measures ချမှတ်ခြင်း/ ပယ်ချခြင်းကြောင့် အမှုသည်နိုင်ငံတွေရဲ့ တရားရုံးရဲ့စီရင်ပိုင်ခွင့် (Jurisdiction)၊ အမှုကို လက်ခံကြားနာစစ်ဆေးခြင်း (Admissibility) စတဲ့ အချက်တွေအပေါ် ကန့်ကွက်ခွင့်၊ မေးခွန်းထုတ်ခွင့်၊ ခုခံချေပခွင့် အပါအဝင် အမှုရဲ့စီရင်ဆုံးဖြတ်ချက် (merits of the case) အပေါ် မည်သည့်အခွင့်အရေးမှ ဆုံးရှုံးခြင်းမရှိကြောင်း ICJ ရဲ့ အမိန့်တွေမှာ ထည့်သွင်းဖော်ပြလေ့ရှိပါတယ်။ တစ်နည်းအားဖြင့် Provisional Measures ချမှတ်ခြင်း/ ပယ်ချခြင်းဟာ အမှုတစ်ခုလုံးရဲ့ အပြီးသတ်အနိုင်-အရှုံး မဟုတ်ဘူးလို့ ဆိုနိုင်ပါတယ်။ Provisional Measures ချမှတ်ရာမှာ တရားသူကြီးတွေအနေနဲ့ တညီတညွတ်တည်း ဆုံးဖြတ်နိုင်သလို၊ တရားသူကြီးတွေအကြားမှာ သဘောထားအမြင် မတူညီရင် မဲခွဲဆုံးဖြတ်နိုင်ပါတယ်။ တရားသူကြီးတွေအနေနဲ့ သူတို့တစ်ဦးချင်းစီရဲ့ ထင်မြင်ယူဆချက်တွေ၊ ကြေညာချက်တွေကိုလည်း သီးခြားစီဖော်ပြနိုင်ပါတယ်။

**မြန်မာ-ဂမ်ဘီယာအမှုကြားနာမှု**

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို ICJ မှာ နိုဝင်ဘာလ (၁၁) ရက်နေ့က တရားစွဲဆိုခဲ့ပြီး ICJ အနေနဲ့ Provisional Measures ချမှတ်ပေးဖို့ တောင်းဆိုထားပါတယ်။ မြန်မာ-ဂမ်ဘီယာ အမှုဆိုင်ရာ public hearing ကို ICJ မှာ လာမယ့် ဒီဇင်ဘာလ (၁၀) ရက်ကနေ (၁၂) ရက်နေ့အထိ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ **မကြာခင် ပြုလုပ်မယ့် ကြားနာမှုဟာ Provisional Measures ချမှတ်ပေးဖို့ လျှောက်ထားချက်အပေါ် စဉ်းစားဆုံးဖြတ်ပေးနိုင်ဖို့အတွက် ကြားနာခြင်းသာဖြစ်တာကို သတိပြုရပါမယ်။** ဒီဇင်ဘာလ (၁၀) ရက်နေ့မှာ ဂမ်ဘီယာနိုင်ငံက လည်းကောင်း၊ ဒီဇင်ဘာလ (၁၁) ရက်နေ့မှာ မြန်မာနိုင်ငံက လည်းကောင်း ပထမအကြိမ် နှုတ်နဲ့လျှောက်ထားတင်သွင်းမှု ပြုလုပ်သွားဖို့ သတ်မှတ်ထားပြီး တစ်နိုင်ငံကို (၃) နာရီ ခွင့်ပြုထားပါတယ်။ ဒုတိယအကြိမ် နှုတ်နဲ့လျှောက်ထားတင်သွင်းမှုကိုတော့ ဒီဇင်ဘာလ (၁၂) ရက်နေ့မှာ ဂမ်ဘီယာနိုင်ငံက ဦးစွာပြုလုပ်ဖို့ရှိပြီး အဲ့ဒီနောက် မြန်မာနိုင်ငံက ပြုလုပ်ရပါမယ်။ တစ်နိုင်ငံကို အချိန် (၁) နာရီခွဲစီ ခွင့်ပြုထားပါတယ်။ မြန်မာ-ဂမ်ဘီယာအမှုနဲ့ ပတ်သက်တဲ့ Provisional Measures ချမှတ်ပေးဖို့ လျှောက်ထားချက်အပေါ် ICJ အနေနဲ့ ကာလတိုအတွင်း စဉ်းစားဆုံးဖြတ်သွားနိုင်ကြောင်း အရင်အမှုတွေရဲ့ အမှုအသွားအလာအရ သုံးသပ်နိုင်ပါတယ်။

**ICJ ရှေ့မှောက်၌ တရားရင်ဆိုင်မှုမပြုခြင်း (non-appearance)**

ICJ Statute ရဲ့ **အပိုဒ်၅၃ (၁)** အရ ICJ ရှေ့မှောက်မှာ တရားရင်ဆိုင်ရမယ့် နိုင်ငံတစ်နိုင်ငံအနေနဲ့ တရားရင်ဆိုင်ရန် မလာရောက်ပါက (ဒါမှမဟုတ်) တရားရင်ဆိုင်ပြီး ခုခံချေပခြင်း မပြုပါက၊ အခြားတစ်ဖက်က ၎င်းတို့ တင်ပြချက်အပေါ် **အနိုင်ပေးတဲ့ ဆုံးဖြတ်ချက်ချမှတ်ပေးဖို့ (to decide in favour)** တောင်းဆိုနိုင်တဲ့ အခွင့်အရေးရှိကြောင်း ပြဋ္ဌာန်းထားတာကို အထူးသတိပြုရမှာ ဖြစ်ပါတယ်။ သာဓကအနေနဲ့ Nicaragua Case လို့ထင်ရှားတဲ့ Nicaragua v. United States အမှုမှာ အမေရိကန်ပြည်ထောင်စုအနေနဲ့ ICJ မှာ အမှုဆက်လက်ရင်ဆိုင်ချေပခြင်း မပြုခဲ့ကြောင်းနဲ့ ၁၉၈၆ ခုနှစ်မှာ တရားရုံးရဲ့ အပြီးသတ်စီရင်ဆုံးဖြတ်ချက်ထွက်ပေါ်လာတဲ့အခါ ရှုံးနိမ့်ခဲ့ပါတယ်။ ICJ ရဲ့ စီရင်ဆုံးဖြတ်ချက်မှာ အမေရိကန်နိုင်ငံအနေနဲ့ စာချုပ်စာတမ်းဥပဒေနဲ့ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေတို့ကို ချိုးဖောက်ခဲ့ကြောင်း အပါအဝင် အခြားလိုက်နာရမယ့် အချက်တွေနဲ့အတူ Nicaragua နိုင်ငံကို လျော်ကြေးပေးဖို့ကိုပါ ထည့်သွင်းဆုံးဖြတ်ခဲ့ပါတယ်။ ICJ ရဲ့ စီရင်ဆုံးဖြတ်ချက်ကို လိုက်နာဖို့ ပျက်ကွက်ခဲ့သော်လည်း ဗီတိုအာဏာရှိတဲ့ လုံခြုံရေးကောင်စီဝင်ဖြစ်တာကြောင့် အမေရိကန်နိုင်ငံအပေါ် လုံခြုံရေးကောင်စီအဆိုဆုံးဖြတ်ချက်တစ်ရပ် အတည်ပြုချမှတ်နိုင်ခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့် အမေရိကန်နိုင်ငံဟာ နောက်ပိုင်းမှာ Nicaragua နိုင်ငံကို များပြားတဲ့ ကူညီထောက်ပံ့မှုတွေ ပေးအပ်ခဲ့ပြီး ICJ မှာ non-appearance နည်းလမ်းကို ရှောင်ရှားလာခဲ့ပါတယ်။

**Bosnian Genocide Case**

ICJ ရှေ့မှောက် လူမျိုးတုံးသတ်ဖြတ်မှုနဲ့ ဆက်နွယ်တဲ့ အမှု (၄)ခု တင်သွင်းခဲ့ဖူးပါတယ်။ အဲ့ဒီအမှုတွေအနက် ICJ မှာ Genocide Convention အသုံးပြုပြီး တရားစွဲဆို၊ စီရင်ဆုံးဖြတ်ခဲ့တဲ့ အမှုတစ်ခုကတော့ Bosnia and Herzegovina v. Serbia and Montenegro အမှုဖြစ်ပါတယ်။ Bosnia က Federal Republic of Yugoslavia (FRY) (နောင်မှာ Serbia and Montenegro ဟု အမည်ပြောင်း)ကို Genocide Convention အား ချိုးဖောက်ကြောင်း စွပ်စွဲတဲ့အငြင်းပွားမှုဖြစ်ပါတယ်။ စတင်တရားစွဲဆိုပြီး **(၁၉) ရက်အကြာ**မှာ ICJ က Provisional Measures ကို ချမှတ်ပေးခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာ အမှုစတင်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှာ ICJ အနေနဲ့ အပြီးသတ်စီရင်ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါတယ်။ နှစ်ကာလအားဖြင့် အမှုအစ-အဆုံး (၁၄) နှစ်ခန့် ကြာမြင့်ခဲ့လို့ ICJ သမိုင်းမှာ အကြာဆုံး အမှုတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ Socialist Federal Republic of Yugoslavia **(SFRY)** နိုင်ငံဟာ ကုလသမဂ္ဂရဲ့ မူလအဖွဲ့ဝင်နိုင်ငံ ဖြစ်ပေမယ့်လည်း ယင်းပြိုကွဲခဲ့ပြီးနောက်ပိုင်း Federal Republic of Yugoslavia **(FRY)** ဟာ ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် ပြန်လည်လျှောက်ထားခဲ့ရပါတယ်။ ၂၀၀၀ ပြည့်နှစ်တွင်မှ ကုလသမဂ္ဂအဖွဲ့ဝင် ပြန်ဖြစ်လာခဲ့ပါတယ်။ FRY မှ Serbia and Montenegro သို့ ၂၀၀၃ ခုနှစ်တွင် တရားဝင်အမည်ပြောင်းလဲခဲ့ပါတယ်။ အဲ့ဒီအခြေအနေတွေကြောင့် Serbia အပေါ် စီရင်ပိုင်ခွင့် ရှိ-မရှိ အငြင်းပွားမှုတွေနဲ့ အမှုကို ဆိုင်းငံ့ထားဖို့ တောင်းဆိုမှုတွေ ပေါ်ပေါက်ခဲ့ပြီး အမှုကြန့်ကြာခဲ့ရပါတယ်။

ICJ ရဲ့ အပြီးသတ်စီရင်ဆုံးဖြတ်ချက်ကို အကျဉ်းဖော်ပြရရင် ICJ က ၁၉၉၅ ခုနှစ် Bosnian စစ်ပွဲအတွင်း Bosnia (Srebrenica) မှာ လူမျိုးတုံးသတ်ဖြတ်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ ဒါပေမယ့် Serbia နိုင်ငံအနေနဲ့ကတော့ လူမျိုးတုံးသတ်ဖြတ်မှုတွေ ကျူးလွန်ခဲ့ခြင်း မရှိကြောင်း၊ တစ်နည်းအားဖြင့် specific intent မရှိကြောင်း၊ ဒါ့ကြောင့် Serbia နိုင်ငံအနေနဲ့ တာဝန်မရှိကြောင်း၊ ဒါ့အပြင် Bosnia က လျော်ကြေးပေးဖို့ တောင်းဆိုချက်အပေါ် ငွေကြေးအားဖြင့် လျော်ကြေးပေးဖို့ သင့်လျော်မှု မရှိကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။

**ခြုံငုံသုံးသပ်ချက်**

မြန်မာ-ဂမ်ဘီယာအမှုမှာ ဂမ်ဘီယာနိုင်ငံဟာ ရှေ့မှာသုံးသပ်ဖော်ပြခဲ့သလို ICJ Statute ရဲ့ **Article 36 (1)** နဲ့ Genocide Convention ရဲ့ **Article IX** ပါ ပြဋ္ဌာန်းချက်တွေကို ရည်ညွှန်းကိုးကားထားပါတယ်။ ဒါ့အပြင့် ဂမ်ဘီယာနိုင်ငံရဲ့ အမှုတင်သွင်းလွှာအရ မြန်မာနိုင်ငံရဲ့ တာဝန်ရှိမှုပေါ်ပေါက်စေဖို့ ကြိုးပမ်းနေတယ်လို့ သုံးသပ်နိုင်ပါတယ်။ ICJ မှာ တရားစွဲဆိုခံရတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ တရားရင်ဆိုင်ပြီး ခုခံချေပခြင်းမပြုရင် တစ်ဖက်အမှုသည်နိုင်ငံက ၎င်းတို့ တင်ပြချက်အပေါ် အနိုင်ပေးတဲ့ ဆုံးဖြတ်ချက်ချမှတ်ပေးဖို့ တောင်းဆိုနိုင်တဲ့ အခွင့်အရေးရှိနေတဲ့အတွက် ICJ မှာ တရားရင်ဆိုင်ပြီး ခုခံချေပခြင်းဟာ သင့်လျော်ကြောင်း သုံးသပ်နိုင်ပါတယ်။

ICJ မှာ ရင်ဆိုင်ရတဲ့အမှုတွေဟာ စီရင်ဆုံးဖြတ်ခံရဖို့အတွက် အချိန်ကာလကြာမြင့်ပြီး သက်ဆိုင်တဲ့အမှုသည်နိုင်ငံအနေနဲ့ မိမိတရားစရိတ်ကို မိမိဘာသာ ကျခံရပါတယ်။ ICJ ရဲ့ စီရင်ဆုံးဖြတ်ချက်ဟာ အပြီးသတ်ဖြစ်ခြင်း၊ အယူခံပိုင်ခွင့်မရှိခြင်းနဲ့ စည်းနှောင်မှုရှိတဲ့ သဘောသဘာဝတွေ ရှိပါတယ်။ အပြီးသတ်စီရင်ဆုံးဖြတ်ချက်ချမှတ်ပြီးနောက်ပိုင်း လိုက်နာခြင်း ရှိ-မရှိကို ICJ နဲ့ လုံခြုံရေးကောင်စီတို့က စောင့်ကြည့်ဖွယ်ရှိပေမယ့်လည်း ICJ အနေနဲ့ သူ့ရဲ့ စီရင်ဆုံးဖြတ်ချက်အပေါ် အတင်းအကြပ်လိုက်နာစေနိုင်တဲ့ အာဏာမရှိတဲ့ (no power to enforce) အခြေအနေရှိပါတယ်။ ICJ အပါအဝင် အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးစနစ်မှာ တရားရင်ဆိုင်ရန် မလာရောက်ခြင်းနဲ့ စီရင်ဆုံးဖြတ်ချက်အပေါ် လိုက်နာဆောင်ရွက်ဖို့ ပျက်ကွက်ခြင်း စတဲ့ သာဓကတွေ ရှိခဲ့ဖူးပါတယ်။ ဒါပေမယ့် ICJ က အပြီးသတ်စီရင်ဆုံးဖြတ်ချက်ချမှတ်ပြီးနောက်ပိုင်းမှာ ကြုံတွေ့လာရတဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးစိန်ခေါ်မှုအခြေအနေအရပ်ရပ်တွေကြောင့် သက်ဆိုင်ရာနိုင်ငံတွေအနေနဲ့ ထိုက်သင့်တဲ့ ကုစားမှုတွေ၊ လုပ်ဆောင်မှုတွေကို လုပ်ခဲ့ရကြောင်းနဲ့ ရာသက်ပန်မလိုက်နာတဲ့ သဘောမဟုတ်တဲ့ သိမ်မွေ့နက်နဲတဲ့ အခြေအနေတွေရှိတာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။

ICJ ရှေ့မှောက် တရားရင်ဆိုင်နေစဉ်အတွင်း ကုလသမဂ္ဂပဋိညာဉ်၊ ICJ ရဲ့ ဥပဒေနဲ့ စည်းမျဉ်းလုပ်ထုံးလုပ်နည်းတွေ၊ ICJ မှာ တရားရင်ဆိုင်ခဲ့တဲ့ အရင်အမှုတွေရဲ့ အမှုအသွား-အလာနဲ့ အပြီးသတ်စီရင်ဆုံးဖြတ်ချက်တွေ၊ Genocide Convention ပါ ပြဋ္ဌာန်းချက်တွေကို အသေးစိတ်သိရှိလေ့လာနေရင် အထောက်အပံ့များစွာ ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် ပါဝင်ကူညီလိုတဲ့ မြန်မာပြည်သူပြည်သားတွေအားလုံးရဲ့ နားလည်အားပေးမှုတွေ၊ အပြည်ပြည်ဆိုင်ရာဥပဒေကျွမ်းကျင်တဲ့ ပညာရှင်တွေရဲ့ ရှုထောင့်အမျိုးမျိုးက ဥပဒေဆိုင်ရာ အကြံဉာဏ်တွေဟာလည်း အမှုရင်ဆိုင်နေစဉ်ကာလအတွင်းမှာ နိုင်ငံအတွက် လိုအပ်နေမှာဖြစ်တဲ့အတွက် တတ်အားသမျှ ဆက်လက်ဝိုင်းဝန်းပြီး အကြံပြုဆွေးနွေးသွားကြရင် အကျိုးဖြစ်ထွန်းမယ်လို့ ယုံကြည်ပါတယ်။ ဒါ့ကြောင့် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ရှေ့မှောက်မှာ မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားကို ခုခံကာကွယ်ရာမှာ အထောက်အပံ့ဖြစ်စေဖို့အတွက် သိမ်မွေ့နက်နဲတဲ့ အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးစနစ်ရဲ့ သဘောသဘာဝ၊ လုပ်ထုံးလုပ်နည်းနဲ့ ပြဋ္ဌာန်းချက်တွေထဲက မိမိလေ့လာမှတ်သားမိတဲ့ အချက်အလက်အချို့ကို ရေးသားမျှဝေဖော်ပြလိုက်ပါတယ်။

**ICJ မှာ တရားစွဲဆိုခံရတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ တရားရင်ဆိုင်ပြီး၊ ခုခံချေပခြင်း မပြုရင် တစ်ဖက်အမှုသည်နိုင်ငံက ၎င်းတို့ တင်ပြချက်အပေါ် အနိုင်ပေးတဲ့ ဆုံးဖြတ်ချက်ချမှတ်ပေးဖို့ တောင်းဆိုနိုင်တဲ့ အခွင့်အရေးရှိနေတဲ့အတွက် ICJ မှာ တရားရင်ဆိုင်ပြီး ခုခံချေပခြင်းဟာ သင့်လျော်ကြောင်း သုံးသပ်နိုင်ပါတယ်**

**(ဝန်ခံချက်။ ဤရေးသားဖော်ပြချက်သည် စာရေးသူ၏ အပြည်ပြည်ဆိုင်ရာဥပဒေရှုထောင့်သီးသန့်မှ လေ့လာတွေ့ရှိချက်များအပေါ် အခြေခံရေးသားထားခြင်းသာဖြစ်ပြီး မည်သည့်အဖွဲ့အစည်း၊ ဌာနကိုမှ ကိုယ်စားပြုခြင်းမရှိပါကြောင်းနှင့် ဘာသာပြန်ဆိုကောက်နုတ်ကိုးကားဖော်ပြရာတွင် မပြည့်စုံမှု၊ ချို့ယွင်းမှုများရှိပါက စာရေးသူ၏တာဝန်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။)**

**ကိုးကား။**

(၁) Pedra Branca: The Road to the World Court by S Jayakumar & Tommy Koh (NUS Press, 2009)

(၂) https://www.icj-cij.org / en (accessed on 29 November 2019)





# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်

# Road to Digital Government ဟောပြောဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ Road to Digital Government ဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယနေ့ခေတ်တွင် နိုင်ငံတကာ၌ မြို့ပြဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို Internet of Things (IoT) များ၊ Digital အခြေခံအဆောက်အအုံများ ပါဝင်သော Smart City အဖြစ် အသွင်ပြောင်းနေပြီ ဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးဖိုရမ်က စတင်မိတ်ဆက်ခဲ့သော စတုတ္ထမြောက်စက်မှုတော်လှန်ရေး (4th Industrial Revolution – 4IR) သည် နိုင်ငံအဖွဲ့အစည်းများ၏ ကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို IoT များ၊ Big Data များနှင့် AI စနစ်များကို အသုံးပြုပြီး တိကျမှန်ကန်မြန်ဆန်သည့် စွမ်းဆောင်ရည်များကို အသွင်ပြောင်းရန်အတွက် စတင်ခြေလှမ်းလှမ်းခြင်းဖြစ်ကြောင်း၊ ယခု ဟောပြောပွဲတွင် ဝန်ကြီးဌာနများ၏ e –Government ဆိုင်ရာ ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ဟောပြောသွားမည်ဖြစ်ကြောင်း၊ ထို့ပြင်ဝန်ကြီးဌာန၏ ဦးစီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် e – Government လုပ်ငန်းများဖြစ်သော GIS Database စနစ်များ၊ စီမံကိန်းလုပ်ငန်းများနှင့် ကန်ထရိုက်တာများအား စီမံခန့်ခွဲသည့် Application စနစ်များကို ပါဝင်ပြသထားသည့်အတွက် ဌာန၏ e – Government ဆိုင်ရာ စနစ်များနှင့် နည်းပညာများကို လေ့လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ e – Government ဌာနမှူး ဒေါ်နွယ်နီစိုးရင်က "e – Government & e – Commerce"၊ Cyber Security ဌာနမှူး ဦးရဲနိုင်မိုးက "Cyber Security & Privacy"၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမင်းက "Myanmar Company Online Registeration System (MyCo)"၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးရန်နောင်က "Enterprise GIS & Implementation of MoC BI Model"၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မွှေးရွှေရည်က "e-ID System"၊ ပြည်ထောင်စုလွှတ်တော်မှ CIO ဦးအောင်သူမင်းက "e-Parliament System"၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ CIO ဦးကျော်ကျော်လွင်က "Transforming Trend: Digital Trend in Myanmar Tourism"၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြိုးဖြိုးခင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းထွေးတို့က "မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (MLIS)" ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံးနှင့် ဦးစီးဌာနများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသော e – Government ပြခန်းများကို ကြည့်ရှုအားပေးသည်။

Road to Digital Government ဟောပြောဆွေးနွေးပွဲကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ ကြီးကြပ်ပြီး အခြားဝန်ကြီးဌာနများမှ ပညာရှင်များကို ဖိတ်ခေါ်ကာ ဝန်ကြီးဌာနများတွင် e-Government ဆိုင်ရာ ICT Infrastructure များတည်ဆောက်ထားရှိမှု၊ ပြည်သူများထံသို့ e-Service ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်နေမှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာများကို ဝန်ထမ်းများ သိရှိနားလည်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ရန် အလှူငွေများ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီးမှစ၍ ယခုမြန်မာနိုင်ငံစာရေးဆရာအသင်း လက်ထက်အထိ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အထိ သက်ကြီးစာပေပညာရှင်ကြီးများအား စာဆိုတော်နေ့ဝန်းကျင်တွင် နှစ်စဉ်ကန်တော့ပွဲကျင်းပခဲ့ရာ (၃၃)ကြိမ်ရှိပြီ ဖြစ်သည်။

အစဉ်အလာမပျက် ဆက်လက်ကျင်းပသွားမည့် ၂၀၁၉ ခုနှစ် (၃၄)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများလှူဒါန်းကြရာ နိုင်ငံတော်သမ္မတရုံးက ငွေကျပ် ၈၃၇၀၀၀၀၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ငွေကျပ် ၂၇၉၀၀၀၀၊ ဒေါက်တာတင်ထွန်းဦး+ဒေါက်တာခင်မိုးမိုး စွယ်စုံမီဒီယာဂရု(ပ်)က ငွေကျပ်တစ်ဆယ့်ငါးသိန်း၊ (ဗိုလ်ချုပ်ကြီးမဟာသရေစည်သူစိုးဝင်း)+ဒေါ်သန်းသန်းနွဲ့ (မလေး-မုံရွာ) သားသမီးမြေးများမိသားစုနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့က ငွေကျပ် ဆယ်သိန်းစီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဆရာဝန်တင်ရွှေမိသားစုနှင့် ဦးဇော်မင်း (မင်္ဂလာကုမ္ပဏီ)တို့က ငွေကျပ်ငါးသိန်းစီ၊ ဒေါက်တာမောင်ဖြေ+ဒေါ်မေကြည် (ဒေဝယက္ခဆေးတိုက်)က ငွေကျပ် သုံးသိန်းနှင့် ဆေးဝါးများ၊ ဦးစိုးမြင့်(စိုးမှူး)+ဒေါ်ကြည်ကြည်ခင်(စိုးကြည်ဖြူ)၊ သမီးအကယ်ဒမီစိုးမြတ်သူဇာမိသားစု၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် ဗိုလ်မှူးသက်ထွန်း (ငြိမ်း) + ဒေါ်သီသီနွယ်(ဗိုလ်ချုပ်ဈေး)တို့က ငွေကျပ်သုံးသိန်းစီ၊ (ဝန်ကြီးဗိုလ်မှူးချုပ်စည်သူတင်ဖေ)+ ဒေါ်သိန်းဆိုင် (မမြတ်လေး)တို့အား အမှူးထား၍ ဦးဉာဏ်ထွန်းဦး+ ဒေါ်ခင်စောဥမ္မာ၊ ဦးနန္ဒကျော်စွာ+ ဒေါက်တာဒေါ်မြင့်ဌေး (မြတ်လေးရုံမိသားစု)နှင့် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)+ ဒေါ်လှလှမြင့်၊ သမီးမနိုင်နိုင်အေးမိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက ဂီတနက်သန်ကိုစောညိန်းစာမူခငွေကျပ် ၁၁၀၀၀၀၊ ဦးမောင်မောင်မြင့်အေး+ ဒေါက်တာစောယုနွယ်မိသားစုက ငွေကျပ်တစ်သိန်းနှင့် ပြက္ခဒိန်များ၊ ဦးအံ့မောင်(အံ့မောင်)၊ ဗိုလ်မှူးကြီးသိုက်ထွန်း(ငြိမ်း)+ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်နွဲ့နွဲ့ကြည်၊ ဒေါ်ကျင်တိုး(တိုးတိုး)၊ ဆရာမင်းရိုးယဉ်၊ သားတေးသံရှင်ကိုလတ်နှင့် ကိုအောင်အောင်(Lucky Home)၊ ဦးတင်ဟုတ်+ ဒေါ်တင်တင်လှိုင်၊ ဦးကျော်ဝင်း(မနုသကျော်ဝင်း)၊ ဒေါ်ချိုချိုတင်(မစန္ဒာ)၊ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)+ ဒေါ်ခင်အေးမူ၊ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)+ မလေးယဉ်၊ ဒေါက်တာနေဝင်း(စိတ်ကျန်းမာရေးဖောင်ဒေးရှင်း)၊ ဒေါက်တာချစ်မိသားစု၊ မအာသာဝတီခင်မြတ်ဘုန်း၊ ဒေါက်တာအေးမင်း(ဒေါက်တာအောင်ထက်-ဆေး၁)၊ ဗိုလ်မှူးကြီးရန်နိုင်ဦး(ငြိမ်း) (ရန်နိုင်ဦး)+ ဒေါ်ရွှေစင်၊ တောင်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်း၊ ရွှေပြည်သာမြို့နယ်စာရေးဆရာအသင်း၊ တာမွေမြို့နယ်စာရေးဆရာအသင်း၊ မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်း၊ မြဝတီမြို့နယ်စာရေးဆရာအသင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီအပါအဝင် အခြားအလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများအသီးသီးလှူဒါန်းခဲ့ကြရာ ယနေ့အထိ လက်ခံရရှိပြီး အလှူငွေ (ငွေသား) စုစုပေါင်းငွေကျပ် ၂၀၆၃၀၀၀၀ (ကျပ်နှစ်ရာ့ခြောက်သိန်းသုံးသောင်းတိတိ)ဖြစ်ကြောင်း သိရသည်။

သက်ကြီးစာပေပညာရှင်ကြီးများအတွက် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်းအမှတ်(၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁- ၂၅၂၄၁၇၊ ၀၁- ၃၈၅၂၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၈)ကြိမ်မြောက် မြန်မာ - အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

(၁၈)ကြိမ်မြောက် မြန်မာ – အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Hyderabad ညှော်ဂေဟာ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Mr. Vijay Gokhale တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။



ဆွေးနွေးပွဲတွင် မြန်မာ – အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အဆင့်မြင့်ပုဂ္ဂိုလ်များ၏ အပြန်အလှန်ခရီးစဉ်ဆိုင်ရာများ၊ နှစ်နိုင်ငံ နယ်နိမိတ်ဆိုင်ရာများနှင့် နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ လုံခြုံရေးနှင့်ကာကွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များ၊ ကောင်စစ်ဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဆက်လက်လုပ်ဆောင်မည့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာဆော်ရက်(ဘ်)ကူမား၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံးနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Mr. Vijay Gokhale က အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစော ကနေဒါနိုင်ငံ Ontario ပြည်နယ် အမတ်ဟောင်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစောသည် ကနေဒါနိုင်ငံ Ontario ပြည်နယ်အမတ်ဟောင်း Ms. Monique Marthe Smith အား ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-5) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံသားများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေရေးရာကိစ္စ၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စ၊ WFD အကူအညီဖြင့် ကော်မတီတွင် နိုင်ငံသားများ၏ အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ပေးရေး၊ နည်းပညာအထောက်အပံ့ အကူအညီပေးနိုင်မည့် အကြံပြုချက်များနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၆**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**



## ၂၇၁၁ နှစ်မြောက် တအာင်း(ပလောင်) နှစ်သစ်ကူးပွဲတော် ကျင်းပ

**မူဆယ် ဒီဇင်ဘာ ၆**

၂၇၁၁ နှစ်မြောက် တအာင်း(ပလောင်)နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် မူဆယ်မြို့ မိုင်းယု ၁၀၅ မိုင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဘောလုံးကွင်း၌ ကျင်းပသည်။

၂၇၁၁ နှစ်မြောက် တအာင်း(ပလောင်) နှစ်သစ်ကူးပွဲတော်ကို မူဆယ်မြို့နယ်တွင် (၃) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး တိမ်ကောပပျောက်လုနီးပါးဖြစ်သည့် တအာင်းရိုးရာနှစ်သစ်ကူးကြိုဆိုပွဲကို ပြန်လည်မြှင့်တင်၍ အနာဂတ်လူငယ်မောင်မယ်များအား ဆက်လက်ထိန်းသိမ်းကျင်းပနိုင်ရန်အတွက် လက်ဆင့်ကမ်းပြုလုပ်ရခြင်းဖြစ်ကြောင်း မူဆယ်မြို့နယ် တအာင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ(နာယက)ဦးစံနော်က ပြောကြားသည်။

တအာင်းတိုင်းရင်းသားလူမျိုးစုသည်လည်း လုပ်ငန်းခွင်နားသည့် ပွင့်လင်းရာသီဖြစ်သောနတ်တော်၊ ပြာသိုလတွင် တအာင်း(ပလောင်) နှစ်သစ်ကူးပွဲတော်ကို ကျင်းပလေ့ရှိကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၆**

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြည်နယ်အဆင့်အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေး ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုနှင့် မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်းပြီး ကာကွယ်ရေးနှင့် ပြုစုကုသ စောင့်ရှောက်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်တွင် မိခင်မှကလေးသို့ အိပ်(ချ်)အိုင်ဗွီပိုး ကူးစက်မှု လုံးဝကင်းစင်ပပျောက်သွားသည်အထိ ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း၊ ကူးစက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြဖို့ အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (National Strategic Plan For HIV, AIDS (2016-2020) ဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ရောဂါကူးစက်ခံရသူဦးရေ တစ်သောင်းကျော်အထိ ကျင်းဆင်းလာခဲ့သော်လည်း ၂၃၇၀၀၀ ခန့်ရှိသဖြင့် ရောဂါဖြစ်ပွားမှုနှုန်းသည် လူဦးရေ၏ သုည ဒသမ ၅၇ ရာခိုင်နှုန်းရှိသဖြင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကာကွယ်စောင့်ရှောက်နိုင်ရေး အသိပညာပေးလုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်လူမှုရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

**ကျော်စွာ(ပြန်/ဆက်)**



## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ ကျင်းပပြုလုပ်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ် I-20 အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**မေးမြန်းဆွေးနွေး**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့်အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများအနက် အတည်ပြုခဲ့သည့်အဆို၊ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား ကော်မတီအဖွဲ့ဝင်များက မေးမြန်းဆွေးနွေး၍ အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကော်မတီအတွင်းရေးမှူး ဦးကျော်နီနိုင်၊ ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ သထုံတွင် ကျင်းပ

**သထုံ ဒီဇင်ဘာ ၆**

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကာ ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက သထုံမြို့နယ် နောင်ကုလားရွာကြီး အလက၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောသည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင့်တင့်ခိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ပညာပေးဟောပြောပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ကြပ်ကြီးဝင်းတင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး စာရေးဆရာမ ရွှေထုံခင်သီတာလှိုင်က လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဆိုင်ရာများကိုလည်းကောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြသည်။

**သက်ဦး(သထုံ)**



## သတင်းစုံကဏ္ဍ

### အခြေခံရှေးဦးပြုစုနည်းသင်တန်း ဖွင့်လှစ်ပို့ချ

**ပွင့်ဖြူ**

ကြက်ခြေနီအခြေခံရှေးဦးပြုစုနည်းသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲက ပွင့်ဖြူမြို့နယ် ငါးခြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့မှူး ဦးဇော်ဝင်းခိုင်က အခြေခံရှေးဦးပြုစုနည်းဆိုင်ရာဘာသာရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၈၄ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၅ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

### စွန်ဆိပ်ကုန်းကျေးရွာ၌ ၂၄ နာရီမီးလင်းရေးဖွင့်ပွဲ ကျင်းပ

**ပေါက်**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် စွန်ဆိပ်ကုန်းကျေးရွာ၌ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနန်းဦးက လျှပ်စစ်မီးသုံးစွဲရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ရေးနှင့် မြို့နယ်အတွင်း ကျန်ရှိနေသော ကျေးရွာများကိုလည်း လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စွန်ဆိပ်ကုန်းကျေးရွာတွင် အိမ်ခြေ ၂၁၀နှင့် လူဦးရေ ၉၉၅ ဦးရှိကြောင်း သိရသည်။

ဉာဏ်တိုး (ပေါက်)

## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများအား နိုင်ငံတကာကျွမ်းကျင်ပညာရှင် လာရောက်လေ့လာ

**မယ်စဲ့ ဒီဇင်ဘာ ၆**

ကယားပြည်နယ် ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ နည်းပညာပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရန်ကုန်မြို့အခြေစိုက် Myanmar Green Resource Indicator (MGRI) မှ နိုင်ငံတကာလူထုဗဟိုပြုစီမံကိန်း ကျွမ်းကျင်ပညာရှင် မစ္စတာဘရိုင်ယန်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက မယ်စဲ့မြို့နယ် ဟိုစဲ့ကျေးရွာနှင့် ပန်တိန်းကျေးရွာတို့သို့ လာရောက်လေ့လာသည်။

မစ္စတာဘရိုင်ယန်နှင့်အဖွဲ့သည် ဟိုစဲ့ကျေးရွာခန်းမဆောင်နှင့် ပန်တိန်းကျေးရွာခန်းမဆောင်တို့တွင် ကျေးရွာလူထုဗဟိုပြုစီမံကိန်းကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာလူထုဗဟိုပြုစီမံကိန်းကော်မတီဝင်များကလည်း စီမံကိန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကော်မတီဝင်များ၏ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ဆောင်ရွက်ခဲ့မှုများကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



ဒလမြို့နယ် အထက (၄) ရှေ့တွင် ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ဒလမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေး၊ အမှတ်(၅၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်မြင့်ဟန်၊ အမှတ်(၆) လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ်သက်ထွန်းအောင်တို့က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## တတိယအကြိမ် ပြည်သူ့နီတိအသိပညာပေးစာမေးပွဲ မြို့နယ်အဆင့်ပြိုင်ပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၆**

တတိယအကြိမ် မြို့တော်ဝန်ဆု ပြည်သူ့နီတိ အသိပညာပေးစာမေးပွဲ မြို့နယ်အဆင့်ပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ သတ်မှတ်ထားသောကျောင်းများ၌ ကျင်းပသည်။

"ပြည်သူ့နီတိဆိုတာ ပြည်သူတွေလိုက်နာရမယ့် ကျင့်ဝတ်၊ ဆောင်ရန်ရှောင်ရန်တွေပါ။ အဲ့ဒီအရာတွေကို အဓိကလိုက်နာကျင့်သုံးတတ်အောင်ရည်ရွယ်ပြီး ပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု ဆရာ ဦးကြည်သန်း (မောင်ဒီပ ပညာရေး) က ပြောကြားသည်။

ယခုမြို့နယ်အဆင့် ဖြေဆိုရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသား ကျောင်းသူပေါင်း ၆၇၉၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး မြို့နယ်အဆင့် (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) မှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူ များသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဗဟိုအဆင့် ရေးဖြေပြိုင်ပွဲကို အထက(၂) လသာ၌ ဆက်လက်ဖြေဆိုရမည် ဖြစ်ကြောင်း သိရသည်။

ပြည်သူ့နီတိတွင် စာရိတ္တမြင့်မားရေး၊ စည်းကမ်းနှင့် လွတ်လပ်ခွင့်၊ နိုင်ငံသားရပိုင်ခွင့်နှင့် တာဝန်၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း စသည့် ကဏ္ဍကြီးငါးရပ်ရှိပြီး ယင်းကဏ္ဍအားလုံးသည် ပြည်သူ့နီတိဖြစ်ကြောင်း ဆရာ ဦးကြည်သန်း (မောင်ဒီပ ပညာရေး) က ပြောကြားသည်။

မြို့နယ်အဆင့်ဖြေဆိုနေသည့် ကျောင်းများသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်၊ ဦးဝင်းမြင့်သန်း၊ ဦးသူရအောင်၊ ဦးစိန်အုန်း၊ ဒေါ်နန့်စုရွှေစင်နှင့် ဦးမင်းဟန်တို့က သွားရောက်၍ ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်း–အေးမင်းသူ
ဓာတ်ပုံ–မိုးမြင့်မောင်



## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုပြုလုပ်

**မြင်းခြံ ဒီဇင်ဘာ ၆**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုပြုလုပ်ခြင်းအစီအစဉ်များမှ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းပြီး အသိပညာပေးခြင်း၊ မေးခွန်းများဖြေဆို၍ လက်ဆောင်များပေးခြင်းတို့ကို အမှတ်(၁၈) ရပ်ကွက်ရှိဟစ်တိုင်ကွင်းတွင် ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီက ပြုလုပ်သည်။

လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမောက်ဆိုင်က အမျိုးသမီးများအကြမ်းဖက်ခံရခြင်း အကြောင်းအရာများ၊ အကြမ်းဖက်ခံရပါက ဖြေရှင်းရမည့်နည်းလမ်းများကို ပြောကြားခဲ့သည်။

ဆက်လက်၍ သီချင်းများဖြင့် ဖျော်ဖြေခြင်း၊ တစ်ခန်းရပ်ပြဇာတ်ဖြင့်တင်ဆက်ခြင်း၊ မန္တလေးမြို့မှ စေတနာမွန်အမျိုးသမီးအဖွဲ့က သံချပ်ဖြင့်တင်ဆက်ခြင်း၊ လာရောက်ကြသူများအား မေးခွန်းများမေးမြန်း၍ လက်ဆောင်များ ပေးအပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

## နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ကြည့်ရှုစစ်ဆေး

**လဟယ် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၅ ရက်တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာပြခန်းနှင့် နာဂရိုးရာပြခန်းများ အချိန်မီ ပြီးစီးနိုင်ရေးဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ဒေသဦးစီးဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။

၂၀၂၀ ပြည့်နှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မူးယစ်ဆေးဝါးဆိုင်ရာ၊ အိမ်တွင်းမှု၊ လူငယ်သင်တန်းကျောင်း၊ န.တ.လ၊ နာဂရိုးရာပြခန်းသုံးခန်းနှင့် ရိုးရာလက်မှုပြခန်း နှစ်ခန်း စုစုပေါင်း ပြခန်း ၁၂ ခန်းကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

စနေမောင် (ခန္တီး)

## စင်ကာပူအခြေစိုက် Green Urban Development ကုမ္ပဏီက အမြတ်ငွေသုံးရာခိုင်နှုန်းကို ပြည်တွင်းလူမှုအကျိုးပြုလုပ်ငန်းများတွင် အသုံးပြုမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

စင်ကာပူအခြေစိုက် Green Urban Development ကုမ္ပဏီက အမြတ်ငွေသုံးရာခိုင်နှုန်းကို ပြည်တွင်းလူမှုအကျိုးပြုလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။

လက်ရှိ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမှရရှိလာသည့် အမြတ်ငွေ နှစ်ရာခိုင်နှုန်းကိုသာ ပြည်တွင်းလူမှုအကျိုးပြုလုပ်ငန်းများအတွက် အသုံးပြုကြသော်လည်း Green Urban Development ကုမ္ပဏီအနေဖြင့် သုံးရာခိုင်နှုန်းအသုံးပြုမည်ဟု အဆိုပြုလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စင်ကာပူအခြေစိုက် Green Urban Development ကုမ္ပဏီအနေဖြင့် ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၄၂ သန်းကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမည့်စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း (CSR–Corporate Social Responsibility) ကို အလေးပေးလာကြောင်း၊ CSR ဟူသည် ကျောင်းဆောက်ရန်၊ လမ်းခင်းရန်အတွက် ငွေလှူခြင်းကိုသာ လူအများသိကြပြီး အမှန်မှာ ကုမ္ပဏီ၏ လုပ်ငန်းလုပ်ဆောင်မှုများမှတစ်ဆင့် လူမှုပတ်ဝန်းကျင်အတွက် ပြန်လည်အကျိုးပြုခြင်း၊ တာဝန်ခံခြင်းနှင့် အပြုသဘောဆောင်သောရလဒ်များ ဖြစ်ပေါ်လာရေးကို လုပ်ဆောင်သည့်လုပ်ငန်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက နိုင်ငံတော်မှ ချမှတ်ထားသည့်မူဝါဒနှင့် ကိုက်ညီမှု ရှိ–မရှိ၊ သမ္မတရုံးနှင့် အစိုးရအဖွဲ့ရုံးများမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့် ကိုက်ညီမှု ရှိ–မရှိ၊ ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် တာဝန်ယူမှု ရှိ–မရှိ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များအနေဖြင့် မြို့ပြထိခိုက်မှု ရှိ–မရှိ စသည့်အချက်များကို ဆန်းစစ်ကာ ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

ငြိမ်းငြိမ်း

# ASIAN Academy Creative Awards 2019 ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား စင်ကာပူနိုင်ငံတွင် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

ASIAN Academy Creative Awards 2019 ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို စင်ကာပူနိုင်ငံ Singapore Victoria Theatre ၌ ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ကျင်းပသည်။

**ဆွတ်ခူးရရှိ**

Grand Award ဆုပေးပွဲအခမ်းအနားတွင် Best Children's Programme Award ကို ဩစတြေးလျနိုင်ငံကလည်းကောင်း၊ Best Animated Programme Award ကို အိန္ဒိယနိုင်ငံကလည်းကောင်း၊ Best Short Form Content Award ကို Still /Life ဇာတ်လမ်းတိုဖြင့် မြန်မာနိုင်ငံကလည်းကောင်း၊ Best Immersive Award ကို တရုတ်(ထိုင်ဝမ်) ကလည်းကောင်း၊ Best Branded Programme Award ကို တရုတ်(ဟောင်ကောင်)က လည်းကောင်း၊ Best Sports Programme Award ကို ထိုင်းနိုင်ငံက လည်းကောင်း၊ The Best Promo or Trailer Award ကို ဗီယက်နမ်နိုင်ငံကလည်းကောင်း၊The Best Current Affairs Programme Award ကို စင်ကာပူနိုင်ငံက လည်းကောင်း၊ The Best Single News Award ကို တရုတ်နိုင်ငံကလည်းကောင်း၊Best Documentary Award ကို တရုတ်နိုင်ငံက လည်းကောင်း၊ Best Direction (Non Fiction) Award ကို စင်ကာပူနိုင်ငံကလည်းကောင်း၊Best Editing Award ကို တရုတ်(ထိုင်ဝမ်)က လည်းကောင်း၊ Best Sound Award ကို ဖိလစ်ပိုင်နိုင်ငံကလည်းကောင်း၊ Best Visual or Special Fx Award ကို ဩစတြေးလျနိုင်ငံက လည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။



သရုပ်ဆောင် ပြည့်ပြည့် ဆုယူနေစဉ်။

ယနေ့တွင် Gala Final ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Best Actress In A Supporting Role Award ကို Brave Empire ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သော "လိပ်ပြာစံအိမ်" ရုပ်ရှင်ဇာတ်ကားမှ ကလေးသရုပ်ဆောင် ပြည့်ပြည့်က ဆွတ်ခူးရရှိခဲ့သည်။

**ဖိတ်ကြားခံခဲ့ရ**

ဆုပေးပွဲ အခမ်းအနားသို့ Brave Empire ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ဦးစိုးလှိုင်၊ သရုပ်ဆောင် ဝတ်မှုံရွှေရည် ၊ ကလေးသရုပ်ဆောင် ပြည့်ပြည့်တို့ တက်ရောက်ခဲ့ကြသည်။ Brave Empire ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ခဲ့သော "လိပ်ပြာစံအိမ်(The Only Mom) ရုပ်ရှင်ဇာတ်ကားသည် ASIAN Academy Creative Awards 2019 ပြိုင်ပွဲတွင် Regional Award ဆု ခြောက်ဆုရရှိခဲ့ပြီး ယခုကျင်းပသော အခမ်းအနားသို့ ဖိတ်ကြားခံခဲ့ရခြင်းဖြစ်သည်။

ASIAN Academy Creative Awards 2019 ပြိုင်ပွဲသည် နိုင်ငံအသီးသီးရှိ လူငယ်များ၏ ဖန်တီးမှုစွမ်းရည် ပိုမိုတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပသော ပြိုင်ပွဲတစ်ခုဖြစ်သည်။ အဆိုပါ အခမ်းအနားကို Singapore Infocomm Media Development Authority (IMDA) ၏ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။

**ငြိမ်းကို(FDC)**

**ဓာတ်ပုံ-ASIAN Academy Creative Awards 2019 Facebook Page**

# ၂၀၁၉ ခုနှစ် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)၌ အားကစားလှုပ်ရှားမှုများ ထည့်သွင်းကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

"ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော်နွှဲပျော်စို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို နိုင်ငံတော်က ကြီးမှူး၍ မကွေးတိုင်းဒေသကြီး မကွေးတက္ကသိုလ်၌ ဒီဇင်ဘာ ၁၄ ရက် မှ ၁၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်သည်။

**ကျင်းပသွားမည်**

အဆိုပါ ပွဲတော်ကျင်းပရာတွင် အားကစားလှုပ်ရှားမှုများ ထည့်သွင်းကျင်းပမည်ဖြစ်ရာ အပန်းဖြေအားကစားပြိုင်ပွဲများ၊ ယှဉ်ပြိုင်အားကစားပြိုင်ပွဲများ၊ အားကစားသရုပ်ပြပွဲများ ပါဝင်မည်ဖြစ်ရာ မကွေးတက္ကသိုလ်ဘောလုံး လေ့ကျင့်ရေးကွင်း၌ တစ်ဦးချင်းပြိုင်ပွဲများအဖြစ် ခေါင်းအုံးရိုက်(ကျား/မ)၊ ကြွခိုင်စွမ်းရည်ပြိုင်ပွဲ(ကျား/မ)၊ ဘောလုံးဂိုးသွင်း(ကျား/မ)၊ ဘတ်စကက်ဘောဂိုးသွင်းပြိုင်ပွဲ(ကျား/မ)၊ သုံးချောင်းထောက် အပြေးပြိုင်ပွဲ(ကျား/မ)၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ(ကျား/မ)ပြိုင်ပွဲများကို လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများအဖြစ် လွန်ဆွဲ(ကျား/မ)၊ ထုပ်ဆီးတိုး(မ) ပြိုင်ပွဲများကို လည်းကောင်း၊ တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲအဖြစ် မကွေးတက္ကသိုလ်အားကစားခန်းမ၌ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများကို လည်းကောင်း၊ သရုပ်ပြမည့် အားကစားနည်းများကို မကွေးတက္ကသိုလ်အားကစားခန်းမ၌ ဝူရှူး၊ မြန်မာ့သိုင်း၊ Myanmar Fitness Dance စသည့် အားကစားနည်းများကို လည်းကောင်း ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ဆုကြေးများအဖြစ် ဘော်လီဘော(ကျား/မ)ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း(ကျား)ပြိုင်ပွဲ၊ လွန်ဆွဲ(ကျား/မ)ပြိုင်ပွဲ၊ ထုပ်ဆီးတိုး(မ)ပြိုင်ပွဲများတွင် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ စတုတ္ထဆု ကျပ် တစ်သိန်းကို လည်းကောင်း၊ ခေါင်းအုံးရိုက်(ကျား/မ)ပြိုင်ပွဲ၊ ကြွခိုင်စွမ်းရည်(ကျား/မ)ပြိုင်ပွဲ၊ သုံးချောင်းထောက်(ကျား/မ)ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်(ကျား/မ)ပြိုင်ပွဲ၊ ဘတ်စကက်ဘော ဂိုးသွင်း(ကျား/မ)ပြိုင်ပွဲများတွင် ပထမဆု ကျပ် ၁၅၀၀၀၊ ဒုတိယဆု ကျပ် ၁၀၀၀၀၊ တတိယဆု ကျပ် ၅၀၀၀ ကို လည်းကောင်း ချီးမြှင့်မည်ဖြစ်သည်။ အားကစားဆိုင်ရာ ဓာတ်ပုံပြပွဲများကို လူထုအားကစားလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြည်တွင်းရှိ အားကစားကွင်း/ရုံများ၏ မှတ်တမ်းဓာတ်ပုံများ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသားအားကစားပြိုင်ပွဲများ ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများအပါအဝင် ပြည်တွင်း အားကစားပြိုင်ပွဲများ ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်အောင်မြင်မှုရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ၏ မှတ်တမ်းဓာတ်ပုံများ၊ အားကစားနှင့် ကာယပညာ(သိပ္ပံ)များ၏ သင်ကြားလေ့ကျင့်မှု မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းပြသထားမည်ဖြစ်သည်။




သို့ဖြစ်၍ အသင်းလိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဒီဇင်ဘာ ၁၂ ရက် နောက်ဆုံးထားစာရင်းပေးသွင်းရန်နှင့် တစ်ဦးချင်းပြိုင်ပွဲများကို နေ့စဉ်နံနက် ၉ နာရီနှင့် မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်၍ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ပြိုင်ပွဲမစတင်မီ ၁၅ မိနစ်အလို ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း၊ ယှဉ်ပြိုင်လိုသူများအနေဖြင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသက် ဖုန်း-၀၉-၅၃၄၂၀၂၄၊ ဦးစီးအရာရှိ ဒေါ်စန်းမြင့်အေး ဖုန်း- ၀၉-၄၀၁၅၃၅၈၃၄ တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပလက်ဝမြို့နယ်နှင့် မတူပီမြို့နယ် ရဲတပ်ဖွဲ့ဝင်များ မူးယစ်ဆေးဝါးကျဆင်းရေးအသိပညာပေးနှင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ရှင်းလက်ဝကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပလက်ဝမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မူးယစ်ကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ရဲအုပ်ဆန်းအောင်ငယ်ဦးစီးသည့် တပ်ဖွဲ့ဝင်များက မူးယစ်ကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မိဘ/အုပ်ထိန်းသူများ သိသင့်သိထိုက်သည့် အချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သည့် အချက်များကို အသိပညာပေးဟောပြောသည်။



ထို့အတူ ချင်းပြည်နယ် မတူပီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကို ဦးစီးသည့် တပ်ဖွဲ့ဝင်များက ယင်းနေ့တွင် မြို့နယ် ပြည်သူ့ဆေးရုံအတွင်းရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

| နိုင်ငံ | ဆုတံဆိပ် | | | စုစုပေါင်း |
|---|---|---|---|---|
| | ရွှေ | ငွေ | ကြေး | |
| ဖိလစ်ပိုင် | ၇၁ | ၅၅ | ၅၀ | ၁၇၆ |
| အင်ဒိုနီးရှား | ၄၀ | ၄၁ | ၄၇ | ၁၂၈ |
| ဗီယက်နမ် | ၃၈ | ၄၁ | ၅၂ | ၁၃၁ |
| စင်ကာပူ | ၃၂ | ၂၂ | ၃၆ | ၉၀ |
| မလေးရှား | ၂၈ | ၂၀ | ၂၉ | ၇၇ |
| ထိုင်း | ၂၃ | ၃၆ | ၄၃ | ၁၀၂ |
| မြန်မာ | ၂ | ၁၀ | ၂၄ | ၃၆ |
| ကမ္ဘောဒီးယား | ၂ | ၄ | ၁၇ | ၂၃ |
| ဘရူနိုင်း | ၁ | ၅ | ၅ | ၁၁ |
| လာအို | ၀ | ၃ | ၁၂ | ၁၅ |
| တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

# ဆီးဂိမ်း ကနူးလှေပြိုင်ပွဲတွင် မြန်မာအသင်းငွေတံဆိပ်တစ်ခု စတင်ဆွတ်ခူး

**ဆူဘစ် ဒီဇင်ဘာ ၆**

အကြိမ် (၃၀) မြောက် ဆီးဂိမ်းလှေလှော်ပြိုင်ပွဲ၏ ကနူး/ကယက်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက ဆူဘစ်မြို့၌ကျင်းပရာ မြန်မာလှေလှော်အဖွဲ့က ငွေတံဆိပ် တစ်ခုဆွတ်ခူးရရှိခဲ့သည်။ မြန်မာလှေလှော်အဖွဲ့အတွက် ပထမဆုံး ဆုတံဆိပ်ကို အမျိုးသားမီတာ ၁၀၀၀ နှစ်ယောက်လှော် ကနူးပြိုင်ပွဲမှ စိုင်းမင်းဝေနှင့် အောင်ဖြိုးဟိန်းအတွဲက ရယူပေးခဲ့ခြင်းဖြစ်သည်။

မြန်မာအတွဲဖြစ်သည့် စိုင်းမင်းဝေနှင့် အောင်ဖြိုးဟိန်းအတွဲသည် ယင်းပြိုင်ပွဲတွင် ၃ မိနစ် ၅၈ ဒသမ ၃၂ စက္ကန့်ဖြင့် ငွေတံဆိပ်ရခဲ့ပြီး အင်ဒိုနီးရှားအတွဲက ၃ မိနစ် ၅၂ ဒသမ ၀၁ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ ဗီယက်နမ်အတွဲက ၃ မိနစ် ၅၈ ဒသမ ၇၂ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ မြန်မာလှေလှော်ကစားသမား သန့်ဇင်ဦးသည် အမျိုးသားမီတာ ၁၀၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဆုတံဆိပ်နှင့်လွဲချော်ခဲ့သည်။

လှေလှော်ပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရိုးရာလှေပြိုင်ပွဲလည်း ပါဝင်လာမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ဂျူဒိုအသင်း ငွေတံဆိပ်ထပ်မံဆွတ်ခူး

**မနီလာ ဒီဇင်ဘာ ၆**

အကြိမ် (၃၀) မြောက် ဆီးဂိမ်းဂျူဒိုပြိုင်ပွဲ တတိယနေ့ကို ဒီဇင်ဘာ ၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာဂျူဒိုအဖွဲ့က ငွေတံဆိပ်တစ်ခု ထပ်မံရရှိခဲ့သည်။

မြန်မာဂျူဒိုအဖွဲ့အတွက် ဒုတိယမြောက် ငွေတံဆိပ်ဆုကို အေးအေးအောင်က အမျိုးသမီး (-၇၈) ကီလိုတန်းတွင် ရယူပေးခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲတတိယနေ့တွင် မြန်မာဂျူဒိုအဖွဲ့သည် ကစားသမားလေးဦးဖြင့်ယှဉ်ပြိုင်ခဲ့ရာ အေးအေးအောင်က ငွေတံဆိပ်ရယူခဲ့သော်လည်း ကျန်ကစားသမားများဖြစ်သည့် ရန်နိုင်စိုး၊ ဇော်လင်းအောင်နှင့် ခင်မျိုးသူတို့မှာ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ အေးအေးအောင်သည် ဆီမီးဖိုင်နယ်တွင် လာအိုကစားသမားကို အနိုင်ရခဲ့သော်လည်း ဗိုလ်လုပွဲတွင် ထိုင်းကစားသမားကို အရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အေးအေးအောင်သည် ဆီးဂိမ်းရွှေဆုကို တစ်ကျော့ပြန်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ငွေတံဆိပ်ဖြင့်သာ ထပ်မံကျေနပ်ခဲ့ရသည်။ အမျိုးသား (+၁၀၀) ကီလိုတန်းတွင် ဇော်လင်းအောင်၊ (-၁၀၀) ကီလိုတန်းတွင် ရန်နိုင်စိုးတို့ ယှဉ်ပြိုင်ခဲ့သော်လည်း ဆီမီးဖိုင်နယ်နှင့် တတိယလုပွဲတွင် အရှုံးနိမ့်ခဲ့သောကြောင့် ဆုတံဆိပ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ခင်မျိုးသူမှာလည်း ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို ဒီဇင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းလိုက်ပွဲစဉ်များ ကျင်းပမည်ဖြစ်သည်။ မြန်မာဂျူဒိုအဖွဲ့သည် တတိယနေ့အပြီးထိ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**ရှိုင်းထက်ဇော်**

# မြန်မာဘော်လီဘောအသင်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်



**မနီလာ ဒီဇင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပနေသည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ၏ ဘော်လီဘော အုပ်စုနောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းမှစ၍ မနီလာမြို့၌ ဆက်လက်ကျင်းပရာ မြန်မာဘော်လီဘောအသင်းသည် အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ပွဲတွင် အရေးနိမ့်ပြီး အုပ်စုဒုတိယဖြင့် ကျေနပ်ခဲ့ရသည်။

အုပ်စု (က) တွင် ထိုင်းအသင်းက နှစ်ပွဲစလုံးအနိုင်ရကာ ပထမ၊ မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ဒုတိယ၊ အုပ်စု (ခ)တွင် အင်ဒိုနီးရှားအသင်းက သုံးပွဲစလုံးအနိုင်ရကာ ပထမ၊ အိမ်ရှင် ဖိလစ်ပိုင်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ဒုတိယရကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ အုပ်စုနောက်ဆုံးနေ့တွင် ထိုင်းအသင်းက မြန်မာအသင်းကို သုံးပွဲပြတ်၊ အင်ဒိုနီးရှားအသင်းက အိမ်ရှင် ဖိလစ်ပိုင်အသင်းကိုသုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ ယင်းလေးသင်းစလုံးသည် နောက်ဆုံးပွဲမတိုင်မီကတည်းက ဆီမီးဖိုင်နယ်သို့ တက်ရောက်ထားခြင်းဖြစ်ပြီး အုပ်စုပထမနေရာအတွက်သာ ကစားခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် ကြိုးစားကစားခဲ့သော်လည်း နာမည်ကြီး ထိုင်းအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ၁၄-၂၅ မှတ်၊ ၂၀-၂၅ မှတ်၊ ၁၄-၂၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းတွင် အဓိကကစားသမား အောင်သူ မပါဝင်သောကြောင့် သိသိသာသာအားနည်းခဲ့ပြီး ထိုင်းအသင်းကို ယှဉ်ကစားနိုင်ရန် ခက်ခဲခဲ့သည်။ မြန်မာအသင်းသည် ယခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်မှုမရှိဘဲ ဆီးဂိမ်းပြိုင်ပွဲမှ ယှဉ်ပြိုင်ရသောကြောင့် ပြိုင်ဘက်အသင်းများနှင့် ယှဉ်ကစားရာတွင် ခက်ခဲခဲ့သည်။

ဆီမီးဖိုင်နယ် ပွဲစဉ်များကို ဒီဇင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ တွေ့ဆုံနေသည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မနီလာ)**

# မြန်မာမြားပစ်အဖွဲ့ တစ်ဦးချင်းနှင့် အသင်းလိုက်ပွဲစဉ်၌ ဗိုလ်လုပွဲတက်ရောက်

**ကလာ့ခ် ဒီဇင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံ ကလာ့ခ်မြို့၌ ကျင်းပနေသည့် ဆီးဂိမ်းပြိုင်ပွဲ၏ မြားပစ် Recurve ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ပြုလုပ်ရာ မြန်မာမြားပစ်အဖွဲ့သည် ပြိုင်ပွဲသုံးမျိုး၌ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ပြိုင်ပွဲပထမနေ့တွင် Recurve ပြိုင်ပွဲ အမျိုးအစား၏ ပွဲစဉ်ငါးပွဲ ကျင်းပခဲ့ပြီး အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲနှင့် Mix-Team ပြိုင်ပွဲတို့ ကျင်းပခဲ့ရာ မြန်မာမြားပစ်အဖွဲ့သည် တစ်ဦးချင်းပြိုင်ပွဲ၌ ထိုက်လင်းဦးနှင့် ပြည့်စုံနှင်း၊ အမျိုးသမီးအသင်းတို့က ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦး ယှဉ်ပြိုင်ခဲ့ပြီး ပြည့်စုံနှင်းက ဗိုလ်လုပွဲ၊ သီတာနွယ်က တတိယလုပွဲ ကစားရမည်ဖြစ်သည်။ ပြည့်စုံနှင်းသည် ဗိုလ်လုပွဲတွင် ဗီယက်နမ်ကစားသမားနှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ပြီး သီတာနွယ်မှာမူ တတိယလုပွဲတွင် ဗီယက်နမ်ကစားသမားနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာမှ ထိုက်လင်းဦးနှင့် နေလင်းဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထိုက်လင်းဦးသည် ကွာတားဖိုင်နယ်မှစတင်ကစားခဲ့ရကာ ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားကစားသမားနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နေလင်းဦးမှာ တတိယနေရာလုပွဲတွင် အင်ဒိုနီးရှားကစားသမားနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းမှာမူ ကွာတားဖိုင်နယ်တွင် မလေးရှားအသင်းကို ၆-၀ မှတ်၊ ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားအသင်းကို ၆-၀ မှတ်တို့ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲတက်ခဲ့ပြီး ဗီယက်နမ်အသင်းနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။ Mix-Team ပြိုင်ပွဲတွင် မြန်မာအတွဲသည် ဗီယက်နမ်အတွဲကို အရေးနိမ့်ခဲ့၍ တတိယလုပွဲကစားရမည်ဖြစ်ပြီး မလေးရှားအသင်းနှင့် တွေ့ဆုံနေသည်။

မြားပစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး Compound ပွဲစဉ်များ ဆက်လက်ကျင်းပမည်ဖြစ်သည်။ Recurve ဗိုလ်လုပွဲများကို ဒီဇင်ဘာ ၈ ရက်မှ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# မြန်မာဘောလုံးအသင်း ဆီးဂိမ်းဆီမီးဖိုင်နယ်ပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ယနေ့ကစားမည်

**မနီလာ ဒီဇင်ဘာ ၆**

အကြိမ် (၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တစ်ကျော့ပြန်ဗိုလ်လုပွဲ တက်ရောက်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်နှစ်ပွဲစလုံးကို မနီလာမြို့ရှိ ရီဇယ်လ်အမှတ်တရကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၆ ရက်က ရီဇယ်လ်ကွင်း၌ ကျင်းပခဲ့သည်။ ပိုပေါ့ဗ်က " အင်ဒိုနီးရှားအသင်းက ကျွန်တော်တို့အတွက် ခက်ခဲမယ့်ပြိုင်ဘက် ဖြစ်ပါတယ်။ အင်ဒိုနီးရှားအသင်းက အကောင်းဆုံးလူစာရင်းကို ပိုင်ဆိုင်ထားသလို သူတို့ထက် နားရက်ပိုရထားပေမယ့် ဒါကအားသာချက်တော့ မဖြစ်နိုင်ပါဘူး။ သူတို့ကိုရင်ဆိုင်ဖို့ အကောင်းဆုံး ပြင်ဆင်ထားသလို အားနည်းချက်ကိုလည်း ပြင်ဆင်ထားပါတယ်။ ဒုတိယမျှော်လင့်ချက်ဖြစ်တဲ့ ဗိုလ်လုပွဲ တက်ရောက်နိုင်အောင် အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။ အင်ဒိုနီးရှားအသင်းနည်းပြချုပ် ဆာဖရီက "မြန်မာအသင်းကို ရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒီပွဲမှာ အနိုင်ရဖို့ အာရုံစိုက်ထားပြီး အကောင်းဆုံးပြင်ဆင်ထားပါတယ်" ဟု ပြောကြားခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် ရှုံးပွဲမရှိဘဲ တက်ရောက်လာခြင်းဖြစ်သလို အင်ဒိုနီးရှားအသင်းကလည်း အုပ်စုပွဲများတွင် ဗီယက်နမ်အသင်းကိုသာအရေးနိမ့်ပြီး ကျန်လေးပွဲစလုံး အနိုင်ကစားလာခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်အဆင့်ကို သုံးကြိမ်ဆက် တက်ရောက်လာခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းသည် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ တတိယနေရာလုပွဲတွင် တွေ့ဆုံခဲ့ပြီး မြန်မာအသင်းက ရှုံးနိမ့်ထားသည်။

**ရှိုင်းထက်ဇော်**

## အနုပညာ

# စေ့စပ်လိုက်တဲ့ အမ်မာစတုန်း

ကျော်ကြားတဲ့ ဟောလိဝုဒ်မင်းသမီးတစ်ဦးဖြစ်သူ အမ်မာစတုန်းဟာ လတ်တလောမှာ သူ့ရဲ့ချစ်သူ ဒေ့ဗ်မက်ကာရေနဲ့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အမ်မာစတုန်းဟာ အောင်မြင်တဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Saturday Night Live" ရဲ့ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေ့ဗ်မက်ကာရေနဲ့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း အမ်မာစတုန်း စေ့စပ်လက်စွပ်ဝတ်ဆင်ထားတဲ့ပုံနဲ့အတူ ဒေ့ဗ်မက်ကာရေက သူ့ရဲ့အင်စတာဂရမ်ပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာ ဖြစ်ပါတယ်။ ကြယ်ပွင့်စုံတွဲဟာ နှစ်နှစ်ခန့် ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီးနောက် စေ့စပ်ခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

အမ်မာစတုန်းနဲ့ ဒေ့ဗ်မက်ကာရေတို့ဟာ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်အသိပေးခဲ့တာပါ။ သူတို့နှစ်ဦးဟာ ၂၀၁၆ ခုနှစ်အတွင်း ဒေ့ဗ်မက်ကာရေရိုက်ကူးတဲ့ "Saturday Night Live" အစီအစဉ်တစ်ခုမှာ အမ်မာစတုန်းပါဝင်ကာ အစီအစဉ်တင်ဆက်သူအဖြစ် လုပ်ဆောင်ခဲ့စဉ်က စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး နောက်ပိုင်းမှာ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

အမ်မာစတုန်းက သူ့အနေနဲ့ လက်ထပ်ကာ အိမ်ထောင်ရှင်တစ်ဦးအဖြစ် ရင်သွေးလေးတွေနဲ့ နေထိုင်လိုကြောင်း ယခင်က ထုတ်ဖော်ပြောကြားခဲ့ဖူးပြီး နောက်ပိုင်းမှာတော့ သူ့ရဲ့စိတ်ခံစားချက်တွေ ပြောင်းလဲခဲ့တယ်လို့ ဆိုပါတယ်။ အမ်မာစတုန်းက သူဟာဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးအဖြစ် အနုပညာလုပ်ငန်းတွေကိုလုပ်ဆောင်ရင်း တစ်ဖက်မှာလည်း အချစ်အတွက်အချိန်ပေးကာ အလုပ်နဲ့ပုဂ္ဂိုလ်ရေးကို မျှတစွာလုပ်ဆောင်သွားနိုင်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်လို့လည်း ပြောကြားထားသူ ဖြစ်ပါတယ်။

**အေးပြည့်- စုစည်းသည်**

## ကြော်ငြာ

**Taw Win Nan Htake Htar**

09-252630799
09- 4500 43394 , 09-787177990

- မြစ်ကြီးနား - ဇလုံတောင် ခရီးစဉ်
- ကျိုင်းတုံ - တာချီလိတ် ခရီးစဉ်
- မြိတ်ကျွန်းစု - Smart Island ခရီးစဉ်
- ချင်းပြည်နယ် - နတ်မတောင် ခရီးစဉ်
- မိုးကုတ် ပတ္တမြားမြေ ခရီးစဉ်
- ထားဝယ် - ဖိုးဖိုးကျောက်ကမ်းခြေ ခရီးစဉ်
- ကလော Trekking ခရီးစဉ်
- တောင်ကြီး ခရီးစဉ်
- လွိုင်ကော် ခရီးစဉ်
- မြင်းဦးလွင် ခရီးစဉ်
- ပုဂံ ခရီးစဉ်
- မြဝတီ ခရီးစဉ်
- ပေပလီ ခရီးစဉ်
- မွန်ဒေသ - အင်းဝ ခရီးစဉ်

DECEMBER 13 , 20 , 24 , 25 27 , 29 ,30
JANUARY 3 , 4

To Your Dream Destinations

UMTA

www.Royalnanhtakehtar.com

---

**Asia Dragon** (အေးရှားနဂါး)

[illegible]

09 300 300 30, 09 300 300 90, 09 799 100 100, 09 797 100 100

---

**WE Tour** ဘုရားဖူး Dec သင်္ကြာတိုင်း

| | |
|---|---|
| ပုဂံညောင်ဦးပုပ္ပါးစွယ်တော်လေးဆူ-ပြည့်ငါးပြည့်Hotelစားငြိမ်း | 70000/- |
| ငွေဆောင် ၁-ညအိပ် ကား-15000/- Hotel တည်းခိုပြီး | 35000/- |
| တိမ်ပင်လယ်၊ ရွှင်းသာ၊ နော်ဘူဘော၊ ပသိချောင်း၊ ဆင်စခန်း | 20000/- |
| ပြည်-အကောက်တောင်-ရွှေဆံတော်-ရွှေဘုံသာမုနိ-ရွှေနတ်တောင်ဘုရား | 25000/- |
| ဗုဒ္ဓဂါယာ-ငြိမ်းချမ်းရေးစေတီ-နေပြည်တော်အနှံ့ ရေပန်းဥယျာဉ် | 25000/- |

09-779944313, 09 696336373 ခင်းလုံးငှား 25/33/45/49 20% လျှော့

---

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပစ္ဆိမာရုံပရိယတ္တိစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော်၊ နိုင်ငံတော်ဗဟိုဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇသီရိပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ ဘဒ္ဒန္တခေမိန္ဒအထံတော်ထံမှ ပစ္ဆိမာရုံတိုက်ထွက် သံဃာတော်များနှင့် ပစ္ဆိမာရုံနွယ်ဝင်တပည့်သံဃာများ၊ ဒကာ၊ ဒကာမများတို့သည်

**ဒသမအကြိမ်မြောက် ဩဝါဒခံယူပွဲကို**

(၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄-၁၅ရက်) ၁၀-၁၂-၂၀၁၉ (အင်္ဂါနေ့)၊ ၁၁-၁၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)တွင်ကျင်းပမည်ဖြစ်ပါသောကြောင့် နတ်တော်လဆန်း ၁၄ ရက်အရောက် ကြွရောက်ပေးပါရန် ရိုသေစွာ ပင့်လျှောက်အပ်ပါသည်ဘုရား....။

ပစ္ဆိမာရုံစာသင်တိုက်
ပုသိမ်မြို့။

---

## ဆေးတက္ကသိုလ်(၁)ရန်ကုန် ၁၉၈၃ – ၁၉၉၃ ကျောင်းသား၊ ကျောင်းသူဟောင်းများ

## စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

၁၉၈၃/၁၉၉၃ပညာသင်နှစ်ဆေးတက္ကသိုလ်(၁)ရန်ကုန်တွင်ပညာသင်ကြားခဲ့ကြသောကျောင်းသား/ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲ၊မိတ်ဆုံညစာစားပွဲကိုအောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ကြောင်းကိုဝမ်းမြောက်စွာဖိတ်ကြားအပ်ပါသည်။

| အာစရိယပူဇော်ပွဲ | မိတ်ဆုံညစာစားပွဲ |
|---|---|
| ၂၀၁၉ခုနှစ်ဒီဇင်ဘာလ(၂၉)ရက်၊(တနင်္ဂနွေနေ့) | ၂၀၁၉ခုနှစ်ဒီဇင်ဘာလ(၂၉)ရက်၊(တနင်္ဂနွေနေ့) |
| နံနက်(၉)နာရီ | ညနေ(၆)နာရီ |
| ဆေးတက္ကသိုလ်(၁)ရန်ကုန်၊အပန်းဖြေခန်းမ | ဆေးတက္ကသိုလ်(၁)ရန်ကုန်၊မြက်ခင်းပြင် |

ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေကျောင်းသား/ကျောင်းသူဟောင်းများအားလုံးမပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကိုအောက်ပါပုဂ္ဂိုလ်များထံဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | | |
|---|---|---|---|---|
| အောင်ကျော်ဝင်း - ၀၉၅၁၂၇၀၄၃ | စိုးနိုင် - ၀၉၄၃၀၇၅၀၉၆ | အေးစန္ဒာဝင်း - ၀၉၄၂၀၀၉၉၇၃၄ | မိုးဝင့်အောင် - ၀၉၅၁၀၁၀၂၅ | လှဲလှဲကျော် - ၀၉၅၁၇၀၃၇၀ |
| စိုးဝင်းဦး - ၀၉၅၁၀၄၅၅၈ | မင်းသက်ထွေး - ၀၉၄၂၁၁၅၉၄၂၄ | သင်းသင်းနွယ် - ၀၉၅၁၀၄၃၅၆ | ဥမ္မာလွင် - ၀၉၅၁၁၃၅၉၂ | အေးအေးခိုင် - ၀၉၅၁၀၆၅၀၂ |
| စန်းယု - ၀၉၇၉၉၈၅၅၈၅၅ | ခင်မမထွေး - ၀၉၅၁၁၀၈၉၀ | သက်သက်ခိုင် - ၀၉၅၁၃၇၈၁၅ | ခင်သန္တာမြင့် - ၀၉၇၃၂၀၅၄၇၄ | မိုးမြလွင် - ၀၉၇၃၀၆၃၀၃၃ |
| သာမြကျော် - ၀၉၅၁၅၅၄၁၉ | ခင်မာမြင့် - ၀၉၅၅၀၅၆၀၅ | စန္ဒာလှိုင် - ၀၉၄၃၁၄၆၉၃၃၉ | သန်းသန်းရီ - ၀၉၇၉၇၅၃၀၀၀၃ | ခင်ငြိမ်းဝင်း - ၀၉၅၃၄၁၃၈၂ |

---

**UPG**
25th ANNIVERSARY
1995 - 2020

## UPG ကုမ္ပဏီ၏ ၂၀၂၀ ခုနှစ်တွင်ကျရောက်မည့်(၂၅)နှစ်ပြည့် "ငွေရတု" အထိမ်းအမှတ်

## ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်ခြင်း

**ပြိုင်ပွဲခေါင်းစဉ်**

**"Environmental, Safety & Quality with UPG"**

**ပထမဆု (၂၀) သိန်း**
**ဒုတိယဆု (၁၅) သိန်း**
**တတိယဆု (၁၀) သိန်း**

**နှစ်သိမ့်ဆု (၉) ဆု**
**(၃) သိန်းကျပ်စီ**
**ကုမ္ပဏီဝန်ထမ်းများ၏ဓာတ်ပုံများ ရွေးချယ်ခံရပါက**
**(၂) သိန်းကျပ်စီ**

အသေးစိတ်စည်းကမ်းချက်များကို Company Website ဖြစ်သည့် http://www.upgpaint.com နှင့် *25th Anniversary Photo Contest* Email - info@upgpaint.com တို့တွင် စုံစမ်းရယူနိုင်ပါသည်။

**ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၅.၁.၂၀၂၀)ရက်နေ့ ည(၁၂)နာရီအထိ နောက်ဆုံးထား ပေးပို့ရန်။**

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့်အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ် အပါအဝင် နှစ်အဆက်ဆက်စည်းကြပ် တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ ကချင်ပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော(ပုဂ္ဂလိက- မြန်မာကုမ္ပဏီ)လုပ်ငန်းရှင်(၅၀)ဦး၏ စာရင်းအားထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ကချင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၏**
**၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း**
**(ပုဂ္ဂလိက/ မြန်မာကုမ္ပဏီ)**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန/ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Hein Htet Swan Co.,Ltd | အမှတ်-ညပ/၆၁၊ ကမ်းနားလမ်း၊ ညောင်ပင် ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၂ | Kaung Yar Hu Co.,Ltd | အမှတ်-ညပ/၆၁၊ ကမ်းနားလမ်း၊ ညောင်ပင်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၃ | Win Zabu Htun Co.,Ltd | "အမှတ်-ခသ/၁၇၅ ၊ ကမ်းနားလမ်း၊ မြေနုရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၄ | Shwe Hsu Wai Co.,Ltd | အမှတ်-ခသ/၁၇၅၊ ကမ်းနားလမ်း၊ မြေနုရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၅ | Loi Ngu Bum Mining Co.,Ltd | အမှတ်-၄၃၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ငှက်ပျောသီး စိုက်ပျိုးရေး လုပ်ငန်း | |
| ၆ | Aung Myin Htoo Chun Co.,Ltd | အမှတ်-မမ/၆၆၊ ကမ်းနားလမ်း၊ မြို့မ ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၇ | Su Nadi Aung Co.,Ltd | အမှတ်- အလ/၅၀၊ ကုန်သည်လမ်း၊ အလယ်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။" | ကချင် | Trading | |
| ၈ | Myat Tun Kyaw Trading Co.,Ltd | အမှတ်-ခသ/၄၅၊ ခွန်သာ-တပ်ကလေး လမ်း၊ ခွန်သာရပ်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၉ | Shwe Gon Hsaung Co., Ltd | အမှတ်- ၁၆၉ ၊ ဗန်းမော်-မိုးမောက်လမ်း၊ ရွှေပြည်သာရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၁၀ | N Khai Bum Construction Co.,Ltd | အမှတ်- ၂၆၀၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် ၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၁ | Daw Shwe Yin Co.,Ltd | အမှတ်- ၆၈/၆၉၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် ၊ ကချင်ပြည်နယ်။ | ကချင် | ပို့ကုန်/သွင်းကုန် လုပ်ငန်း | |
| ၁၂ | Thee Sein Co.,Ltd | အောင်သီရိရပ်ကွက် ၊ လွယ်ဂျယ်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ပို့ကုန်/သွင်းကုန် | |
| ၁၃ | Bhamo Star Agri & Tech Co.,Ltd | အမှတ်- ခသ/၂၀၇ ၊ ရေရှင်ကျောင်းလမ်း၊ ခွန်သာရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၁၄ | Ngwe Gone Kywe Co., Ltd | အမှတ်- ညပ/၂၄၀၊ ကမ်းနားလမ်း၊ ညောင်ပင်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၁၅ | Ayeyarzar One Five Co.,Ltd | အမှတ်- ခသ/၁၅၄၊ ခွန်သာ-တပ်ကလေး လမ်း၊ မြေနုရပ်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၁၆ | Khin Khin Khing Co.,Ltd | အမှတ်- မက/၁၉၈ ၊ ကန်တော်ကြီးလမ်း၊ မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၁၇ | Deep Roots Development Co.,Ltd | ကြာရာပတ္တိုး(အေ)၊ နယ်မြေ(၁၂)၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | DRD ကွန်ကရစ် လုပ်ငန်း | |
| ၁၈ | Thiri Gone Shein Co.,Ltd | အမှတ်-၆၆၉၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၉ | Myanmar Maker Home Construction Co.,Ltd | အမှတ်- D/9+10+11 ၊ အားကစားတိုက်ခန်း၊ ရေရာရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၀ | မလိခညီအစ်ကိုများကုမ္ပဏီ လီမိတက် | ပန်းလှိုင်ရပ်ကွက်၊ ပူတာအိုမြို့နယ်၊ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး | |
| ၂၁ | Asia CMI Co.,Ltd | အားကစားတိုက်တန်း၊ ရေရာရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် ၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၂ | Yunn Poe San Eain Co.,Ltd | အမှတ်- ၁၃၈၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် ၊ ကချင်ပြည်နယ်။ | ကချင် | ပို့ကုန်/သွင်းကုန် လုပ်ငန်း | |
| ၂၃ | Ye Lin Kyaw Co.,Ltd | အမှတ်- သစ/၄၅၊ ဗန်းမော်-မန်စီလမ်း၊ သာစည်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၂၄ | မိုးညှင်းရွှေမြေ ကုမ္ပဏီလီမိတက် | အမှတ်-၉၄၊ သာစည်ရပ်ကွက်၊မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၅ | Shwe Mann KhinTrading Co.,Ltd | အမှတ်- ညပ/၃၂၊ လက်ဝဲသုန္ဒရလမ်း၊ ညောင်ပင်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၂၆ | Htun Pyae Sone Oo Co., Ltd | အမှတ်-၂၉၆၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် ၊ ကချင်ပြည်နယ်။" | ကချင် | ပြောင်း၊ ဆန်ပွဲရုံလုပ်ငန်း | |
| ၂၇ | A1A Co.,Ltd | အမှတ်- ၅၁ ၊ ဗန်းမော်-မိုးမောက်လမ်း၊ (၃)မိုင်၊ ရွှေပြည်သာ၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၂၈ | ခိုင်ခန့်ကောင်း ကုမ္ပဏီလီမိတက် | ဟိုခိုရပ်ကွက်၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၉ | NANT KAUNG THITSAR Co.,Ltd | အမှတ်- ၇/၈၆၊ ကမ်းနားလမ်း၊ အရှေ့ရပ်၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၀ | La Kham Co.,Ltd | အမှတ်- ၃/၇၀၊ အောင်ချမ်းသာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ထုတ်ကုန်လုပ်ငန်း | |
| ၃၁ | MyanmarHukaung StarConstruction Co.,Ltd | အမှတ်- ၂၉၊ ပုန်ခုန်းရပ်ကွက်၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၂ | Sein Thit Sar Co.,Ltd | အမှတ်- သစ/၇၃၃ ၊ ဗိုလ်ချုပ်လမ်း ၊ အရှေ့သာစည်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၃၃ | ဦးစောနောင်+ဒေါ်ခင်မာဆွေ | ဆလကတိုက်တန်း၊ ရေရာရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | အိမ်ဆောက် ပစ္စည်းဆိုင် | |
| ၃၄ | Lu Nge Inn Arr Su Co.,Ltd | အမှတ်- ၁၃၈၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ပို့ကုန်/သွင်းကုန် လုပ်ငန်း | |
| ၃၅ | Myanmar Shwe Empire Co.,Ltd | အမှတ်-၂၃၈/က၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၆ | Phone Min Khant Co.,Ltd | မင်းရပ်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၇ | Shwe Sein Lon Co.,Ltd | အမှတ်- မက/၄၉၊ သီရိလမ်း၊ မင်းကုန်း ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၃၈ | Myit Moh Kyal Co.,Ltd | အမှတ်- ၈၁၂ ၊ လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် ၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၉ | Aung La Pyae Wun Co.,Ltd | အမှတ်- ၇၄၈ ၊ အောင်မင်္ဂလာရပ်ကွက်၊ လွယ်ဂျယ်မြို့နယ်၊ ကချင်ပြည်နယ်။" | ကချင် | Trading | |
| ၄၀ | See Hnin Lwin Pyi Co.,Ltd | အမှတ်-၆၇/၇၊(အင်ဂျန်ဒုံ)၊တပ်ကုန်း ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၁ | Bawm Myang Co.,Ltd | ရပ်ကွက်(၃) ၊ ချီဖွေမြို့နယ်၊ပန်ဝါမြို့၊ မြစ်ကြီးနားမြို့နယ် ၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၂ | ZAW MAW Co.,Ltd | န/၄၀၊ နန္ဒရင်းရပ်ကွက်၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၃ | Htaw Gaw Boung Co.,Ltd | ဘာလှဲရပ်ကွက်၊ ချီဖွေမြို့၊ မြစ်ကြီးနားမြို့နယ် ၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၄ | ဒေါ်နန်ဆိုင်း | ဒုတ္တန်ရပ်ကွက်၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | မြေကွက် ဝယ်ယူခြင်း | |
| ၄၅ | Sein Yar Su Co.,Ltd | အမှတ်- မက/၂၁၊ ဆင်ဖြူရှင်လမ်းကြား၊ မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၄၆ | Northen Palace Co.,Ltd | အမှတ်- ၁၁၈၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် ၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၇ | News AD Co.,Ltd | အမှတ်- ၄၈၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၈ | Eagle Dragon Co.,Ltd | အမှတ်- B/9 ၊ ဆောက်လုပ်ရေးတိုက်တန်း၊ ရေရာရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၉ | Ja Bum Co.,Ltd | အမှတ်-၆၊ လဝမ်ရပ်ကွက်၊ မိုင်းနားကျေးရွာအုပ်စု၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၅၀ | Sein Fashion Co.,Ltd | အမှတ်- မမ/၇၈၊ ကမ်းနားလမ်၊ မြို့မ ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |

# စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံး ထမ်းဆောင်သည့်အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ် အပါအဝင် နှစ်အဆက်ဆက်စည်းကြပ် တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်းစသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ ကချင်ပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော(ပုဂ္ဂလိက- မြန်မာကုမ္ပဏီ) လုပ်ငန်းရှင် (၅၀) ဦး၏ စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/ နိုင်ငံခြားကုမ္ပဏီ/ လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး) များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

### ပြည်တွင်းအခွန်များဦးစီးဌာန
### ကချင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၏
### ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း
### (ပုဂ္ဂလိက- မြန်မာကုမ္ပဏီ)

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန/ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | N Khai Bum Construction Co.,Ltd | အမှတ်-၂၆၀၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၂ | Daw Shwe Yin Co.,Ltd | အမှတ်-၆၈/၆၉၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၃ | SHWE HTOO TRADING Co., Ltd | အမှတ်-၂ရပ်ကွက်၊ မော်လမြိုင်ရပ်၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၄ | Thiri Gone Shein Co.,Ltd | အမှတ်-၆၆၉၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၅ | Asia CMI Co.,Ltd | အားကာတိုက်တန်း၊ ရောရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၆ | Myanmar Maker Home Construction Co.,Ltd | အမှတ်-D/9+10+11၊ အားကာတိုက်ခန်း၊ ရောရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၇ | Khin Khin Khing Co.,Ltd | အမှတ်-၁၉၈၊ ကန်တော်ကြီးလမ်း၊ မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၈ | Deep Roots Development Company Limited | ကြာရာပတ္တီး(အေ)၊ နယ်မြေ(၁၂)၊တပ်ကုန်း၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၉ | မလိခညီအကိုများကုမ္ပဏီ | ပန်းလှိုင်ရပ်ကွက်၊ ပူတာအိုမြို့နယ်၊ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး | |
| ၁၀ | Yunn Poe San Eain Co., Ltd | အမှတ်-၁၃၈၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၁၁ | ဒေါ်ဝင်း | အမှတ်-၆၇၊ မင်းရပ် ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Resturant | |
| ၁၂ | NANT KAUNG THITSAR Co., Ltd | အမှတ်-၇/၈၆၊ အရှေ့ရပ်ကွက်၊ ကမ်းနားလမ်း၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ် | ကချင် | Construction | |
| ၁၃ | Sein Thit Sar Co.,Ltd | အမှတ်-သစ-၇၃၃၊ အရှေ့သာစည်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၁၄ | ခိုင်ခန့်ကောင်းကုမ္ပဏီ | ဟိုခိုရပ်ကွက်၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး | |
| ၁၅ | ဦးစိန်လင်း | အမှတ်-၄၈၊ မင်းရပ် ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၁၆ | Myanmar Shwe Empire Co.,Ltd | အမှတ်-၂၃၈၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၁၇ | Shwe Mann Khin Trading Co.,Ltd | အမှတ်-ညပ-၃၂၊ လပ်ဝဲသုန္ဒရလမ်း၊ ညောင်ပင်ရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၁၈ | Myanmar Hukaung Star Construction Co.,Ltd | အမှတ်-၂၉၊ ပုန်ခုန်းရပ်ကွက်၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၁၉ | Phone Min Khant Co.,Ltd | မင်းရပ် ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၂၀ | Myit Moh Kyal Co.,Ltd | အမှတ်-၈၁၂၊ လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၂၁ | ဦးစောနောင်+ဒေါ်ခင်မာဆွေ | ဆလကတိုက်တန်း/ ရောရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၂၂ | ဦးဝင်းမင်းလတ် | နောင်ခိုင်ကျေးရွာ၊ ပူတာအိုမြို့နယ်၊ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး | |
| ၂၃ | Sein Yar Su Co.,Ltd | အမှတ်-မက-၂၁၊ ဆင်ဖြူရှင်လမ်းကြား၊ မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၂၄ | See Hnin Lwin Pyi Co., Ltd | အမှတ်-၆၇/၇၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၂၅ | Lu Nge Inn Arr Su Co.,Ltd | အမှတ်-၁၃၈၊ မြေမြင့်ရပ်ကွက်၊မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၂၆ | News AD Co.,Ltd | အမှတ်-၄၈၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၂၇ | Htaw Gaw Boung Co.,Ltd | ဘာလှဲ့ရပ်ကွက်၊ ချီဖွေမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၂၈ | ဦးငွေး+ ဒေါ်စန်းစန်းငွေး | အမှတ်-၂ရပ်ကွက်၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | "ရွှေတောင်တန်း စက်သုံးဆီဆိုင်" | |
| ၂၉ | ZAW MAW Co.,Ltd | အမှတ်-န/၄၀၊ နန့်ရင်းရပ်ကွက်၊မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၃၀ | Bawm Myang Co.,Ltd | ချီဖွေမြို့နယ်၊ ပန်ဝါမြို့၊ ရပ်ကွက်(၃)၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၃၁ | Eagle Dragon Co.,Ltd | ဆောက်လုပ်ရေးတိုက်တန်း(B/9)၊ ရောရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၃၂ | Northen Palace Co.,Ltd | အမှတ်-၁၁၈၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၃၃ | Shwe Sein Lon Co.,Ltd | မက-၄၉၊ သီရိလမ်း၊ မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၃၄ | Myanmar Shwe Kyi Aye Co.,Ltd | အမှတ်-ဟတ/၆၀၊ ဟန်းတဲရပ်ကွက်၊ ဗန်းမော်-မန်စီလမ်း၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၃၅ | Ja Bum Co.,Ltd | အမှတ်-၆၊ လဝမ်ရပ်ကွက်၊ မိုင်းနားကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၃၆ | ဦးမင်းသူ | အမှတ်-MGR-58၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Restaurant | |
| ၃၇ | ဦးဝင်းမိုးအောင် | ကြေးနန်းရပ်ကွက်၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | သဲ/ကျောက် ရောင်းဝယ်ရေး | |
| ၃၈ | ဦးမောင်မောင်ကြိုင် | ဆာခွမ်ဒမ်းကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ဆောက်လုပ်ရေး | |
| ၃၉ | Myat Nan Soe Trading Co.,Ltd | အမှတ်-ခသ-၃၁၄၊ ခွန်သာ-တပ်ကလေးလမ်း၊ ခွန်သာရပ်ကွက်၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၄၀ | ဒေါ်ရွယ်ဂျား | အမှတ်-၅၁၀၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Hotel/Motel/ Guest House | |
| ၄၁ | Mind Golden House Co.,Ltd | အမှတ်-F-12၊ အားကာတိုက်တန်း၊ ရောရပ်ကွက်၊မြစ်ကြီးနားမြို့နယ်၊ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၄၂ | Sein Lon Cherry Co.,Ltd | အမှတ်-၄၇၄၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၄၃ | ဦးတင်ထွန်း | ပြည်ထောင်စုလမ်းမ၊ နန့်ပုတ်ကျေးရွာ၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | ကံကြီးမောင် စက်သုံးဆီ | |
| ၄၄ | Manaw Akari Company Ltd | အမှတ်-၂၅၉၊ နောင်ကိုင်တောရပ်ကွက်၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၄၅ | ဦးမင်းသိန်း | မိုင်းနား၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | နိုင်းစတား စက်သုံးဆီဆိုင် | |
| ၄၆ | Mingalar Myitkyina Co., Ltd | အမှတ်-၁၄၉၊ ရန်ကြီးအောင်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၄၇ | ဒေါ်ကြည်ကြည်စန်း | အမှတ်-၃/ဆိပ်မူ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၄၈ | ချမ်းမြေ့ဦး Construction Co.,Ltd | အမှတ်-၁၉၈၊ နတ်ကြီးကုန်းရပ်ကွက်၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |
| ၄၉ | ဦးမိုးဇော်ဦး | အမှတ်-၅၀၊ ရှမ်းစုတောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Trading | |
| ၅၀ | LWIN PYAY HEIN Co.,Ltd | အမှတ်-၄ရပ်ကွက်၊ ရေပုံကြီးရပ်၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်။ | ကချင် | Construction | |

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စိန်ဖူး၊ ရေတွင်း ဒါယကာကြီး

## ဒု-ဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း)

ကြည်း-၇၅၅၁

ဗိုလ်သင်တန်းအပတ်စဉ်(၁၈)

### အသက်(၈၅)နှစ်

ဗဟိုကော်မတီဝင်(ငြိမ်း)

ထောက်လှမ်းရေးဗျူဟာမှူး(ငြိမ်း)

အမျိုးသားထောက်လှမ်းရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် (စ-စ-စ-ငြိမ်း)

သတင်းတပ်ဖွဲ့မှူး (SB-ငြိမ်း)

တောင်သာအမှတ်(၂)ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)

တောင်သာမြို့နယ်၊ ဝဲလောင်ရွာနေ (ဦးမောင်ငယ်-ဒေါ်ဖွားယုံ)တို့၏သား၊ သထုံမြို့နေ (ဦးကြည်ပို့-ဒေါ်ဖုံလေး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ အမှတ်(၂၃/က)၊ ရွှေတောင်ကြားလမ်းနေ ဒေါ်ရှုကြည် (အထက်တန်းပြ-ငြိမ်း၊ အထက-၁၊ ပန်းဘဲတန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသာထင်အောင်-ဒေါ်ခင်လတ်ဇံ၊ ဦးမင်းထင်အောင်-ဒေါ်မီမီစိုး၊ ဒေါ်ညိုမီအောင် တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မကုမုဒြာမင်းထင်အောင်၊ မအိန္ဒြန်းလဲ့သာတို့၏ ချစ်လှစွာသော အဘိုးသည် ၆-၁၂-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂:၁၉ နာရီတွင် ရန်ကုန် မြို့၊ SSC အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလပ်ကို ၈-၁၂-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟလုပ်ဖော်ကိုင်ဖက် အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထင်လင်း (Tom Htun Shein)

လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန (ငြိမ်း)

### အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက်(၁၀)၊ အခန်း(၁၄)၊ ဖ.ဆ.ပ.လ နေ (ဦးထွန်းရှိန်-ဒေါ်စိန်ရီ)တို့၏သား၊ (ဒေါ်နုနုသန်း)၏ခင်ပွန်း၊ ဦးခင်မောင်ဝင်း-(ဒေါ်သန္တာအေး)၊ ဦးမင်းစျာန်-ဒေါ်နွယ်နီအောင်တို့၏ဖခင်၊ မအဥ္ဇလီဝင်း၊ မကေရီဖူးတို့၏အဘိုး၊ (ဗိုလ်ကြီး ကြည်မင်း)-ဒေါ်အေးအေးမင်းတို့၏မောင်၊ ဦးအောင်ကျော်မြင့်-ဒေါ်နွဲ့လေးရှိန်၊ ဦးမောင်မောင်ခင်-ဒေါ်သန်းနွယ်၊ ဦးတင်မောင်ဆွေ-(ဒေါ်ဆွေဆွေမွန်)၊ ဦးကျော်ထွန်းရှိန်-ဒေါ်ဝင်းဝင်းခိုင်၊ (ဦးမင်းထွန်းရှိန်)-ဒေါ်တင်တင်ဝင်း၊ ဦးဇော်ထွန်းရှိန်တို့၏ အစ်ကို ဦးထင်လင်းသည် ၅-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ဝင်း (ခ) ဦးဟန်

စာတည်းအဖွဲ့ဝင် (ငြိမ်း)

မြန်မာ့အလင်းသတင်းစာတိုက်

### အသက် (၇၃) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်ပုံကျေးရွာနေ (ဦးဖုန်းမြင့်-ဒေါ်မူ)တို့၏သားကြီး၊ (ဦးအောင်မြိုင်-ဒေါ်ငယ်)တို့၏သားသမက်၊ (ဦးတင်ငွေ)-ဒေါ်ခင်ဝင်း၊ ဦးစိုးညွန့်-ဒေါ်လှရွှေတို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ လုပ်သားလမ်း၊ အမှတ်(၅၆၀)နေ ဒေါ်ငွေငွေရှိန်(အလုပ်ရုံစိတ်မှူး-ငြိမ်း၊ အဆင့်မြင့် မီးခံအုတ်စက်ရုံ-စက်မှုဝန်ကြီးဌာန)၏ခင်ပွန်း၊ ကိုတင့်ထူးရွှေ-မသီရိအောင်တို့၏ ဖခင်၊ မောင် Arthur ကောင်းပြည့်ဖြိုးရွှေ၏အဘိုး၊ တူ/တူမ ၁၇ ယောက်တို့၏ဘကြီးသည် အမေရိကန်ပြည်ထောင်စု၊ အီလီနွိုင်းပြည်နယ်၊ စပရင်းဖီးလ်မြို့ရှိ Memorial Medical Center ၌ ၅-၁၂-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ခန္ဓာကို Science Care သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၉ ရက်တွင် မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးသန့်ဇင်

(DSA-45)

(ယာယီတပ်ရင်းမှူး)

နောင်ချိုမြို့

### အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၁)လမ်း၊ အမှတ်(၁၀၅/ခ)နေ (ဦးရှိန်း-ဒေါ်သောင်းစိန်)တို့၏ မြေး၊ ဦးကျော်ဆွေ-ဒေါ်ခင်ဝေ (ကျော်ဝေဖြိုး နိဗ္ဗာန်ကုန်ဆိုင်၊ ဗဟန်းဈေး)တို့၏သား၊ (ဦးဉာဏ်လင်း)-ဒေါ်ဝင်း၊ ဦးဇော်ဝင်း-ဒေါ်ချယ်ရီထွေး၊ ဦးသိန်းဇော်မင်းတို့၏တူ၊ (ကိုရဲမင်းမင်း)၏ညီ၊ မခိုင်သဇင်ဖြိုး၊ မနဒီအေးဝင်းတို့၏ အစ်ကို၊ မမြတ်မဥ္ဇူ၏ ဦးလေး၊ ဒေါ်အင်ကြင်းမေ၏ ခင်ပွန်း၊ မောင်စစ်သွေးသန့်ဇင်၏ ဖခင်သည် ၆-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၆ နာရီတွင် လောက်ကိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်၊ နောင်ချိုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်သောင်းနွဲ့ (တွဲဖက်ပါမောက္ခ၊ ခတ်မှန်အထူးကုဆရာဝန်ကြီး-ငြိမ်း၊ အရိုးအထူးကုဆေးရုံကြီး၊ ကြည့်မြင်တိုင်)၏ ချစ်လှစွာသော ဖခင်ကြီး ဦးစိန်မှန် အသက် (၉၄) နှစ်သည် ၄-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ဓာတ်မှန်ပညာအဖွဲ့**

## အနိစ္စ

### ဦးအောင်တေဇမြင့်

အတွင်းရေးမှူး၊ စေတနာ-နာရေးကူညီမှုအသင်း

### အသက် (၅၆) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ အမှတ်(၁၁၉၀)နေ [ဦးစိုးမြင့် (ဒု-လ/ထညွှန်ကြားရေးမှူး၊ သာသနာရေးဝန်ကြီးဌာန-ငြိမ်း)-ဒေါ်ခင်ရီ]တို့၏ သား၊ [ဗိုလ်မှူးတင်မြင့် (စက်မှုဆေးဝါး-ညွှန်ကြားရေးမှူး)]-ဒေါ်သန်းဆင့်တို့၏ သားသမက်၊ ဦးပေါ်ဟိန်း (ဥက္ကဋ္ဌ၊ ခတု/သမ)-ဒေါက်တာလှရီမြင့်၊ ဒေါက်တာအောင်ဇေယျမြင့် - (ဒေါ်မာမာဝေ)၊ ဦးမြင့်သန်း-ဒေါ်ခင်အေးမြင့်၊ ဦးလှဟန်-ဒေါ်လှနွယ်မြင့် (ခတု/သမ)တို့၏မောင်၊ (မမိုးသီတာမြင့်)၏အစ်ကို၊ မဖြိုးသီရိအောင် (3rd Microbiology-Dagon University)၏ ဖခင်၊ ဒေါ်ဆင့်ဆင့်အေး (အောင်မြင့်မိုရ်စာသင်ဝိုင်း-မြန်မာနိုင်ငံ ရှုပဗေဒအသင်းအဖွဲ့ဝင်)၏ ချစ်လှစွာသောခင်ပွန်းသည်၅-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ အမှတ် (၁၁၉၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာဦးခင်ညွန့်

လ/ထ ကထိက (ငြိမ်း)၊ ခန္ဓာဗေဒဌာန (ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)

(သိမ်ချောင်း)

### အသက် (၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အေးသာယာလမ်း၊ အမှတ်(၄-က)နေ (ဦးမောင်ကြီး-ဒေါ်သန်းကျင်)တို့၏သား၊ (ဦးပု-ဒေါ်တင်တင်)တို့၏သားသမက်၊ ဒေါက်တာဒေါ်တင်လှ (ဌာနမှူး/ကထိက-ငြိမ်း၊ ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးညွန့် (Bangkok Airway Co.,Ltd)-ဒေါ်မြင့်မြင့်ဝေ၊ ဗိုလ်မှူးအောင်နိုင်(ငြိမ်း)(ပါမောက္ခ-ငြိမ်း၊ သမဝါယမတက္ကသိုလ်-သန်လျင်)-ဒေါက်တာသဇင်ညွန့်(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး-ငြိမ်း)၊ ဒေါက်တာရဲညွန့်-ဒေါ်သီတာဝင်း၊ ဒေါက်တာဇင်မင်းအောင်-ဒေါက်တာနှင်းပန်းညွန့် (တွဲဖက်ပါမောက္ခ/ခတ်မှန်အထူးကုဆရာဝန်ကြီး-ORLHNS Hospital Yangon)တို့၏ချစ်လှစွာသောဖခင်၊ မောင်ဖြိုးကောင်းဟန်-ဒေါက်တာရတနာမျိုးညွန့်၊ မောင်သီဟမျိုးညွန့်၊ မဖြိုးစုဟန်၊ မယမင်းမျိုးညွန့်၊ မအေးငြိမ်းအောင်၊ မောင်ကျော်ခန့်ညွန့်၊ မောင်ဉာဏ်ထွန်းတို့၏ချစ်လှစွာသော အဖေကြီးသည် ၆-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ] ကျန်ရစ်သူမိသားစု

## ဒေါက်တာခင်ကြည်ညွန့် (Cherry)

### အသက်(၈၉)နှစ်

Department of Medical Research Yangon

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄၅/က)၊ သံလွင်လမ်းနေ (ဦးတင်ကြီး-ဒေါ်ခင်ခင်ကြီး)တို့၏သမီး၊ ဦးတင်ဦး၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာခင်ထွန်း-ဒေါ်ဝင်းမာ၊ ဦးတင်ထွန်း-ဒေါ်အေးအေးခင်၊ ဒေါက်တာရဲမြင့်-ဒေါ်စန်းစန်းအေးတို့၏ မွေးသမိခင်၊ မောင်မင်းကို၊ မောင်ရဲလေး၊ မအေးစန္ဒာ၊ မသင်းသီရိထွန်း၊ မခင်စန္ဒီထွန်းတို့၏ အဘွားသည် ၆-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးကျော်စွာ(ငြိမ်း)

### အသက်(၇၉)နှစ်

ကြည်း-၁၁၆၂၄၊ ဗိုလ်သင်တန်းအမှတ်စဉ်(၃၉)

ခယက(အတွင်းရေးမှူး)ကျောက်ဆည်

မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ အမှတ်(၂)၊ ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)၊ အရာရှိကြီးလိုင်းနေ (ဦးမောင်ယုံ-ဒေါ်ချစ်မေ)တို့၏သား၊ (ဦးကြိုင်-ဒေါ်မြိုင်(ခ)ဒေါ်မွတ်)တို့၏ သားသမက်၊ ဒေါ်လှစိန်၏ ခင်ပွန်း၊ ဦးအောင်နိုင် (ဒု-စက်ရုံမှူး-စီမံရေး)-ဒေါ်အေးအေးသင်း၊ (ဦးဝင်းနိုင်)-ဒေါ်သီတာစိုးတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီး ဗိုလ်မှူးကျော်စွာ(ငြိမ်း)သည် ၅-၁၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် မြိုင်ကလေးရွာကြီး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဦးအောင်နိုင် (ဒု-စက်ရုံမှူး-စီမံရေး)-ဒေါ်အေးအေးသင်းတို့၏ နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းအောင်ကျော် (ရူပဗေဒ)

ရန်ကုန်တက္ကသိုလ်၊ မကွေးကောလိပ်

### အသက် (၇၈) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းကျောင်းလမ်း၊ ခြံအမှတ်(၇)နေ [ဦးအေးကျော်-ဒေါ်ခင်ယုံ(နတ်မောက်မြို့)]တို့၏သား၊ [ဦးမြမောင်-ဒေါ်သန်းကြည်(ကြည့်မြင်တိုင်)]တို့၏သားသမက်၊ ဒေါ်တင်တင်ဝင်း(အထပြ-ငြိမ်း၊ ထ-၃ သင်္ဃန်းကျွန်း၊ ထ-၁ လမ်းမတော်) ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဇော်-ဒေါ်ခိုင်ခိုင်၊ ဦးအောင်မြတ်-ဒေါ်မြတ်သီရိဝေ၊ ဦးသူရသန်း-ဒေါ်စုစုလေးတို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ မောင်မင်းဘုန်းထွဋ်၊ မောင်မင်းဘုန်းမြတ်တို့၏ချစ်လှစွာသောဘိုးဘိုးကြီး ဦးထွန်းအောင်ကျော်သည် ၅-၁၂-၂၀၁၉ ရက် ညနေ ၄:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၆-၁၂-၂၀၁၉ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်ရှာမာအောင်(ခ)မတူးမာ(၅၇)နှစ်

ဌာနခွဲစာရေး၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဗဟိုမစိုးရိမ်ရပ်ကွက်၊ ဦးစိန်လမ်း၊ အမှတ်(၁၂/၁၀၈)နေ (ဒု-အရာခံဗိုလ်မျိုးအောင် -ဒေါ်အေးအေးလွင်)တို့၏ သမီး၊ (တပ်ကြပ်ကြီးဖရန်ကိုအောင်-နော်ဖောဒီညား)၊ တပ်ကြပ်ကြီးအိုက်အောင် (တပ်မတော်လေ-ငြိမ်း)တို့၏ ညီမ၊ ဗိုလ်ကြီးစောမာကိုအောင်(ငြိမ်း)(တေဇ-၁၂)-ဒေါ်ချယ်ရီ၊ အုပ်ခွဲတပ်ကြပ်ကြီးစမိုးဇက်(လေတပ်ဆွယ်)-ဒေါ်မူမူစီ (အကြီးတန်းစာရေး၊ သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်)၊ ဦးသိန်းထွန်း-ဒေါ်နုနုထားအောင် (Y.M.C.A)၊ ဦးအောင်ဇင်ဦး (လမ်းတံတားဌာန၊ ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်ဘေဘီအောင် တို့၏ အစ်မ၊ တူ/တူမ ၁၅ ယောက်တို့၏ ကြီးကြီး ဒေါ်ရှာမာအောင်(ခ)မတူးမာ (ဌာနခွဲစာရေး၊ သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်) သည် ၅-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၁၂-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံမှ ကားများထွက်ခွာ၍ ကျေးကြီးခရစ်ယာန်သုသာန်၌ နံနက် ၁၁ နာရီတွင် ဈာပနကိုးကွယ်ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (အောက်မေ့ဖွယ် ကိုးကွယ်ဝတ်ပြုခြင်းကို အထက်ပါနေအိမ်၌ ၉-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ပြုလုပ်မည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေမြန်မာမဟာစည်သာသနာ့ရိပ်သာနှင့် ချောက်မြို့၊ ဇမ္ဗူဒီပသာသနာ့ရိပ်သာတို့၏ ဦးစီးပဓာနနာယကဆရာတော်

## ဘဒ္ဒန္တ ဝိဇ္ဇာသိဒ္ဓိ

### သိက္ခာတော်(၄၉)ဝါ၊ သက်တော်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီလမ်း(ခ)ဘုန်းကြီးလမ်းရှိ ရွှေမြန်မာမဟာစည် သာသနာ့ရိပ်သာနှင့်မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၁၀)၊ အေးစေတီရပ်ကွက်ရှိ ဇမ္ဗူဒီပသာသနာ့ရိပ်သာတို့၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇာသိဒ္ဓိသည် (၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်) ၆-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၉:၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်ဒါယကာ/ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်ဒါယကာ/ဒါယိကာမများ**

ရဟန်း၊ ကျောင်းဒါယိကာမ

## ဒေါ်သန်းတင် (ခ) ဒေါ်သန်းကြွယ် (ကျိုက်ထို)

### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၆၄/က)၊ (၆)လမ်း၊ (၁)ရပ်ကွက်နေ (ဗိုလ်ကြီးစံမြင့်)၏ဇနီး၊ ဗိုလ်မှူးအောင်သန်းထိုက် (ငြိမ်း)-ဒေါ်ချိုချိုစန်း(ကျောင်းအုပ်ကြီး၊ အ.ထ.က-၈၊ အင်းစိန်)၊ ဦးရဲမြင့်-နော်တာအယ်ထီးဖောဂေး၊ ဦးနိုင်ထွန်း-ဒေါ်ယဉ်ယဉ်မြင့်(KBZ Group)တို့၏မိခင်ကြီး၊ မြေး သုံးယောက်တို့၏အဘွား ဒေါ်သန်းတင်သည် ၆-၁၂-၂၀၁၉ (သောကြာနေ့) ၈:၅၅ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစန်းမောင်(ခ)ကာဖုံ

(လပွတ္တာ)

အဏ္ဏဝါမင်းဆားစက်၊ ဆောက်လုပ်ရေး၊ ဖွဲဆန်စက်

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၅၁)လမ်း (အထက်)၊ အမှတ်(၁၈၇/၁၈၉)နေ ဒေါ်လှလှ၏ ခင်ပွန်း၊ ဒေါ်ဥမ္မာစန်း၊ ဦးထွန်းထွန်းမြင့်-ဒေါ်သန္တာအေး၊ ဒေါက်တာနွယ်နီဝင်းတို့၏ ဖခင်၊ မသင်းရတနာ၊ မောင်သီဟစောတို့၏ အဘိုးသည် ၅-၁၂-၂၀၁၉ (ကြာသပတေးနေ့) ည ၁၁:၅၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၉ (သောကြာနေ့) ၁၀ နာရီတွင် ကွယ်လွန်သူ၏ ဆန္ဒအရ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးရဲထွဋ်လှိုင်

စ-စ-စ(ငြိမ်း)

### အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်အုန်း-ဒေါ်တင်နု)တို့၏ သားကြီး၊ (ဦးဘချစ်ထူး-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ အခန်း ၃/တိုက်-၃၉၊ အေးရိပ်မွန်(၁၁)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါက်တာဒေါ်အေးအေးမူ၏ခင်ပွန်း၊ ဦးသန်းလွင်-ဒေါ်မြင့်မြင့်လှိုင်၊ ဒေါ်ဥမ္မာလှိုင်(အ-ထ-က-၂၊ စမ်းချောင်း)၊ ဦးဇော်မျိုးလှိုင်-ဒေါ်ခင်နွဲ့ရီ၊ ဦးငွေဝင်း-ဒေါ်သီတာလှိုင် (MPT-အလုံ)၊ ဒေါ်နီလာထွေး၊ ဦးကျော်စိုးနိုင်-ဒေါ်ခင်ခင်ဝင်းတို့၏ အစ်ကိုကြီး၊ ဦးဇာနည်လင်း၊ ဒေါ်မေမြတ်သူတို့၏ ဖခင်သည် ၂၇-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၁၁:၄၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်သန်း (၆၂) နှစ်

ကျောင်းကုန်းမြို့နေ (ဦးစိန်ဟန်)-ဒေါ်တင်ရီတို့၏သမီး၊ တောင်ဥက္ကလာပမြို့နေ (ဦးတင်ထွန်း)-ဒေါ်ကျင်ရှိန်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်(၂၇)၊ အခန်း(၁၀၁)၊ ဘီ(၃) လမ်းနေ ဦးသစ်လွင်၏ဇနီး၊ (ဦးမြင့်လွင်)-ဒေါ်ယဉ်ယဉ်သန်း၊ ဦးစန်းလွင်-ဒေါ်မာလာကျော်၊ ဦးစိုးလွင်-ဒေါ်ခင်ခင်လေး၊ ဦးလင်းငွေ-ဒေါ်လွင်လွင်မော်၊ ဦးညီညီလွင်၊ မဆန်းဆန်းတင့်၊ ဦးဇော်လွင်-ဒေါ်ဆွေဆွေဝင်းတို့၏အစ်မ၊ ကိုရန်နိုင်စိုး-မသူဇာ၊ ရဲမှူးသီဟ၊ ကိုထိန်လင်းမြတ်-မထက်ထက်ထွန်းမြင့်တို့၏ ကျေးဇူးရှင်မွေးမိခင်၊ မရွှေစင်ဖူး၊ မောင်ကောင်းမြတ်သူတို့၏အဘွားသည် ၅-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၅:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၉( တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးများနှင့် မိတ်ဆွေများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ဇော်ဦး

B.Sc (Physics) R.U

အထက-၁၊ ဒဂုံကျောင်းသားဟောင်း

### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၅၉၂)နေ [ဦးမြင့်သိန်း(တရားရုံးချုပ်ရှေ့နေ)]- ဒေါ်ခင်အေးရီ(အ-ထ-က-၁၊ ဗဟန်း)တို့၏ တစ်ဦးတည်းသောသား၊ (ဦးအောင်မိုး-ဒေါ်လှရီ)၊ (ဦးတင်အုန်း၊ ဒု-ညွှန်မှူး၊ M.P.P.E)၊ ဦးမောင်မောင်ကြည်တို့၏တူ၊ (ဦးတင်ရွှေ)-ဒေါ်ဝင်းကြည်တိုး၏ သားသမက်၊ ဦးဝေမင်း-ဒေါ်ဖြူဖြူတင်၊ ဒေါ်ညိုညိုတင်၊ ဦးအောင်နိုင်ဦး-ဒေါ်နီနီတင်တို့၏ ညီ/မောင်၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ဒေါ်ဝါဝါတင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သုဝဏ္ဏအောင်၊ မောင်ထွဋ်ဝဏ္ဏအောင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်သန့်ဘုန်းခေါင်၊ မောင်သန့်ထက်သာတို့၏ ဦးလေးသည် ၂-၁၂-၂၀၁၉ ရက် မြန်မာစံတော်ချိန် နံနက် ၉:၃၀ နာရီတွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ Mount Druilt Hospital ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းတို့အား ကြည့်ရှုစစ်ဆေး

မြိတ် ဒီဇင်ဘာ ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့တွင် ထားဝယ်ခရိုင် ထားဝယ်မြို့နယ်ရှိ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မြိတ်ခရိုင် တနင်္သာရီမြို့နယ်ရှိ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းတို့အား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ရောက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဦးတင်အောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မြိတ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် အောင်သူ၊ ဦးအောင်ထူး၊ ဦးဆက်အောင်နှင့် ဦးကျော်လင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❐



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ ပုဂံမြို့နှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရီမြို့သို့ တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား

နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံ ပုဂံမြို့နှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရီမြို့သို့ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေးကိစ္စနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဒုတိယသမ္မတ ၂ ဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။



အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ ပုဂံမြို့နှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရီမြို့သို့ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေးကိစ္စနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်မျိုး၊ ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**အရေးပါ**

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတွင်ရှိသည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပုဂံမြို့နှင့် အန်ကောဝပ်ကျောင်းရှိရာ ဆီရမ်ရီ ရှေးဟောင်းမြို့တော်နှစ်ခုကို ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ဆောင်ရာတွင် အရေးပါသည့် တိုက်ရိုက်လေကြောင်းခရီးစဉ် ပျံသန်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪



## အစိုးရစက်မှုလက်မှုသိပ္ပံ၊ ရေနံချောင်းမြို့ အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

ရေနံချောင်းမြို့၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဆရာ၊ ဆရာမတို့၏ ဂုဏ်ကျေးဇူးတို့အား ရည်ရွယ်၍ အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် (တနင်္ဂနွေနေ့)တွင် ရေနံချောင်းမြို့၊ မိခင်ကျောင်းတော်ကြီးဖြစ်သော ရေနံချောင်းဂျီတီအိုင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီး၊ရပ်ဝေးများမှ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ကိုယ်တိုင်တက်ရောက်ပူဇော်ကန်တော့နိုင်ရန် လေးစားစွာဖြင့် အသိပေး ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး (ဗဟိုကော်မတီ)**

## မြောင်းမြဆရာအတတ်သင် မြတ်ဆရာပူဇော်ပွဲ

၁၉၇၃-၇၄/၁၉၇၄-၇၅ ကျောင်းဆင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)
အချိန် - နံနက် ၉ နာရီ မှ ၁၂ နာရီထိ
နေရာ - ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ရုံးခန်းမ

**ဆက်သွယ်ရန်- ဦးစိုးသိန်း ၀၉-၂၆၃၆၅၄၈၂၃**
**ဦးလှဌေး ၀၉-၇၆၂၀၁၅၉၃၀**
**ဦးလွင်ပင် ၀၉-၇၃၀၁၀၃၈၉**

## အ.ထ.က (၄) ဗိုလ်တထောင်
### (ယခင် အရှေ့(ရ)ကွန်စင်၊ အ.ထ.က (၁) ဗိုလ်တထောင်)
### ကျောင်းသူဟောင်းများ၏ တွေ့ဆုံအကြိမ် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားခြင်း (၂၀၂၀)ခုနှစ်

အရှေ့(ရ)ကွန်စင်၊ အ.ထ.က(၁)ဗိုလ်တထောင်၊ အ.ထ.က(၄)ဗိုလ်တထောင်မှ အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီးများအား ... တွေ့ဆုံအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၅-၁-၂၀၂၀(တနင်္ဂနွေနေ့)၊ နံနက်(၉း၀၀)နာရီတွင် အ.ထ.က (၄) ဗိုလ်တထောင်၊ ... ကျင်းပမည်ဖြစ်ပါ၍ ... ဆရာကြီးများ ... ကြွရောက်ကြပါရန် နှင့် ကျောင်းသူဟောင်းများလည်း ... တက်ရောက်ပူဇော်ကြပါရန် ... ဖိတ်ကြားအပ်ပါသည်။

... Acc No.(0051202010028333)၊ ... Acc No. (01342220100004582)၊ ...

* ... ဆရာကြီးများအားလုံး ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ *

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

## ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း(၂၄)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၁၂-၁၂-၂၀၁၉ ရက်မှ ၁၃-၁-၂၀၂၀ ရက်အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၁၅-၁-၂၀၂၀ ရက်၊ ၁၀:၀၀ နာရီ ဖြစ်ပါသည်။
၄။ တင်ဒါပုံစံများတစ်စောင်လျှင် ၁၀၀၀၀/-ကျပ်(တစ်သောင်းကျပ်)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီး၊ နေပြည်တော်၊ ရုံးအမှတ်(၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၁၄၈၊ ၀၆၇-၃၄၁၂၆၀၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## တစ်ချက်တည်းကျင်းဝင်ခြင်း

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးနန္ဒ(MD)၊ (ရွှန်းလဲ့ရည်ထရေးဒင်းကုမ္ပဏီလီမိတက်)သည် ကစားဖော်များဖြစ်ကြသော ဦးအုန်းကျော်(မွမွလေး စားသောက်ကုန်လုပ်ငန်း)၊ ဦးဆန်းမွန်း၊ ဦးဝင်းမြင့်တို့နှင့်အတူ ၂-၁၂-၂၀၁၉ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Srixon Iron No (8) ဘောလုံးကို Srixon No (4)/Iron (8) တုတ်ဖြင့်ရိုက်လိုက်ရာ (၁၇၃)ကိုက်ရှိကျင်းအမှတ်(၂)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

## တက်နေဝန်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

## ဒသမတန်းအောင်မြင်လိုသောသူများအတွက် သတင်းကောင်း

HOPE (မျှော်လင့်ခြင်း) ကိုယ်ပိုင်ဘာသာရပ်သင်တန်းကျောင်းမှ (2020 ခုနှစ်မတ်လတွင်) ဒသမတန်းဖြေဆိုမည့် ကျောင်းသူ၊ကျောင်းသားများကို နှစ်လပြတ်သင်တန်းပို့ချပေးမည်ဖြစ်သောကြောင့် စာမေးပွဲအောင်မြင်လိုသောသူများ စိတ်ချစွာ တက်ရောက်နိုင်ပါပြီ။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းပါရန်။

သင်တန်းကာလ - ၁-၁-၂၀၂၀ ရက်မှ ၂-၃-၂၀၂၀ ရက်ထိ
သင်တန်းနေရာ - HOPE (မျှော်လင့်ခြင်း) ကိုယ်ပိုင်ဘာသာရပ်သင်တန်း ခြံအမှတ်(၁၀၀၃)၊မင်္ဂလာသုခလမ်း၊ ၄၆-ရပ်ကွက်၊ မြောက်ဒဂုံ။
ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၀၅၀၁၀၂၇




## အုန်းမြူ

အုံ့မြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-444880970

## ရောင်း(သို့)Condo နဲ့လဲမည်

သဃ်န်းကျွန်းမြို့နယ်၊နှင်းဆီကုန်း၊ VIP ရပ်ကွက်အနီး (ဂုတ်ခြံ) မျက်နှာစာ ပေ(70x53) လေးပင်ပျဉ်ထောင်အိမ် ရေ+မီးစုံ၊ အုတ်တံတိုင်းခတ်ပြီး
**ဆက်သွယ်ရန် ဖုန်း-09-5036166, 09-5169505**


သစ် ပင် စိုက် မှ အ ရိပ်ရ၏ ရိပ် ခို နား နေ အပန်းဖြေ၏




VICTORIA UNIVERSITY COLLEGE
ISO 9001: 2015 CERTIFIED

အကောင်းဆုံးကို ရွေးချယ်အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသားအင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံး နှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001/2015 အသိအမှတ်ပြုလက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၂၀ ကျောင်းသား၊ကျောင်းသူသစ်များကို ကြိုဆိုပါသည်။

အခြေခံပညာအထက်တန်း ဖြေဆို/အောင်မြင်ပြီးသူများအတွက် (၃)နှစ်အတွင်း
BTEC HND နှင့် အင်္ဂလန်အစိုးရပိုင် University of Wolverhampton (UK) မှ
BA (Hons) Business Management
BSc (Hons) Computing & IT
BEng (Hons) Civil Engineering
BEng (Hons) Electronics & Communications Engineering
BEng (Hons) Mechatronics Engineering
ဒီဂရီဘွဲ့ရရှိမည့် အခွင့်အရေး

လျှောက်လွှာတင်သွင်းရန်နှင့် စုံစမ်းဆွေးနွေးရန် ကျောင်းသားရေးရာဌာန
ရန်ကုန် - အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃
မန္တလေး - အမှတ် (၁၅၁)၊ ၂၈ လမ်း၊ ၇၇ နှင့် ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ဖုန်း - ၀၂ ၄၀ - ၃၁၁၅၄၊ ၃၉၆၃၃

ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်မည့် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ တန်းခွဲသစ်အတွက် သင်တန်းသားများ စတင် လက်ခံပြီ။

# တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

ဂ

ဒီဇင်ဘာ ၇၊ ၂၀၁၉(စနေနေ့)

# ဆူရ်ခွားမြို့သစ်နှင့် ရှေးဟောင်းဗန်ကီးယိုပြတိုက်

**ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၊ မည်သည့်ဒေသတွင်မဆို ခမ်းနားကြီးကျယ်သည့်နယ်မြေ၊ တန်ဖိုးထားအပ်သည့်နယ်နိမိတ်၊ သဘာဝအလှတရားနှင့် အံ့ဖွယ်သောတောင်တန်းများရှိကြသကဲ့သို့ ချင်းပြည်နယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ချင်းပြည်နယ်တွင် မြို့နယ်ပေါင်း ၉ မြို့နယ်ရှိပြီး မြို့ ၁၁ မြို့အား ဖွဲ့စည်းထားရှိပါသည်။ မကြာသေးမီက ချင်းပြည်နယ် ဟားခါးမြို့နယ် ဆူရ်ခွားမြို့သစ်အား ဖွင့်လှစ်ခဲ့ပါသည်။ ဟားခါးမြို့နယ် ဆူရ်ခွားမြို့သစ်တွင် ထင်ရှားသော သမိုင်းဝင် ဗန်ကီးယိုပြတိုက် ရှိနေပါသည်။**



မင်းလပြည့်(ဟားခါး)

ဆူရ်ခွားမြို့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၉ ခုနှစ် မေလ ၁၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်၊ (၁၂၈/၂၀၁၉) ဖြင့် မြို့သစ်ကို ဖွင့်လှစ်ရန် သတ်မှတ်ခဲ့သည်။ ချင်းပြည်နယ် ဟားခါးခရိုင် ဟားခါးမြို့နယ် ဆူရ်ခွားကျေးရွာအုပ်စုအား ဆိုင်လိုသာရ်နှင့် ဆလုံပူးရပ်ကွက် နှစ်ရပ်ကွက် ပါဝင်သော ဆူရ်ခွားမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။ အမိန့်ကြော်ငြာစာအရ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး၊ ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနအကြီးအကဲများက ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် တက်ရောက်အားပေး ဖွင့်လှစ်ပေးခဲ့ပါသည်။

ဆူရ်ခွားဟူသည်မှာ **"ဆင်ကျက်စားသောအရပ်"** ဟု အဓိပ္ပာယ်ရကြောင်း၊ ဆလုံပူးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဘီခုံးက ပြောပြခဲ့ပါသည်။ ယခင်က ကျေးရွာဖြစ်သော်လည်း နယ်ချဲ့အင်္ဂလိပ်က ကျေးရွာကို သိမ်းပိုက်ရာတွင် စော်ဘွားဖြစ်သူ ဗန်ကီးယို၏ ဖခင် ဦးမန်ကုံက မျက်နှာဖြူလူမျိုးများကို အဝင်မခံရန် ကျောက်မီးသေနတ်များဖြင့် တစ်ရွာလုံး အပြင်းအထန် ကာကွယ်တိုက်ခိုက်ခဲ့ကြသည်။ သို့သော် လူအင်အား၊ လက်နက်အင်အား မမျှတသောကြောင့် နယ်ချဲ့တို့က ဆူရ်ခွားကျေးရွာကို ၁၈၉၂ ခုနှစ်တွင် သိမ်းပိုက်ခဲ့ကြပြီး တစ်ရွာလုံးမီးရှို့ခဲ့ကြသည်။

ထို့ပြင် ခေါင်းဆောင်ဖြစ်သူ ဦးမန်ကုံကို ဖမ်းဆီးခဲ့ကြသည်။ ဦးမန်ကုံ၏ သျှောင်ထုံးဆံပင်ကို ဖြေကာ မြင်းအမြီးဖြင့်ချည်၍ မြင်းကိုပြေးစေကာ၊ မြေပေါ်သို့ တရွတ်တိုက်ဆွဲ၍ လူမဆန်စွာ အပြစ်ပေးခဲ့ကြသည်။ ထိုသို့ ရက်စက်စွာပြုလုပ်မှုကြောင့် ရွာသူ ရွာသားများက ပုန်ကန်ထကြွမှု၊ တိုက်ခိုက်မှုမရှိစေရန် ကြောက်လန့်အောင်ပြုလုပ်ခြင်းဖြစ်ပေသည်။ နယ်ချဲ့တို့သည် ဦးမန်ကုံကို ဖမ်းဆီးပြီး နှစ်နှစ်ကျော်သည်အထိ ပခုက္ကူအကျဉ်းထောင်သို့ ချုပ်နှောင်ထားခဲ့သည်။ ၁၈၉၄ ခုနှစ်တွင် ကျေးရွာသူ ရွာသားများက ကျောက်မီးသေနတ် ၅၀ ဖြင့် ပြန်ရွေးခဲ့သည်။ အင်္ဂလိပ်တို့က ပြန်လွှတ်ပေးပြီး ကျေးရွာကို ပြန်လည်အုပ်ချုပ်စေခဲ့သည်။

ဦးမန်ကုံမှာ အသက်ကြီးရင့်၍ သားဖြစ်သူ ဦးဗန်ကီးယိုကို စော်ဘွားအဖြစ် လွှဲပြောင်းအုပ်ချုပ်စေခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေးသမားများက အကူအညီမရဟုဆိုကာ ဦးဗန်ကီးယို၏ အိမ်ကို မီးရှို့ခဲ့သည်။ ထိုနှစ်တွင်ပင် အင်္ဂလိပ်တို့က ပတ်ဝန်းကျင်ရှိ ရွာများ၏အကူအညီဖြင့် အိမ်ပြန်လည်ဆောက်လုပ်ပေးခဲ့ရာ ယနေ့တိုင်ပင်ဖြစ်သည်။ ထိုအိမ်တွင် ဗန်ကီးယိုနေထိုင်ခဲ့ပြီး ယခုပြတိုက်အဖြစ် ထားရှိခဲ့သည်။ ဦးမန်ကုံမတိုင်ခင် ဆူရ်ခွားကျေးရွာကို လွတ်လပ်သောကိုယ်ပိုင်အုပ်ချုပ်ရေး၊ အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေး၊ ဂျပန်အုပ်ချုပ်ရေး၊ အင်္ဂလိပ်-မြန်မာပါလီမန်အုပ်ချုပ်ရေး၊ တော်လှန်ရေး၊ ပြည်သူ့ကောင်စီအုပ်ချုပ်ရေး၊ စစ်အုပ်ချုပ်ရေး၊ ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးဟူ၍ အေဒီ ၁၅၀၀ ခန့်မှစ၍ ဆူရ်ခွားကျေးရွာအုပ်ချုပ်ရေးမှူးစသည့် အကြီးအကဲများက စီမံအုပ်ချုပ်မှုကိုလည်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ တွေ့ရှိရပါသည်။

ဦးမန်ကုံ ကွယ်လွန်ပြီးနောက် ၎င်း၏သားဖြစ်သူ ဦးဗန်ကီးယိုမှ ပြတိုက်ကို တည်ဆောက်ခဲ့ပါသည်။ စော်ဘွားပြတိုက်အိမ်ကို ဝင်မည်ဆိုပါက ပြတိုက်၏ခြံဝင်း၌ ပေ ၇၀ ခန့်ကွင်းပြင်ကို စတင်တွေ့မြင်ရမည်ဖြစ်ပါသည်။ ပြတိုက်နံဘေးတွင် လှေကားထစ်တစ်ခုရှိပြီး အပေါ်သို့ တက်ပါက ပေ ၇၀ ခန့်ရှည်သော သစ်သားဖြင့် ပြုလုပ်ထားသော ခြောက်ပေခန့်ကျယ်သည့် လူသွားလမ်းရှိသည်။ ၎င်းအပြင် စော်ဘွားအိမ်တစ်လုံးရှိပြီး အိပ်ဆောင်ခန်း ဘယ်ဘက်ခြမ်းတွင် အိမ်သို့ရောက်ပြီး အပေါ်ထပ်တက်သွားပါက ကပြဖျော်ဖြေမှုကြည့်ရှုရန် ဇာတ်စင်တစ်ခုရှိသည်။ အိမ်ဧည့်ခန်းအဝင်ဝ၏ ညာဘက်ခြမ်းတွင် မြောက်မြားလှစွာသော ပြောင်ချိုး နွားနောက်ချိုး ဝက်ဝံ၊ တောဝက်၊ ဆတ်ချိုး သမင်ဦးချိုများ၊ ကြေး၊ မောင်း၊ ယမ်းဘူးများ၊ လှံ၊ ကြေးခရာများ ချိတ်ဆွဲထားသည်ကို တွေ့မြင်ရသည်။

> **ဦးဗန်ကီးယိုပြတိုက်အပြင် အထက်တန်းကျောင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ အပါအဝင် အစိုးရဌာနအသီးသီး ဖွဲ့စည်းခဲ့ရာ မြို့အင်္ဂါရပ်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ကြသည်။ ဆူရ်ခွားမြို့သည် စည်းလုံးညီညွတ်မှုရှိခြင်း၊ မြို့တည်နေရာအချက်အချာကျခြင်း၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူခြင်း တို့ကြောင့် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည့်မြို့တစ်မြို့ဖြစ်လာရန် မြို့မိမြို့ဖများမှာ အနာဂတ်အိပ်မက် မက်လျက်ရှိ**

ကြေးခရာမှာ ကျေးရွာအချင်းချင်း အဆက်အသွယ်ပြုလုပ်ရာတွင်လည်းကောင်း၊ တစ်ရွာမှတစ်ရွာ ဆက်သွယ်ခြင်း၊ အောင်ပွဲများကျင်းပရာတွင်လည်းကောင်း အသုံးပြုရန် ထားရှိသည်။ အိမ်အတွင်းဝင်ပါက ဘယ်ဘက်ခြမ်းတွင် မီးဖိုရှိပြီး ၎င်းဘေးတွင် ခုတင်တစ်လုံးထားရှိသည်။ ၎င်းအပြင် ညီဖြစ်သူအတွက် မီးဖိုဆောင်တစ်လုံး ဆောက်ထားသည်ကိုလည်း တွေ့ရှိရသည်။ ဧည့်သည်များက မီးဖိုနံဘေးတွင် အိပ်စက်အနားယူကြကြောင်း၊ မြို့မိမြို့ဖတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။ အခန်းထဲတွင် ဒန်အိုးကြီးများ၊ ကြိမ်ဖြင့် ပြုလုပ်ထားသော စောင်းများ၊ သစ်သားဖြင့် ပြုလုပ်ထားသော ပန်းကန်များ၊ ဟင်းချိုခွက်များကိုလည်း တွေ့ရှိရသည်။ အဖိုးတန်ပစ္စည်းများ မီးလောင်ကျွမ်းပျက်စီးမှုမရှိစေရန် ကြိမ်ခြင်းထဲသို့ထည့်ပြီး ၄က်ပျောပင်နှစ်ပင်ကြား၌ ရှေးလူကြီးများသိမ်းဆည်းလေ့ရှိကြောင်း သိရှိရသည်။

မည်သူကမျှ ခိုးယူခြင်းမရှိကြောင်း ချင်းတိုင်းရင်းသားတို့၏ ရိုးသားမှုကို သိရှိရသည်။ နေအိမ်ကို ပြတိုက်သဖွယ် ပြုလုပ်ထားပြီး အောက်ခံကြမ်းခင်းမှာ တစ်ပေခွဲအကျယ် ထင်းရှူးနှင့် အခြားသစ်မာသားဖြင့် ပြုလုပ်ထားမှု ၎င်းကို ပုဆိန်ဖြင့်ခုတ်ထစ်ပြီး အောက်ခံကြမ်းခင်းအဖြစ် အသုံးပြုသည်။ မြို့အဖြစ်ဖွင့်လှစ်စဉ်တွင် တာဝန်ရှိသူများက မုခ်ဦးကို ဖွင့်လှစ်ပေးခြင်း၊ ကမ္ပည်းကျောက်စာများ ဖွင့်လှစ်၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။ မြို့သူမြို့သားများက လိုအပ်သည်များ တင်ပြဆွေးနွေးရာတွင် ဌာနဆိုင်ရာအကြီးအကဲများက ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ထို့နောက် စော်ဘွားကြီး ဗန်ကီးယိုနေအိမ်ရှိ ကွင်းပြင်တွင် ချင်းရိုးရာများဖြင့် မြို့သူမြို့သားများက ကပြဖျော်ဖြေခဲ့ကြသည်။




အထူးကဏ္ဍစာမျက်နှာ ခ သို့ »»

»» အထူးကဏ္ဍစာမျက်နှာ ဃ မှ

ရွှေရောကမ်းခြေအပန်းဖြေစခန်းသစ်၏ ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော သပေါ့အိုင်၊ ဆေးရိုးကွင်း၊ သောင်တာ၊ ဝါးတောကုန်းနှင့် သမြေရိုးကျေးရွာတို့ကလည်း ပင်လယ်ဒေသထွက်ပစ္စည်းမျိုးစုံတို့ကို ရွှေရောကမ်းခြေစခန်းသို့ လာရောက်ရောင်းချကြသည်။ ရောကျေးရွာတွင် လူဦးရေ ၃၂၁၀၊ အိမ်ထောင်စု ၁၀၆၆ စုရှိပြီး ဒေသခံများသည် ပင်လယ်ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြသည်။

အဆိုပါ ရွှေရောကမ်းခြေအပန်းဖြေစခန်းသစ်သည် မော်လမြိုင်ကျွန်းမြို့နယ်၊ ဘိုကလေးမြို့နယ်တို့နှင့် တစ်ဆက်တည်းတည်ရှိပြီး အချိန်တိုတိုဖြင့် သွားလာမှုအဆင်ပြေ ကုန်ကျစရိတ်သက်သာစွာဖြင့် သွားရောက်နိုင်သော ကမ်းခြေအပန်းဖြေစခန်းသစ်ဖြစ်ပါသောကြောင့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ ပွင့်လင်းရာသီဖြစ်သည့် ယခုကာလတွင် လာရောက်အပန်းဖြေနိုင်ကြသည်။



»» အထူးကဏ္ဍစာမျက်နှာ က မှ

မြို့ဖြစ်သည့်အထိမ်းအမှတ်အဖြစ် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ အော်ဟစ်အားပေးကြသည်။ ထို့နောက် အလှဆုံးမိန်းကလေးကို ထမ်းစင်ပေါ်တွင် ထမ်း၍ အပေါ်မြှောက်ကာ ဝိုင်းကြီးပတ်ပတ်ကကြသည်မှာ ကြည်နူးဖွယ်ရာကောင်းလှပေသည်။ ထို့နောက် လူကြီးလူငယ်များလက်ချင်းချိတ်၍ စုပေါင်းကကြပြီး အဘိုးကြီးများက ဗုံတီးခတ်၍ ပျော်ပျော်ပါးပါးကကြသည်မှာ ချင်းပြည်နယ်၏ ရိုးရာယဉ်ကျေးမှုကို ပေါ်လွင်စေသည်။

### ကြည်နူးခံစားရဖွယ်ကောင်းလှ

မြို့နံဘေးတွင် အမြင့်ပေ ၇၀၀၇ ခန့်ရှိသော ဘွေပါးတောင်မှတိုက်ခတ်လာသော လေအေးစိမ့်စိမ့်မှာ ကြည်နူးခံစားရဖွယ်ကောင်းလှသည်။ တောင်တန်းများမှာ ဆင်နှာမောင်းသဏ္ဌာန်ပုံစံဖြင့် ကြည့်ရှုရသည်မှာ လှပလွန်းလှသည်။ မြို့အဝင် ဘွေပါးတောင်တန်းမှာ ၉၀၀၇ ပေခန့်မြင့်ပြီး မြို့အနီး ဘွေပါးတောင်တန်းမှာ ပေ ၂၀၀၀ ခန့် ကွာခြားနေမှုကို သိရသည်။ ဆူရ်ခွားမြို့သစ် အိမ်ခြေမှာ ၄၃၀ ခန့်ရှိပြီး လူဦးရေစုစုပေါင်း ၁၈၀၀ ခန့်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ယခင် ၁၉၆၆ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ဆူရ်ခွားကျေးရွာအုပ်စုအား မြို့နယ်ခွဲအဖြစ် သတ်မှတ်ခဲ့ပြီး လက်ထောက်မြို့ပိုင်ရုံးစိုက်ကာ ရာဘက်တရားသူကြီးအဖြစ် လက်ထောက်မြို့ပိုင်တစ်ဦးအား အုပ်ချုပ်စေခဲ့သည်။ ဆူရ်ခွားမြို့သည် ၁၉၂၂ ခုနှစ်တွင် အစိုးရမူလတန်းကျောင်း ဖွင့်လှစ်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် အစိုးရအလယ်တန်းကျောင်း၊ ၁၉၉၁ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်း၊ ၁၉၇၈ ခုနှစ်တွင် တိုက်နယ်ဆေးရုံတို့အား ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဆူရ်ခွားကျေးရွာအုပ်စုအား မြို့အဖြစ် ဖွင့်လှစ်ပြီးပါက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၊ တိုက်နယ်ဆေးရုံ၊ ပညာရေးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လမ်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မီးသတ်ဦးစီးဌာန စုစုပေါင်း ဌာနပေါင်း ၁၇ ဌာနကို ဖွင့်လှစ်ရန် လျာထားပြီး ယခုလက်ရှိ စုစုပေါင်း ငါးဌာန ဖွင့်လှစ်တာဝန်ထမ်းဆောင်လျက်ရှိသည်။


၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆူရ်ခွားမြို့နယ်အုပ်ချုပ်ရေးမှူးရုံးကို ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ ၂၅၂ ကျပ်သန်းဖြင့် အုပ်ချုပ်ရေးမှူးရုံး အဆောက်အဦတစ်လုံး၊ မြို့အုပ်ချုပ်ရေးမှူးနေအိမ် အဆောက်အဦတစ်လုံး၊ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာအဆောက်အဦတစ်လုံးတို့ကို တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ ဆူရ်ခွားမြို့သည် မြို့ရေိယာ ၂၅၉၇၃ ဧကရှိပြီး စလုံပူးရပ်ကွက်နှင့် ဆိုင်လိုသာရ်ရပ်ကွက် နှစ်ရပ်ကွက်ဖြင့် ဖွဲ့စည်းထားသည်။

မြေအသုံးချမှုအနေဖြင့် မြို့မြေရေိယာ ၂၅၉၇၃ ဧကအနက် လယ်မြေ ၉၆ ဧက၊ ဥယျာဉ်ခြံမြေ ဧက ၃၀၊ တောင်ယာမြေ ၁၂၆၂၇ ဧက၊ မြေရိုင်း ၁၁၇၈၁ ဧက၊ လမ်းမြေ ၅၅ ဧက၊ မြစ်ချောင်းနှင့်ရေအောက်မြေ ဧက ၁၂၀၊ အင်းအိုင်မြေ ခုနစ်ဧက၊ ရွာမြေ ဧက ၈၀၊ သာသနာနှင့် သုသာန်မြေ ခြောက်ဧက၊ အခြားမြေ ဧက ၇၀၀ တို့ဖြင့် ပါဝင်ဖွဲ့စည်းထားရှိသည်။

ဆူရ်ခွားမြို့သည် မြောက်ဘက်တွင် ဟားခါးမြို့နယ်၊ တောင်ဘက်တွင် မတူပီမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ဟားခါး – မတူပီလမ်းမကြီးပေါ်တွင် တည်ရှိကာ ဟားခါးမြို့နှင့် မိုင် ၅၀၊ မတူပီမြို့နယ် ရေဇွာမြို့နှင့် ၅၅ မိုင် ကွာဝေးလျက်ရှိသည်။ မြို့နယ်ချင်းဆက်လမ်းများ အဆင့်မြှင့်တိုးမြှင့်ဆောင်ရွက်နိုင်ပါက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့တစ်မြို့ဖြစ်လာမည်ဖြစ်သည်။ ဟားခါးမြို့မှ မိုင် ၅၀ ခန့်ကွာဝေးသော်လည်း ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများမှာ ကောင်းမွန်ပြီး တောင်စွယ်တောင်တန်းများ၊ လမ်းအကွေ့အကောက်များ၊ ထင်းရှူးတောင်တန်းကြီးများကို လမ်းတစ်လျှောက်တွင် တွေ့မြင်ရသည်။ ဆူရ်ခွားမြို့မှ ဆက်သွားပါက ရေဇွာမြို့၊ မတူပီမြို့၊ မင်းတပ်မြို့နှင့် ပလက်ဝမြို့နယ်များသို့ သွားနိုင်သည်။ ဆူရ်ခွားမြို့နှင့်မလှမ်းမကမ်းတွင် ဖိုင်စောင်းရွာ၊ လုံရမ်ရွာတို့က တြိဂံပုံသဏ္ဌာန်ဖြင့် ဝန်းရံထားသည်ကိုလည်း တွေ့မြင်ရသည်။ ဆူရ်ခွားမြို့နံဘေးတွင် ဝင်းမှည့်နေသော စပါးခင်းများ၊ တောင်ယာလှေကားထစ်စိုက်ခင်းများကိုလည်း အဝေးမှတွေ့မြင်ရသည်မှာ ကဗျာဆရာများကဲ့သို့ စာဖွဲ့၍မမီနိုင်မည်မှာ သေချာလှသည်။

### စည်းလုံးညီညွတ်မှုရှိ

ဦးဗန်ကီးယိုပြတိုက်အပြင် အထက်တန်းကျောင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများအပါအဝင် အစိုးရဌာနအသီးသီးဖွဲ့စည်းခဲ့ရာ မြို့အင်္ဂါရပ်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ကြသည်။ ဆူရ်ခွားမြို့သည် စည်းလုံးညီညွတ်မှုရှိခြင်း၊ မြို့တည်နေရာအချက်အချာကျခြင်း၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူခြင်းတို့ကြောင့် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည့်မြို့တစ်မြို့ဖြစ်လာရန် မြို့မိမြို့ဖများမှာ အနာဂတ်အိပ်မက် မက်လျက်ရှိကြသည်။ အမှန်တကယ်လည်း ဖြစ်လာနိုင်ပေသည်။ ဆူရ်ခွားမြို့ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရှေးဟောင်းဗန်ကီးယိုပြတိုက်သို့လည်း ဧည့်သည်တော်များ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ခရီးသွားသူများ တိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲ သေချာလှပေသည်။



## ငွေတောင်ခေါ်သည် ကယားပြည်

ကယားတို့ရဲ့ ကန္တရဝတီ
ခေါ်ကြငွေတောင်ပြည်။
အကဖားစည် ရှမငြီး
တောညို့ညို့ကာဆီး။
ရေတံခွန်ကြီး လှပနေ
လောပိတ တဲ့လေ။
ထုတ်လွှတ်ပေးဝေ လျှပ်စစ်
မြန်ပြည်အနှံ့ဖြစ်။
သံလွင်မြစ်က စီးလို့ဖြာ
ရေစီးသန်လွန်းတာ။
နှစ်တိုင်းစဉ်လာ ကျင်းပန္တဲ
ဒီးကူ တံခွန်တိုင်ပွဲ။
တောင်ကွဲစေတီ ဖူးမြော်ရန်
လာကြပေါ့အမြန်။
ထီးပွင့်ကန်က အထင်ကရ
ကယားပြည်ရဲ့အလှ။
ခါးစည်းအစ ရှေ့ချစဉ်
ခြုံထည်လွှမ်းလို့ပင်။
ရိုးရာဝတ်ဆင် တို့ကယား
ဓားလွယ် သိုင်းလို့ထား။
အမြဲရိုးသား ဖြူစင်တယ်
တိုင်းရင်းသားမျိုးနွယ်။
ကယားပြည်နယ် လှိုင်ကော်မြို့
လာလည်ကြပါဗျို့။ ။

ခင်ခင်မူ(ရေကျော်)

## ပြည်ထောင်စုအိမ်ကလေး

ကရင်ကြီးက အိမ်တိုင်ထူ
ရခိုင်,ဗမာ ဝိုင်းလို့ကူ။
မွန်နှင့်အတူ ကချင်လေး
ထုပ်တန်းဒိုင်းခွေ မြားတန်းပြေး။
အိမ်ခေါင်မိုးလေး မိုးကြတာ
ရှမ်းနှင့်ကယား ချင်းလည်းပါ။
အခင်းအကာ လုံခြုံရေး
အားလုံးညီညာ လက်မနှေး။
ရင်းနှီးသွေးစည်း တို့တစ်တွေ
မခွဲမခွာ လက်တွဲနေ။
သာယာလှပေ အိမ်ကလေး
တို့ပြည်ထောင်စု ငြိမ်းချမ်းရေး
အတူတည်ဆောက် မျိုးချစ်သွေး။

ဇင်မင်းကို(စိန်ပန်းမြေ)

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]

# ချင်းမျိုးချစ်ခေါင်းဆောင် ဦးဝမ္မသူးမောင်း

မောင်မောင်ကျော့(ပလက်ဝ)

(၃၀-၁၁-၂၀၁၉ ရက်မှ အဆက်)

**နယ်ချဲ့ဆန့်ကျင်ရေးလျှို့ဝှက်စွာ စည်းရုံးခဲ့မှု**

၁၉၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် ပြင်ဦးလွင်(မေမြို့)မှ ချင်းရဲဘော်များက ပညာရေးအဖွဲ့ကို ဖွဲ့စည်းရန် စစ်ဘက်၊ အရပ်ဘက်ရှိ ချင်းအမျိုးသားတို့ထံမှာ အလှူငွေကောက်ခံကြသည်။ ၁၉၂၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ဝမ္မသူးရွာ၌ ထိုအလှူငွေဖြင့် မြန်မာစာသင်ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် ဦးဝမ္မသူးမောင်း ဆူဗဒါရာထူးမှ နုတ်ထွက်သည်။ နယ်ရှင်နယ်(ခေါ်)အမျိုးသားကျောင်းတွင် ကျောင်းဆရာဝင်လုပ်သည်။

ထိုမှတစ်ဖန် ချင်းတောင်သို့တက်ကာ အမျိုးသားကျောင်းများ တည်ထောင်သည်။ ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ တည်ထောင်သည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကို ပင့်ဆောင်ကာ သာသနာပြုသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတရားများဟောသည်။ သူနှင့်အတူ အနစ်နာခံလုပ်ကြမည့် ချင်းရဲဘော်များ စုဆောင်းသည်။ သူ၏ရဲဘော်အများစုမှာ တပ်ထွက်ဖြစ်သည်။ ထိုအထဲတွင် ကန်ပက်လက်နယ်ပိုင်ဝန်ထောက် "မစ္စတာကေးမောက်"ကို လက်သီးဖြင့်ထိုး၍ ပုလိပ်တပ်မှထွက်လာသော "ကြိုင်းနားအောင်" လို လူမျိုးလည်းပါသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ချင်းအမျိုးသားများအားလုံး သူ့ကျွန်ဘဝမှလွတ်မြောက်ရေးတို့အတွက် လျှို့ဝှက်စွာ စည်းရုံးခဲ့ပါသည်။

**ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့၏ လှုပ်ရှားမှု**

၁၉၃၃ ခုနှစ် မတ်လ ၂၇ ရက်တွင် ဦးဝမ္မသူးမောင်း ဦးဆောင်ပြီး(ခမညဖ) ချင်းအမျိုးသား ညီညွတ်ရေးအဖွဲ့ကို မင်းတပ်မြို့နယ် မသုန်နူးရွာတွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် ဦးဝမ္မသူးမောင်းက ဥက္ကဋ္ဌ၊ ဦးကီးဖေ(သခင်အောင်မောင်း)က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကြသည်။

၁၉၃၈ ခုနှစ်(ခမညဖ)အဖွဲ့၏ တတိယအကြိမ် ညီလာခံကို ဝမ္မသူးရွာတွင် ကျင်းပသည်။ တတိယအကြိမ်ညီလာခံတွင် ဒုတိယအကြိမ် ညီလာခံက ဆုံးဖြတ်ခဲ့သည့် ၉၁ ဌာန အုပ်ချုပ်ရေးတွင် ချင်းတောင်တန်းကို ထည့်သွင်းပေးရေးအပါအဝင် တောင်းဆိုချက်(၉)ချက်ကို အင်္ဂလိပ်အစိုးရထံ ကိုယ်စားလှယ်စေလွှတ်တောင်းဆိုရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤတောင်းဆိုချက်ကို ဘုရင်ခံနှင့် ဥပဒေပြုလွှတ်တော်သို့ အမျိုးသားခေါင်းဆောင်ကြီး ဘကြီးဖေက တင်ပေးခဲ့ခြင်းဖြစ်သည်။

ဦးဝမ္မသူးမောင်းသည် ဒို့ဗမာအစည်းအရုံးဝင် ရေနံချောင်း ဦးဘသီ၊ ပခုက္ကူ ဦးဘချော၊ ဦးမျိုးညွန့်၊ ဦးဖိုးသိန်း၊ သခင်အံ့ကြီးတို့နှင့် ဆက်သွယ်ဆွေးနွေးပြီး နိုင်ငံရေးစည်းရုံးမှုများကို ဆောင်ရွက်ပါတော့သည်။

၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၀ ရက် ဒါဘာပွဲကို မကွေးခရိုင် ဝန်ရှင်တော်မင်းကြီး "မက္ကရီကင်း"က ကန်ပက်လက်မြို့တွင် ကျင်းပခဲ့သည်။ ဤဒါဘာပွဲတွင် မကွေးခရိုင် ဝန်ရှင်တော်မင်းကြီး၊ ဖလမ်းအရေးပိုင်နှင့် ကန်ပက်လက်နယ်ပိုင်တို့သည် ဦးဝမ္မသူးမောင်းနှင့် (ခမညဖ)ခေါင်းဆောင်များ အပါအဝင် လူထုကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့သည်။

မကွေးဝန်ရှင်တော်မင်းကြီးက (၉၁)ဌာန အုပ်ချုပ်ရေးတွင် ထည့်သွင်းပေးရေး စသည့် တောင်းဆိုချက်များကို ပယ်ချခဲ့သည်။ ထို့ကြောင့် လူထုကိုယ်စားလှယ် ၃၀၀၀ ကျော်တို့က မခံမရပ်နိုင်ဖြစ်ကာ လက်သီးလက်မောင်းတန်းပြီး တစ်ခဲနက်ကြွေးကြော်ဆန္ဒပြခဲ့သည်။ လာသော ချင်းအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့သည် ငြိမ်းချမ်းရေးထိန်းသိမ်းမှုကော်မတီ (Peace Preseration Committe) တစ်ရပ်ကို အချိန်မီဖွဲ့စည်းလျက် ကန်ပက်လက်စည်းရုံးရေး တာဝန်များကို ဝင်ရောက်ထိန်းသိမ်းခဲ့မှုကြောင့် စစ်အတွင်းတရားဥပဒေမဲ့ ဖျက်ဆီးနှောင့်ယှက်မှုမရှိဘဲ ကန်ပက်လက်နယ်တစ်ဝန်းသာမက တောင်ပိုင်းချင်းတောင်တန်း





ရွာသူကြီး ၃၆ ဦးတို့ကလည်း ၎င်းတို့၏ ခန့်စာများကို နယ်ပိုင်ထံ ပစ်ပေါက်အပ်နှံခဲ့ကြသည်။ မကွေးဝန်ရှင်တော်မင်းကြီးနှင့် အဖွဲ့သည် အထိတ်တလန့်ဖြစ်ကာ ဆောမြို့သို့ ထွက်ပြေးခဲ့ကြရသည်။

အင်္ဂလိပ်အစိုးရ ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ကို မတရားအသင်း ကြေညာသည်။ ဦးဝမ္မသူးမောင်းအပါအဝင် ကိုးဦးကို မတ်လ ၂၄ ရက်တွင် ပထမအသုတ် ဖမ်းဆီးသည်။ နောက်ထပ်အသုတ်လိုက် ဖမ်းဆီးရာ ၁၃၀ ထိ ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခဲ့သူတို့ကို မင်းတပ်၊ ကန်ပက်လက်၊ ဟားခါး၊ တီးတိန်၊ ဖလမ်း၊ မကွေး၊ မြင်းခြံနှင့် ကသာထောင်များတွင် လူစုခွဲ၍ ချုပ်နှောင်ခဲ့သည်။ ဤသို့ ဖမ်းဆီးနှိပ်ကွပ်မှုကို အင်္ဂလိပ်အစိုးရ ဖုံးဖိထားသည်။

ဇလွန်မြို့နယ် ဒေါင့်ကြီး လူထုဟောပြောပွဲတွင် သခင်အောင်ဆန်းက ထုတ်ဖော်ဟောပြောချီးကျူးခဲ့သည်။ ထို့ကြောင့် ရာဇဝတ်ဝန် "ဇေးဗီးယား"က သခင်အောင်ဆန်းကို ဖမ်းဆီးနိုင်သူအား ဆုငွေ(၅)ကျပ်ပေးမည်ဟု သိက္ခာချဝရမ်းထုတ်ခဲ့သည်။ ဤဝရမ်းကြောင့် သခင်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်တို့သည် ဂျပန်နိုင်ငံသို့ ဆောလျင်စွာ တိတ်တဆိတ်ထွက်ခွာပြီး စစ်ပညာသင်ယူရသည့် နိုင်ငံရေးကွင်းဆက်ဖြစ်ပေါ်ခဲ့ရသည်။

**ငြိမ်းချမ်းရေးထိန်းသိမ်းမှုကော်မတီ**

မြန်မာနိုင်ငံသို့ ဂျပန်များဝင်ရောက်လာသောအခါ အကျဉ်းထောင်များကို လေယာဉ်ဖြင့် ဗုံးကြဲဖျက်ဆီးကြသည်။ ထိုစဉ် ထောင်ဖောက်ပြီး ထွက်လာသည့် ချင်းမျိုးချစ်ပုဂ္ဂိုလ်များသည် အင်္ဂလိပ်အစိုးကို စနစ်တကျတော်လှန်တိုက်ခိုက်ရန် ဦးဝမ္မသူးမောင်း၏ စည်းရုံးကွပ်ကဲမှုအောက်တွင် စည်းရုံးလှုပ်ရှားလာကြသည်။ နိုင်ငံရေးအရ စည်းရုံးလှုပ်ရှား ဒေသတစ်ခုလုံး အေးချမ်းငြိမ်သက်စွာ နေနိုင်ခဲ့ကြခြင်းဖြစ်ပေသည်။

ထို့နောက် ဦးဝမ္မသူးမောင်းအပါအဝင် ချင်းမျိုးချစ်ပုဂ္ဂိုလ်များသည် ဒို့ဗမာအစည်းအရုံးဝင် သခင်များအဖြစ် လည်းကောင်း၊ ဘီအိုင်အေ၊ ဘီဒီအေ၊ ဘီဒီအက်ဖ်၊ တပ်များသို့လည်းကောင်း တဖွဲဖွဲဝင်ရောက်လာကြကာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ နယ်ချဲ့အင်္ဂလိပ်တို့ကို အပြီးပိုင်မောင်းထုတ်ရေး၊ လွတ်လပ်ရေးအရယူရေးတို့အတွက် ရှေ့တန်းမှ ပါဝင်၍ ဆက်လက်လှုပ်ရှားခဲ့ကြသည်။

**ချင်း၊ ဗမာ ချစ်ကြည်ရေးညီလာခံနှင့် ကျောက်တိုင်**

၁၉၄၇ ခုနှစ် မတ် ၃ ရက်မှ ၅ ရက်အထိ ပခုက္ကူခရိုင် ထီးလင်းမြို့တွင် ကျင်းပခဲ့သော ချင်း၊ ဗမာချစ်ကြည်ရေး ညီလာခံတွင် ဦးဝမ္မသူးမောင်း၊ ဦးဇဟိုး၊ ဦးလျန်ကားရ်တို့ တက်ရောက်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်စား ဒီးဒုတ်ဦးဘချိုတက်ရောက်ကာ ချင်း၊ ဗမာ ချစ်ကြည်ရေးကျောက်တိုင်ကို ပန္နက်ချစိုက်ထူခဲ့ကြသည်။

ယခုအခါ ထီးလင်းမြို့ရှိ ချင်း၊ ဗမာ ချစ်ကြည်ရေးကျောက်တိုင်အား လာရောက်လေ့လာသူများ ဦးဝမ္မသူးမောင်း၏ ဆောင်ရွက်ခဲ့မှုမှတ်တမ်း၊ ဓာတ်ပုံများနှင့်အတူ လွယ်လင့်တကူ လေ့လာနိုင်ရန် ပြန်လည်ပြင်ဆင်ထားရှိပြီးဖြစ်သည်။

မင်းတပ်မြို့ ဦးဝမ္မသူးမောင်းပန်းခြံကိုလည်း အဆင့်မြှင့်မွမ်းမံဆောင်ရွက်ပြီးစီးပြီးဖြစ်ရာ အဆိုပါပန်းခြံတွင် ဦးဝမ္မသူးမောင်း ကြေးရုပ်တုကိုပါ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်ထိ ချင်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့် စည်ပင်ဝန်ကြီး ဦးစိုးထက်၏ ချင်းပြည်နယ် မင်းတပ်မြို့ခရီးစဉ်တွင် ထီးလင်းမြို့ ချင်း၊ ဗမာချစ်ကြည်ရေးကျောက်တိုင်၊ မင်းတပ်မြို့ ဦးဝမ္မသူးမောင်းပန်းခြံတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ဦးဝမ္မသူးမောင်းကြေးရုပ်တု တည်ဆောက်ရန် ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။

**တောင်တန်းသားများညီလာခံ**

၁၉၄၇ ခုနှစ် မတ်လ ၁၈ ရက်မှ ၂၀ ရက်အထိ ရှမ်းပြည်(တောင်ပိုင်း) ညောင်ရွှေမြို့တွင် ကျင်းပခဲ့သော တောင်တန်းသားများညီလာခံတွင် ဦးဝမ္မသူးမောင်း တက်ရောက်ခဲ့သည်။ ဦးဝမ္မသူးမောင်းသည် ထိုညီလာခံတွင် တောင်တန်း ပြည်မပူးပေါင်းကာ လွတ်လပ်ရေး အရယူရေးကို အလေးအနက်ထား ဆွေးနွေးခဲ့သည်။

**ချင်းတိုင်းရင်းသားများနှင့် ရီးဝီးလျှံ ကော်မရှင်နာ**

မေမြို့ (ပြင်ဦးလွင်)၌ ရုံးထိုင်သော နယ်ခြားဒေသစုံစမ်းရေး ရီးဝီးလျှံကော်မရှင်နာထံသို့ ၁၉၄၇ ခုနှစ် ဧပြီလတွင် ဦးဝမ္မသူးမောင်းနှင့် ဦးဝမ်းကိုဟော ခေါင်းဆောင်သော ချင်းတိုင်းရင်းသား ကိုယ်စားလှယ်များနှင့် နာဂတောင်တန်း၊ ခန္တီးခရိုင်၊ ချင်းကိုယ်စားလှယ်များ တက်ရောက်ကြပြီး အရေးဆိုခဲ့ကြသည်။

**တိုင်းပြုပြည်ပြုလွှတ်တော်မှ အခြေခံဥပဒေရေးဆွဲခြင်း**

၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သည်။ ဤဥပဒေရေးဆွဲရာတွင် ချင်းတိုင်းရင်းသား ကိုယ်စားလှယ်များဖြစ်ကြသော ဦးဝမ္မသူးမောင်း(မင်းတပ်)၊ ဦးဆာဝစ်(ဖလမ်း)၊ ဦးထပ်လှိုင်း(ပလက်ဝ)၊ ဦးငွန်တိုး(ဟားခါး)၊ ကပ္ပတိန်မန်တုံးနှူး(တီးတိန်)တို့ ပါဝင်ခဲ့ကြပါသည်။ ဦးဆာဝစ်မှာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာတွင်လည်း ပါဝင်ခဲ့ပြန်သည်။ သီရိပျံချီ ဦးထပ်လှိုင်းမှာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲစဉ် အကြံပေး ၃၃ ဦး အဖွဲ့တွင် ပါဝင်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင်လည်း ပလက်ဝမြို့နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်တိုင်းရင်းသားလူမျိုးများအစုအဖွဲ့အနေဖြင့် ပထမပိုင်းတွင် တက်ရောက်ခဲ့ပြီး နောက်ပိုင်းတွင် ကျန်းမာရေးအခြေအနေအရ အနားယူခဲ့သူတစ်ဦး ဖြစ်ပါသည်။

**ပထမဦးဆုံး ချင်းရေးရာဝန်ကြီးနှင့် ချင်းပြည်နယ်**

၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့ ဖဆပလ ပြင်ဆင်မှု ညီလာခံ၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဦးဝမ္မသူးမောင်း ခေါင်းဆောင်သော ချင်းတိုင်းရင်းသား ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပြီး ချင်းတောင်ကို ချင်းဝိသေသတိုင်းအဖြစ် ခေါ်ဆိုဖွဲ့စည်းရန် သတ်မှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ချင်းတောင်ဒေသသည် ချင်းဝိသေသတိုင်းဖြစ်လာခဲ့သည်။ ဦးဝမ္မသူးမောင်းမှာလည်း ပထမဦးဆုံး ချင်းရေးရာဝန်ကြီးဖြစ်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီခေတ်(၁၉၄၈၊ ၁၉၆၂) ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးခေတ်(၁၉၆၂၊၁၉၇၄)ထိတိုင် ချင်းဝိသေသတိုင်းအဖြစ် ရပ်တည်ခဲ့သည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း(၃) ပုဒ်မ(၁၀)(ခ)အရ ချင်းဝိသေသတိုင်းကို ချင်းပြည်နယ်ဟု သတ်မှတ်ခဲ့သဖြင့် ယနေ့တိုင် ချင်းပြည်နယ်အဖြစ် ရပ်တည်နေပါသည်။

**ဖလမ်းမြို့ ချင်းအမျိုးသားညီလာခံ**

လွတ်လပ်ရေးရပြီးသော်လည်း ချင်းဝိသေသတိုင်းတွင် နယ်ချဲ့လက်အောက်ခံ တိုက်သူကြီးအုပ်ချုပ်ရေးစနစ် ရှိနေသေးသည်။ ထိုစနစ်ကိုဖျက်သိမ်းရန် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်မှ ၂၂ ရက်အထိ အနယ်နယ်အရပ်ရပ်မှ ချင်းတိုင်းရင်းသား ကိုယ်စားလှယ်၅၀၀၀ ကျော်တက်ရောက်ခဲ့သည့် ချင်းအမျိုးသားညီလာခံကြီးကို ကျင်းပခဲ့သည်။

ဖေဖော်ဝါရီ ၂၀ ရက် ညီလာခံဒုတိယနေ့တွင် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် တိုက်သူကြီးအုပ်ချုပ်ရေးစနစ်ကို ပယ်ဖျက်ကာ အများဆန္ဒအရ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤညီလာခံတွင်ပင် ဦးဝမ္မသူးမောင်းနှင့် ချင်းမျိုးချစ်ပုဂ္ဂိုလ်များ၏ ချင်းအမျိုးသားအားလုံး သူ့ကျွန်ဘဝလွတ်မြောက်ရေးအတွက် တောင်တန်းပြည်မပူးပေါင်းကာ လွတ်လပ်ရေးအရယူရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ချင်းတို့၏ မျိုးချစ်စိတ်ဓာတ်ကို ဂုဏ်ပြုသည့်အနေဖြင့် "ချင်းအမျိုးသားနေ့" သတ်မှတ်သင့်ကြောင်းကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

၁၉၂၂ ခုနှစ်တွင် ချင်းရဲဘော်များ ပညာရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၀ ရက် ဒါဘာပွဲတွင် အင်္ဂလိပ်အစိုးရကို ဆန့်ကျင်ဆန္ဒပြခြင်း၊ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဖလမ်းလူထုအစည်းအဝေး၌ တိုက်သူကြီးအုပ်ချုပ်ရေးစနစ်ဖျက်သိမ်းခြင်း စသည့် သမိုင်းအစဉ်အလာကောင်းနေ့ရက်များကို အခြေခံပြီး ၁၉၅၀ ပြည့်နှစ် အောက်တိုဘာ ၉ ရက်တွင် ချင်းရေးရာကောင်စီက ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

ဤချင်းအမျိုးသားနေ့သည် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ ကိုလိုနီအမွေဟောင်း တိုက်သူကြီးအုပ်ချုပ်ရေးစနစ်ဖျက်သိမ်းရေးစသည်တို့နှင့်အတူ ပေါက်ဖွားခဲ့သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

ပထမအကြိမ် ချင်းအမျိုးသားနေ့ကို ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဦးဝမ္မသူးမောင်း မွေးဖွားခဲ့ရာဒေသကို ဂုဏ်ပြုသည့်အနေဖြင့် မင်းတပ်မြို့ မြို့မအားကစားကွင်းကြီးတွင် စတင်ကျင်းပခဲ့သည်။ နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်၏ သဝဏ်လွှာကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက ဖတ်ကြားခဲ့သည်။ ဝန်ကြီးများထဲမှ ကချင်ရေးရာဝန်ကြီး ဆမားဒူးဝါး ဆင်ဝါနော်က ၎င်း၏ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ထိုနေ့မှစ၍ ပြည်နယ်မြို့တော် ဟားခါးမြို့ရှိ အားကစားကွင်းနှင့် မင်းတပ်မြို့ မြို့မအားကစားကွင်းတို့ကို ဦးဝမ္မသူးမောင်းအား ဂုဏ်ပြုသည့်အနေဖြင့် "ဝမ္မသူးမောင်းအားကစားကွင်း"ဟု ခေါ်တွင်စေခဲ့သည်။

ဤသို့ ချင်းမျိုးချစ်ခေါင်းဆောင် ဦးဝမ္မသူးမောင်း၏ နယ်ချဲ့ဆန့်ကျင်ရေး ချင်းအမျိုးသားအားလုံး သူ့ကျွန်ဘဝလွတ်မြောက်ရေး၊ တောင်တန်းပြည်မ ပူးပေါင်း၍ လွတ်လပ်ရေးရသည်အထိ ဆက်တိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် မျိုးချစ်စိတ်ဓာတ်ပြင်းပြခဲ့မှုတို့ကို စံနမူနာယူပြီး စဉ်လာမပျက် မှတ်သားလိုက်နာနိုင်ရန် ချင်းရဲဘော်များက ရေးသားသည့် ချိုးချင်းရိုးရာ တေးကဗျာများကို "ချင်းတောင်ကင်းမောင်" က ဆီလျော်အောင် ဘာသာပြန်ရေးဖွဲ့ထားသော ကဗျာတစ်ပုဒ်ဖြင့် ဂုဏ်ပြုအပ်ပါသည်။

**ထိုနှစ်ယောက်**

**မြန်ပြည်အတွင်း၊ ရန်ပုံခွင်း၍**
**မင်းဗိုလ်အောင်ဆန်း၊ နာမည်လျှမ်းခဲ့။**
**ချင်းပြည်အတွက်၊ "မော်" ထိုးနှက်၍**
**ထန်းပက်မောင်းမှာ၊ ဂုဏ်ရောင်ဖြာခဲ့။**
**ကိုယ်ကျိုးမထောက်၊ ထိုနှစ်ယောက်၏**
**မှတ်လောက်စဉ်လာ၊ နမူနာကို**
**သစ္စာလေးချက်၊ တို့များရွက်၍**
**မပျက်လိုက်နာကြပါအံ့။**

မင်းတပ်ချင်း (ချိုးချင်း၊ မွင်းချင်း)တို့က အင်္ဂလိပ်ရန်သူကို "မော်"ဟုခေါ်ပါသည်။(ဤဆောင်းပါးဖြင့် ချင်းမျိုးချစ်ခေါင်းဆောင် ဦးဝမ္မသူးမောင်းအား ဂုဏ်ပြုအပ်ပါသည်။)

ချင်းမျိုးချစ်ခေါင်းဆောင် ဦးဝမ္မသူးမောင်း၏ နယ်ချဲ့ဆန့်ကျင်ရေး ချင်းအမျိုးသားအားလုံး သူ့ကျွန်ဘဝလွတ်မြောက်ရေး၊ တောင်တန်းပြည်မပူးပေါင်း၍ လွတ်လပ်ရေးရသည်အထိ ဆက်တိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် မျိုးချစ်စိတ်ဓာတ် ပြင်းပြခဲ့မှုတို့ကို စံနမူနာယူပြီး စဉ်လာမပျက် မှတ်သားလိုက်နာနိုင်ရန်

# ရွှေရောကမ်းခြေအပန်းဖြေစခန်းသစ်တွင် ပင်လယ်ပြင် အငွေ့အသက်များကိုခံစားရင်း အပန်းဖြေအနားယူနိုင်ကြမည်

**မော်ကျွန်းမြင့်အောင်**



ရောဝတီတိုင်းဒေသကြီးတွင် ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေစွာ သွားရောက်နိုင်သည့် ရွှေရောကမ်းခြေအပန်းဖြေစခန်းသစ်ကို ဘိုကလေးမြို့နယ် ရောကျေးရွာအုပ်စု ရောကျေးရွာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စတင်ဖွင့်လှစ်ခဲ့သည်။

**တိုက်ရိုက်သွားလာနိုင်**

ယင်းရွှေရောအပန်းဖြေစခန်းသစ်သည် ရောဝတီမြစ်လက်တက်၏ အဆုံးနေရာတွင် တည်ရှိပြီး ဘင်္ဂလားပင်လယ်အော်ပေါ်တွင် မေးတင်ထားသည်။ မော်လမြိုင်ကျွန်းမြို့နှင့် ဘိုကလေးမြို့တို့မှ တိုက်ရိုက်သွားလာနိုင်သည်။ မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံရေကျော်မြစ်ကူးတံတားမှ ကဒုံကနိကျေးရွာအထိ မိုင် ၄၀ နှင့် ကဒုံကနိကျေးရွာမှ ရောအပန်းဖြေစခန်းသစ်သို့ ခုနစ်မိုင် ကွာဝေးသည်။ ကဒုံကနိ-ရောအလွန် နှစ်မိုင်အထိ ဂဝံကျောက်ချောလမ်းခင်းပြီး ဖြစ်သည်။ လမ်းအကျယ်မှာ ၁၅ ပေရှိသည်။ မော်လမြိုင် ကျွန်းနှင့် ဘိုကလေးမြို့တို့မှ မော်တော်ကားဖြင့် သွားလျှင် နှစ်နာရီခွဲခန့်သာ သွားရသည်။

အဆိုပါ ရွှေရောကမ်းခြေ အပန်းဖြေစခန်းသစ်သည် ဘင်္ဂလားပင်လယ်အော်၏အဝတွင် တည်ရှိသဖြင့် ပင်လယ်ပြင်အငွေ့အသက် ရှူခင်းရှုကွက်နှင့် သန့်ရှင်းသောလေအေးများ၏ အရသာကိုခံစားရမည်။ ရေတိမ်သောင်ပြန့်ပေ ၁၀၀၀ ကျော်ရှိသဖြင့် ရေကစားသူများအတွက် အန္တရာယ်မရှိဘဲ ဘေးကင်းလုံခြုံမှုရှိသည်။ ပင်လယ်စာမျိုးစုံတို့ကို သန့်ရှင်းလတ်ဆတ်စွာစားသုံးနိုင်ပြီး ပင်လယ်အမှတ်တရလက်ဆောင်ပစ္စည်းများလည်း ဝယ်ယူနိုင်ကြသည်။ အုန်းစိမ်းရည်ချိုချိုလေးကိုလည်း အချိန်မရွေးသောက်သုံးနိုင်သည်။ ပင်လယ်ကမ်းစပ်တွင် ရောင်စုံရွှေခရုများကိုလည်း တပျော်တပါးကောက်ယူနိုင်ကြသည်။ ရွှေရောကမ်းခြေမှာ သုံးမိုင်ကျော် ရှည်လျားသဖြင့် လမ်းလျှောက်အပန်းဖြေသူများအတွက် လေကောင်းလေသန့်ရရှိသည်။ ဘန်ဂလိုများတွင် တည်းခိုလိုသူများအတွက် ကမ်းခြေနှင့်မျက်နှာချင်းဆိုင်တွင် ဘန်ဂလိုအဆောက်အအုံ ၁၀ လုံး၊ ကမ်းခြေဥယျာဉ်အတွင်း ဘန်ဂလိုအဆောက်အအုံ ၁၀ လုံးနှင့် ငါးခန်းတွဲအဆောင် တစ်ဆောင်ရှိသဖြင့် ပြည်တွင်း ပြည်ပခရီးသွား ၁၀၀ ကျော် စိတ်ချမ်းမြေ့စွာ ညအိပ်တည်းခိုနေနိုင်မည်ဖြစ်သည်။

**လာရောက်အပန်းဖြေ**

ရွှေရောကမ်းခြေစခန်းသစ်သို့ သီတင်းကျွတ်ကျောင်းပိတ်ရက်၊ ဒီဇင်ဘာကျောင်းပိတ်ရက်နှင့် သင်္ကြန်ပွဲတော်ရက်များအတွင်း အနယ်နယ်အရပ်ရပ်မှ ခရီးသွားများလာရောက်အပန်းဖြေကြသဖြင့် အထူးစည်ကားလှသည်။ စနေနှင့် တနင်္ဂနွေရုံးပိတ်ရက်များတွင်လည်း မိသားစုလိုက်၊ အဖွဲ့အစည်းလိုက် လာရောက်အပန်းဖြေသူများရှိသည်။ လက်ရှိလမ်းမှာ ဂဝံကျောက်ချောလမ်းဖြစ်သဖြင့် ခရီးသွားလာမှု ပိုမိုအဆင့်မြှင့်တင်နိုင်ရေးအတွက် ဂဝံကျောက်ချောလမ်းမှ ကွန်ကရစ်ကတ္တရာလမ်းအဖြစ်သို့ တိုးမြှင့်ပေးရန်လည်း ပြည်တွင်း ပြည်ပခရီးသွားများက ဆန္ဒရှိကြသည်။

အထူးကဏ္ဍစာမျက်နှာ ခ သို့ »»

# ရခိုင်ရိုးရာမုန့် ကောက်ညှင်း တင်းဝါး

**အောင်ကြည်မိုး(စစ်တွေ)**





တင်းဝါးအတွင်း ကောက်ညှင်းဆန်ထည့်၍ မီးဖုတ်စားရသောမုန့်ကို ရခိုင်တိုင်းရင်းသားများက ကောက်ညှင်းကျည်တောက်ဟုခေါ်ဆိုကြသည်။ ကောက်ညှင်းတင်းဝါး(ခ)ကောက်ညှင်းကျည်တောက်သည် ရခိုင်ဒေသရှိပွဲဈေးတန်းများ၌ သရေစာမုန့်တစ်ခုအဖြစ် အရောင်းရဆုံးအဖြစ် ရှိနေသည်။ ရပ်ရွာများ၌ တရားပွဲလမ်းသဘင် ကျင်းပကြရာတွင်လည်း အာဟာရဒါနအဖြစ် ကောက်ညှင်းတင်းဝါးကို ကျွေးမွေးကြသည်။ ရခိုင်ဒေသ ကျေးလက်များ၌ သီတင်းကျွတ်လပြည့်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့တို့တွင် ကောက်ညှင်းတင်းဝါးကို ပုံသကူအစားအစာအဖြစ် လမ်းမများပေါ်၌ ချထားတတ်သလို နိဗ္ဗာန်ဈေးများတွင်လည်း ကောက်ညှင်းတင်းဝါးကို မုန့်အဖြစ် ကျွေးမွေးလှူဒါန်းကြသည်။

ကောက်ညှင်းတင်းဝါး ပြုလုပ်ရာတွင် အခြားဝါးအမျိုးအစားကို အသုံးပြု၍မရဘဲ တင်းဝါးကိုသာ အသုံးပြုကြရသည်။ တင်းဝါးသည် မီးအချိန်အကြာအဖုတ်ခံ၍ ဖြစ်သည်။ တင်းဝါးကို အသုံးပြုရာတွင် မီးအဖုတ်ခံနိုင်အောင် တင်းဝါးအနုကို အသုံးမပြုကြဘဲ တင်းဝါးအရင့်ကိုသာ အသုံးပြုကြရသည်။

တင်းဝါးအတွင်း ကောက်ညှင်းဆန်ထည့်၍ မီးဖုတ်စားရသောမုန့်ကို ရခိုင်တိုင်းရင်းသားများက ကောက်ညှင်းကျည်တောက်ဟု ခေါ်ဆိုကြသည်။ ကောက်ညှင်းတင်းဝါး(ခ)ကောက်ညှင်းကျည်တောက်သည် ရခိုင်ဒေသရှိ ပွဲဈေးတန်းများ၌ သရေစာမုန့်တစ်ခုအဖြစ် အရောင်းရဆုံးအဖြစ် ရှိနေသည်။

တင်းဝါးပြုလုပ်ရန် ကောက်ညှင်းဆန်ကို အချိန်အနည်းငယ် ရေစိမ်ထားရသည်။ တင်းဝါးကို တစ်တောင်နီးပါးခန့်အရှည် ဓားဖြင့် ပိုင်းရသည်။ တင်းဝါးကို ဓားဖြင့်ခုတ်ပိုင်းပြီးနောက် ရေစိမ်ထားသော ကောက်ညှင်းဆန်ကို တင်းဝါးအတွင်း ထည့်ရသည်။ ကောက်ညှင်းဆန်ထွက်မကျစေရန် တင်းဝါးအတွင်း အဆို့(အဖုံး)ထည့်ရလွယ်ကူအောင် တင်းဝါးကို အချွန်ပြုလုပ်ရသည်။ ကောက်ညှင်းဆန်ကို တင်းဝါးအတွင်းထည့်ရာတွင် အပြည့်မထည့်ရဘဲ ရေထည့်ရန် လက်နှစ်ဆစ်နီးပါးချန်ထားရသည်။ တချို့မှာ ကောက်ညှင်းဆန်နှင့်ရော၍ အုန်းသီးကို ပါးပါးလှီးပြီးထည့်ကြသည်။ တင်းဝါးအတွင်း ကောက်ညှင်းဆန်ထည့်ရာတွင် တင်းဝါးကို လှုပ်ပေးရသည်။ တင်းဝါးအတွင်း ကောက်ညှင်းဆန်အများ ဝင်ဆံ့ရန်နှင့် တစ်စေ့နှင့်တစ်စေ့ပူးကပ်ရှိနေနိုင်ရန် ဖြစ်သည်။ ကောက်ညှင်းဆန်၊ အုန်းသီး၊ ရေစသည်တို့ ထည့်ပြီးနောက် တင်းဝါးအတွင်းမှ ထွက်မကျစေရန် တင်းဝါးအပေါက်ကို အုန်းသီးအဆန်ဖြင့် ပိတ်ရသည်။ ညောင်ရွက်၊ သရက်ရွက် အစရှိသည့် သစ်ရွက်များကိုလည်း တင်းဝါးအဖုံးအဖြစ် အသုံးပြုတတ်ကြသည်။

ရခိုင်ဒေသ၌ တင်းဝါး(ခ)ကောက်ညှင်းကျည်တောက် ပြုလုပ်ရာတွင် တချို့က မီးဖုတ်သလို တချို့ကလည်း မီးရဲရဲဖြင့်ကင်၍ စားတတ်ကြသည်။ ပွဲဈေးတန်းများ၌ တင်းဝါးအကြီးဖြင့် ပြုလုပ်သော တင်းဝါးကို ခွဲခြမ်းစိတ်၍ ရောင်းသော်လည်း တင်းဝါးအသေးဖြင့် ပြုလုပ်ထားသော တင်းဝါးကို မခွဲခြမ်းဘဲရောင်းကြသည်။ ရခိုင်ဒေသရှိ သင်္ဘောဆိပ်၊ ကားဂိတ်များ၌ တင်းဝါးအသေးများကို ကြိုးဖြင့်စည်း၍ ရောင်းချကြသည်။ ပေါက်တောမြို့မှ တင်းဝါး(ခ)ကောက်ညှင်းကျည်းတောက်သည် ရခိုင်ပြည်နယ်၌ လူကြိုက်အများဆုံးဖြစ်ပြီး ကောက်ညှင်းတင်းဝါးကို ရခိုင်ရိုးရာမုန့်တစ်ခုအဖြစ် စားသုံးလျက်ရှိနေကြပါကြောင်း တင်ပြလိုက်ရပါသည်။ ။